The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်၊ စနေနေ့။ Saturday 7 July 2018 ၉၃၄၀

# ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲ တက်ရောက်

## တရားမဝင်ကုန်သွယ်မှုများကို တားဆီးထိန်းချုပ်နိုင်ရေးအတွက် ရေပူနှင့်မရမ်းချောင် ကုန်ပစ္စည်းစစ်ဆေးရေးစခန်းများတွင်သာမက နယ်စပ်ဒေသနှင့် ထိစပ်လျက်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အထူးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိဟု ပြောကြား

ရန်ကုန် ဇူလိုင် ၆

**ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၏ (၁၈)ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။** (အောက်ပုံ)



**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ထူး၊ ဦးဝင်းမော်ထွန်းနှင့် ဦးမောင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ လုပ်ငန်းကော်မတီ(၅)ရပ်မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်း၊ မကွေးတိုင်းဒေသကြီး ကုန်သည်များနှင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်ဝန်ဆောင်မှု ပိုမိုပေးနိုင်ရန် အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၁၁ လိုင်းအား T-1 သို့ ပြောင်းရွှေ့သွားမည်



Terminal-2 အတွင်း Luggage Conveyor Belt များ ထပ်မံဖြည့်တင်းထားမှုကို တွေ့ရစဉ်။

**ရန်ကုန် ဇူလိုင် ၆**

ခရီးသွားဧည့်သည်များအား ပိုမိုကောင်းမွန်သော နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal 2(T-2)မှ လေကြောင်းလိုင်း ၁၁ လိုင်းအား Terminal 1(T-1) သို့ အဆင့်ဆင့်ပြောင်းရွှေ့သွားမည်ဖြစ်ပြီး Terminal 1 နှင့် Terminal 2 ချိတ်ဆက်ခြင်းကိုလည်း ယခုသီတင်းပတ်အတွင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍**

**ထစ်ချုန်းမိုး** (၇-၇-၂၀၁၈)

**နေပြည်တော်**

မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

## လူငယ်ဘောလုံးအသင်းဝင်များ လိုက်ဂျပြင်ပသို့ ထွက်လာနိုင်ရေးအတွက် ဒိုးပျံပုံစံဓာတ်လှေကားစနစ်ဖြင့် ကယ်ထုတ်မည်

စာမျက်နှာ ›› ၁၁



# ကြေးမုံ

## ယုံကြည်ချက်ဖြင့် သဘောတူညီမှုယူ

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကို ဇူလိုင်လ ၁၁ ရက်မှ ၁၆ ရက်နေ့အထိ ကျင်းပမည်ဖြစ်သည်။ အစည်းအဝေးကြီး မကျင်းပမီ ကဏ္ဍအလိုက် လုပ်ငန်းကော်မတီအစည်းအဝေးများကို ဇူလိုင်လ ၄ ရက်နေ့မှ ၆ ရက်နေ့အထိ သုံးရက်ကြာ ကျင်းပလျက်ရှိရာ အစည်းအဝေးကြီးသို့ တင်ပြမည့်အချက်များအား ဆွေးနွေးညှိနှိုင်း အဖြေရှာလျက်ရှိသည်။

ဆွေးနွေးပွဲများတွင် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာကဏ္ဍများကို ဆွေးနွေးညှိနှိုင်းအဖြေရှာလျက်ရှိသည်။ ညီလာခံအတွက် နိုင်ငံရေးကဏ္ဍ၌ သဘောတူညီမှု နည်းဦးမည်ဖြစ်သော်လည်း ကျန်ကဏ္ဍများတွင် သဘောတူညီမှုများရရှိအောင် ဆွေးနွေးညှိနှိုင်းနေပြီး အလားအလာကောင်းများကို မြင်တွေ့နေရသည်။

စီးပွားရေးကဏ္ဍတွင် ယခင်အစည်းအဝေး၌ တင်ခဲ့သည့် အချက် ၃၇ ချက်အနက် အချက် ၁၁ ချက်ကို ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)အဖြစ် တင်သွင်းနိုင်ခဲ့သည်။ ဆက်လက်၍ ယခုအစည်းအဝေးတွင် ကျန်ရှိသည့်အချက်များကို တင်သွင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကဏ္ဍအလိုက် ဆွေးနွေးညှိနှိုင်းကြရာတွင် စီးပွားရေး၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍများမှာ အလားအလာကောင်းများရှိနေပြီး လူမှုရေးကဏ္ဍတွင် သဘောတူညီပြီးအချက် ခြောက်ချက်ရှိသည်။

အထူးသဖြင့် နိုင်ငံရေးကဏ္ဍနှင့်ပတ်သက်၍ အကြိတ်အနယ် ဆွေးနွေးညှိနှိုင်းနေကြောင်း သိရသည်။ နိုင်ငံရေးကဏ္ဍနှင့်ပတ်သက်၍ UPDJC တွင် ခေါင်းစဉ် နှစ်ခုတင်ထားခဲ့ပြီး ထိုခေါင်းစဉ်အပေါ်တွင်သာ ဆွေးနွေးနေဆဲဖြစ်၍ သဘောတူညီမှု နည်းနေသေးခြင်းဖြစ်သည်။ ထိုခေါင်းစဉ်နှစ်ခုမှာ တိုင်းရင်းသား လူနည်းစုအခွင့်အရေး၊ ဒီမိုကရေစီ လူ့အခွင့်အရေးနှင့် ကျား၊ မ တန်းတူရေးတို့ဖြစ်သည်။

တိုင်းရင်းသားလူနည်းစုအရေးအနေဖြင့် ကဏ္ဍအလိုက်ခေါင်းစဉ်တွင် ပါဝင်သဖြင့် ဆွေးနွေးနေခြင်းဖြစ်ပြီး အဓိပ္ပာယ်ဖွင့်ဆိုချက်များတွင် အချေအတင်ဆွေးနွေးကြသည်မှာ လူနည်းစုအရေးဖြစ်၍ မိမိတို့အရေးကို ဦးစားပေးဆွေးနွေးခြင်းဖြစ်တန်သည်။ တကယ်တမ်းတွင် ငြိမ်းချမ်းရေးညီလာခံ၏ ကနဦး ဦးတည်ချက်မှာ ဖက်ဒရယ်မူဘောင်ဖြစ်သည်။ ဖက်ဒရယ်မူဘောင်များမှာ ဆောင်ရွက်နေဆဲဖြစ်ပြီး ပြီးပြတ်ခြင်း မရှိသေးချေ။ ဒီမိုကရေစီ အခြေခံမူများ ကျန်ရှိနေသေးသည်။ ထို့ကြောင့် ဒီမိုကရေစီအခွင့်အရေး၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများနှင့် ပတ်သက်သည့် ရလဒ်များ မပေါ်ထွက်သေးခြင်းဖြစ်သည်။ နိုင်ငံရေးကဏ္ဍအတွက် ကျား၊ မ တန်းတူအခွင့်အရေးများနှင့်ပတ်သက်၍ သဘောတူညီမှုရရှိအောင် ဆွေးနွေးကြမည်ဟု သိရသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် NCA သည် အရေးကြီးသော ငြိမ်းချမ်းရေး မဟာဗျူဟာဖြစ်သလို ကဏ္ဍအလိုက် သဘောတူညီချက်များသည်လည်း ပြည်ထောင်စုကြီးအတွက် အရေးပါသော လုပ်ငန်းစဉ်များဖြစ်သည်။ အားလုံးကို ညှိနှိုင်းဆွေးနွေး အဖြေရှာခြင်းဖြင့် ရယူကြမည်ဖြစ်သည်။ စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ အပြုသဘောဆောင်ခြင်း၊ ယုံကြည်ခြင်းတို့ဖြင့် တည်ဆောက်ကြရမည်ဖြစ်သည်။ ယခုအခါ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကြီး ကျင်းပရန် အကြိုရက်ပိုင်းအတွင်း ကဏ္ဍအလိုက် ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာ ရလဒ်ကောင်းများ မြင်တွေ့နေရပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူများအတွက် ပိုမိုကောင်းမွန်သော အနာဂတ်ကို ပုံဖော်မည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တစ်ဆင့်ပြီး တစ်ဆင့် အကောင်အထည်ဖော်နေပြီဖြစ်ရာ ယုံကြည်ချက်ဖြင့် သဘောတူညီမှုများကို ရယူကြလိမ့်မည်ဟု ကြေးမုံက အလေးအနက် ယုံကြည်ပါသည်။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

## ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဂျပန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Ichiro MARUYAMA နှင့် အဖွဲ့အား ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် အလုပ်သင် အလုပ်သမားစေလွှတ်ရေး၊ မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် အဖွဲ့ဝင်အေဂျင်စီများကို နှစ်နိုင်ငံ သဘောတူလက်မှတ်ရေးထိုးထားသည့် သဘောတူညီချက်များအတိုင်း ဥပဒေနှင့်အညီ စနစ်တကျ အမြန်ဆုံးအဆင်ပြေ ချောမွေ့စွာစေလွှတ်နိုင်ရေး၊ ဂျပန်နိုင်ငံမှ မြန်မာ အလုပ်သင် အလုပ်သမားများအား အမြန်ဆုံးခေါ်ယူနိုင်ရေး၊ ပြည်နယ် တည်ငြိမ်အေးချမ်းမှု အခြေအနေများနှင့် ပြန်လည် ရခိုင်လက်ခံရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



## (၁၅)ကြိမ်မြောက် ထူးချွန်မြန်မာအမျိုးသမီးများ ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၆**

(၁၅)ကြိမ်မြောက် ထူးချွန်မြန်မာအမျိုးသမီးများ ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစိုးအောင်က ကော်မတီအနေဖြင့် အမျိုးသမီးရေးရာကိစ္စရပ်များကို ဆောင်ရွက်နေသော သက်ဆိုင်ရာအစိုးရဌာနများအပြင် လူမှုရေးအဖွဲ့အစည်းများဖြစ်သည့် ရင်ခွင်မဲ့ကလေးများ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းကဲ့သို့သော လူမှုရေးအဖွဲ့အစည်း ခုနစ်ဖွဲ့မှ ကိုယ်စားလှယ်များကိုလည်း ထည့်သွင်းဖွဲ့စည်းထားကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်က ထူးချွန်အမျိုးသမီးများဆု၊ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်အကောင်းဆုံးဆုများနှင့် အာဆီယံအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်ဆုရ အမျိုးသမီးများအား ဂုဏ်ပြုဆုတံဆိပ်များပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇူလိုင် ၆**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၃၉၀၀၀ | - | ၉၃၉၀၀၀ |
| မန္တလေး(ရွှေဈေး) | ၉၃၉၀၀၀ | - | ၉၃၉၀၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၀/၉၁၅ ကျပ်၊ | ၉၄၅/၉၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၅/၉၄၀ ကျပ်၊ | ၉၈၅/၁၀၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၆၅/၈၉၀ ကျပ်၊ | ၉၃၅/၉၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၅/၉၃၀ ကျပ်၊ | ၉၅၅/၉၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၇၅/၈၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၈၅/၈၉၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၁၅/၈၂၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၉၈. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၃၄. ၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၀. ၆၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂. ၁၂၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၅. ၇၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၂၉၆ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၆၃. ၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄. ၈၆ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၃. ၂ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၂၄. ၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

### ပြည့်ချစ်သူများသို့

❖ ဦးဆံဖြေကျ၊ ဖားလျားကျလျက်
ရင်ဝစုံတီး၊ သောကမီးနှင့်
ရှိုက်ကြီးတငင်၊ ဖြေမရှင်ခဲ့
ချစ်ခင်သူများ၊ ဘဝခြားပြီ
အားလုံးမျက်ရည်ယိုသတည်း။

❖ အငုံလျှလျှ၊ ပန်းကြွေကြ၏
မြဆင်းသစ်ရွက်၊ ရော်သို့ဖက်၍
ထွက်သောသည်နေ၊ ပုန်းကွယ်ချေပြီ
စီးရေတန့်ငြား၊ မလှုပ်ရှားပါ
မိုးကားသည်းစွာငိုသတည်း။

❖ ဥသြနှုတ်ဆိတ်၊ ချိုးဖြူတိတ်လျက်
ကြိတ်ကြိတ်ငိုကြွေး၊ ငှက်ကလေးများ
တေးလည်းမသီ၊ စာမချီပြီ
ကိုယ်စီခံစား၊ သောကပွား၍
ကျီးများအုတ်အာပြုသတည်း။

❖ သွေးနှင့်မျက်ရည်၊ စုပေါင်းတည်သည့်
ဖြေဆည်မနိုင်၊ လွမ်းမိုးဖြိုင်သော
ဇူလိုင်ဆယ့်ကိုး၊ ကမ္ဘည်းထိုးပြီး
တစ်မျိုးသားလုံး၊ ညှိုးပန်းကုံး၍
နောက်ဆုံးဦးညွှတ်ပါသတည်း။

ကိုလေး(အင်းဝဂုဏ်ရည်)

(၇၁) နှစ်မြောက် အာဇာနည်နေ့အကြို ကဗျာ။

ကြေးမုံ

**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးထား

တိုင်းပြည်တစ်ပြည်ထူထောင်တာဟာ ဘယ်လောက်ခက်ခဲတယ်၊ အတက်အကျ လောကဓံအမျိုးမျိုးကို တွေ့ရတယ်ဆိုတာ ကမ္ဘာ့ရာဇဝင်သိတဲ့လူတိုင်းတော့ ဆင်ခြင်နိုင်ကြမှာပဲ။ ဒါကြောင့် အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးနဲ့ စိတ်မပျက် လက်မပျက်ဘဲ ရသမျှအခွင့်အရေးကို ရတုန်း မိမိရရ ယူကြရလိမ့်မယ်။ ဒါမှသာ ကျုပ်တို့ မြန်မာပြည်ကြီး ကျုပ်တို့ ချစ်ရာရောက်မယ်။ ကျုပ်တို့ မြန်မာပြည် ထူထောင်နိုင်မယ်။

(ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၄ ခုနှစ် နိုဝင်ဘာလအတွင်း တိုင်းပြည်သို့ အသံလွှင့်ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



☆ ရွှေဖုံးမှ

စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ လက်မှုအနုပညာအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပုဂ္ဂလိကဖွံ့ဖြိုးမှုအလေးထား**

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်ပါ ကိစ္စရပ်များ ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်အတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည့်အတွက် သက်တမ်းတစ်နှစ်ခွဲကျော် ရှိပြီဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက ပြည်သူများ၏ လူမှုစီးပွားတိုးတက်ရေးအတွက်ပါ အဓိကကျသည့်အတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မူဘောင်ပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန်အတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစည်းအဝေးကို နှစ်လ တစ်ကြိမ် ကျင်းပလျက်ရှိရာ ခုနစ်ကြိမ်မြောက်အထိ ကျင်းပခဲ့ပြီး ဖြစ်ပါကြောင်း။

**တရားမဝင်ကုန်သွယ်မှုများ တားဆီးထိန်းချုပ်**

နယ်စပ်မှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်လာမှုကြောင့် ပြည်တွင်း အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ရပ်တည်ရန်ခက်ခဲခြင်း၊ တရားမဝင်ကုန်ပစ္စည်းများသည် နိုင်ငံတော်သို့ အခွန်ပေးဆောင်ခြင်း မရှိသည့်အတွက် ပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့် နည်းပညာနှင့် စျေးကွက်ယှဉ်ပြိုင်မှု အခက်အခဲဖြစ်ပေါ်နေခြင်းတို့ကြောင့် တရားမဝင်ကုန်သွယ်မှုများကို တားဆီးထိန်းချုပ်နိုင်ရေးအတွက် ရေပူနှင့် မရမ်းချောင်ကုန်ပစ္စည်း စစ်ဆေးရေးစခန်းများတွင်သာမက နယ်စပ်ဒေသနှင့် ထိစပ်လျက်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အထူးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ အစုအဖွဲ့အလိုက်၊ လုပ်ငန်းကဏ္ဍများအလိုက် အခက်အခဲများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ဖြေရှင်းပေးလျက်ရှိရာ ပြီးခဲ့သည့် မေလအထိ တွေ့ဆုံဆွေးနွေးမှု အကြိမ်ပေါင်း ၁၇ ကြိမ် ဆောင်ရွက်ခဲ့ပြီး အကြံပြုတင်ပြချက် စုစုပေါင်း ၂၅၀ ရှိခဲ့ပါကြောင်း၊ အဆိုပါ အချက်များအားလုံးကို သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များထံသို့ အကြောင်းပြန်ကြားပေးပြီး ဖြစ်ပါကြောင်း။

အချို့ကိစ္စရပ်များသည် မပြီးပြတ်သေးဘဲ ဆက်လက်ဖြေရှင်းဆောင်ရွက်ပေးရမည့် လုပ်ငန်းများဖြစ်နေသည့်အတွက် လုပ်ငန်းကော်မတီ ငါးရပ်အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ တွေ့ဆုံပြီး ဆွေးနွေးပွဲ (Public - Private Dialogue) များကို ပြုလုပ်၍ ပြီးပြတ်သည်အထိ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း



ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း

**ပိုမိုတိုးတက်ဆောင်ရွက်**

ပြည်ပကုန်သွယ်မှုအခြေအနေကိုကြည့်လျှင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၅၂ ဘီလီယံအထိ ဆောင်ရွက်နိုင်ခဲ့ပြီး ပုဂ္ဂလိက ကဏ္ဍအနေဖြင့် အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၂၄ ဘီလီယံရှိပြီး ရာခိုင်နှုန်းအားဖြင့် ၈၁ ရာခိုင်နှုန်းအထိ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၁၈ ခုနှစ် ဇွန်လ ၂၂ ရက်နေ့အထိ ကိန်းဂဏန်းများအရ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၇ ဒသမ ၉၈၃ ဘီလီယံအထိ ရရှိခဲ့ပြီး ယခင်နှစ် အလားတူကာလထက် အမေရိကန်ဒေါ်လာ ၉၇၇ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်မှုအနေဖြင့် ပုဂ္ဂလိကကဏ္ဍမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၂၄ ဘီလီယံ ပါဝင်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၈၇ ရာခိုင်နှုန်းအထိ ပိုမိုတိုးတက်ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါကြောင်း။

စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူမှုရှိ၊ မရှိကို ကမ္ဘာ့ဘဏ်က နှစ်စဉ်ထုတ်ပြန်သည့် Ease of Doing Business အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ အဆင့်တိုးတက်လာအောင် ဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့အနေဖြင့် ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများနှင့် ပေါင်းစပ်၍ ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို တွေ့ရှိရသဖြင့် ယခင်ကထက် အမှတ်ကောင်းလာနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မေးမြန်းသည်များကို ဌာနဆိုင်ရာအပိုင်းနှင့် ပုဂ္ဂလိကအပိုင်းတို့အနေဖြင့် စိတ်ရှည်စွာဖြင့် စနစ်တကျ ဖြေကြားကြရန် လိုအပ်ပါကြောင်း။

ယနေ့ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမည့် အသင်းအဖွဲ့များအနေဖြင့် မိမိတို့အသင်းအဖွဲ့များ၏ တွေ့ကြုံနေရသော အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန် လိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်မွေးပညာသင်တန်းကျောင်းများ ဖွင့်လှစ်ဆောင်ရွက်သွားမည့်အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးမျိုးမင်းအောင်၊ မကွေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိန်အေးမောင်နှင့် မြန်မာနိုင်ငံ လက်မှုအနုပညာအသင်းဥက္ကဋ္ဌ ဦးသာစုတို့က သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ကြုံတွေ့နေရသည့် အခက်အခဲများအပေါ် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးဝေဖြိုးက B4B Insights Forum မှ အကြံပြုချက်နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်က အခွန်၊အကောက်ခွန်နှင့် စံချိန်စံညွှန်းပိုင်းဆိုင်ရာများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဇော်မိုးခိုင်က ဆေးနှင့်ဆေးပစ္စည်းများ တင်သွင်းမှုအခြေအနေနှင့် စပ်လျဉ်း၍လည်းကောင်း အကြံပြုတင်ပြကြသည်။

အကြံပြုတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

---

○ ရန်ကုန်မှ

ထိုသို့ပြောင်းရွှေ့ရာတွင် Biman Bangladesh Airlines ကို ဇူလိုင် ၇ ရက်တွင် စတင်ပြောင်းရွှေ့မည်ဖြစ်ပြီး ယင်း၏ BG060/061 လေယာဉ်ခရီးစဉ်များကို Check-in-area ရှိ Row C ၊ Counter အမှတ် ၁၁-၁၃ သို့ ပြောင်းရွှေ့ဆောင်ရွက်သွားမည်ဖြစ်ကာ Air Asia၊ China Airlines၊ Jetstar Asia၊ Malaysia Airlines၊ Myanmar National Airlines၊ Nok Air ၊ Qatar Airways၊ Thai Airways International၊ Thai Smile Airlines နှင့် Viet Jet Air လေကြောင်းလိုင်းများအား ပြောင်းရွှေ့ခြင်းကို ယခုလအတွင်း အပြီးသတ်ဆောင်ရွက်နိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

Terminal 1 နှင့် Terminal 2 တို့ကို ချိတ်ဆက်ရာတွင် Check-in counter များနှင့် luggage conveyor belt များ ထပ်မံဖြည့်တင်းထားခြင်းကြောင့် နိုင်ငံတကာခရီးစဉ်များတွင် စီးနင်းလိုက်ပါကြမည့်ခရီးသည်များအတွက် ပိုမိုအဆင်ပြေချောမွေ့မှုရှိစေပြီး အချိန်ကုန်သက်သာစေမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့လေကြောင်းလိုင်းများ ပြောင်းရွှေ့သည့်ကာလအတွင်း လိုအပ်သော သတင်းအချက်အလက်များကို ခရီးသည်များ အချိန်နှင့်တစ်ပြေးညီ သိရှိစေရန်အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ သတင်းထုတ်ပြန်ချက်များ ပြုလုပ်ပေးသွားမည်ဖြစ်ပြီး ခရီးသည်များ သွားရောက်လိုသည့် Terminal များသို့ မှန်ကန်လွယ်ကူစွာ သွားရောက်နိုင်စေရေးအတွက် Terminal 1 နှင့် Terminal 2 တို့တွင် လမ်းညွှန်မှုပေးမည့် ဝန်ထမ်းများကို ထပ်မံဖြည့်တင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းမှစတင်၍ မြန်မာနိုင်ငံသို့ အလည်အပတ် လာရောက်ကြသော ခရီးသွားဦးရေသည် ပုံမှန်တိုးတက်လျက်ရှိနေပြီး ရေရှည်ကာလတွင် မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းမှာ တိုးတက်မှုများ ကြုံတွေ့လာနိုင်သည့်အားလျော်စွာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အနေဖြင့် တစ်နှစ်လျှင် ခရီးသည်အရေအတွက် သန်း ၂၀ ကို ဝန်ဆောင်မှုပေးနိုင်ရန်၊ ခရီးသည်များနှင့် လေကြောင်းလိုင်းများအတွက် အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း ယခုစီမံကိန်းကို အကောင်အထည်ဖော်လုပ်ဆောင်နေသည့် Yangon Aerodrome Company Limited(YACL)၏ ထုတ်ပြန်ချက်များအရ သိရသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံနေထိုင်ရာ အိန္ဒိယနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ကြားတွင် မဟာဗျူဟာမြောက်စွာတည်ရှိနေပြီး အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၂၈ လိုင်းနှင့် အပြည်ပြည်ဆိုင်ရာခရီးစဉ် ၂၆ ခုကို ဝန်ဆောင်မှုပေးလျက်ရှိကာ ၂၀၁၇ ခုနှစ်အတွင်း ခရီးသည်စုစုပေါင်း ၅ ဒသမ ၉၂ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ကြောင်း အဆိုပါကုမ္ပဏီ၏ ထုတ်ပြန်ချက်များအရ သိရသည်။

**ဟိန်းထက်လင်း(ကြေးမုံ)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ရုရှားသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Dr. Nikolay Listopadov အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဘက်မလိုက်ဘဲ တရားမျှတစွာဆောင်ရွက်မှု၊ ရွေးကောက်ပွဲကန့်ကွက်လွှာများအား စစ်ဆေးဆောင်ရွက်ခြင်း၊ နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းစသည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ခဲ့ကြပြီး မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲလုပ်ငန်းများတွင် ရုရှားနိုင်ငံအနေဖြင့် ပူးပေါင်းကူညီဆောင်ရွက်နိုင်မည့် ကိစ္စများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်တွင် ခေတ်မီရုပ်ရှင်စတူဒီယိုများ တည်ဆောက်နိုင်ရေးမှတ်တမ်းရုပ်ရှင်ပြသ ရှင်းလင်းပွဲကျင်းပ





**ရန်ကုန် ဇူလိုင် ၆**

မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုစေရန်၊ နေပြည်တော်တွင် အများပြည်သူစိတ်အပန်းဖြေမှုရရှိစေရန်၊ နေပြည်တော်သို့ လာရောက်လေ့လာသူများဖြင့် စည်ကားလာစေရန်နှင့် ဖျော်ဖြေတင်ဆက်မှုများဖြင့် ပြည်သူများ စိတ်ဝင်စားမှုရရှိစေရန် ရည်ရွယ်ချက်ဖြင့် နေပြည်တော်တွင် ခေတ်မီရုပ်ရှင်စတူဒီယိုများ တည်ဆောက်နိုင်ရေးနှင့်စပ်လျဉ်းသည့် မှတ်တမ်းရုပ်ရှင်ပြသရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲရှိ ရုပ်ရှင်ပြခန်း၌ ကျင်းပသည်။

အဆိုပါ အသိပေးရှင်းလင်းပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အတူ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးမင်းသူ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရုပ်ရှင်လောကသားများ၊ ရုပ်ရှင်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသူများနှင့် မီဒီယာများ တက်ရောက်ကြသည်။

### အရှိန်မြှင့်တင်ဆောင်ရွက်

ရှေ့ဦးစွာပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် မြန်မာ့ရုပ်ရှင်လောကနှင့် မြန်မာ့ရုပ်ရှင်အနုပညာဖန်တီးမှုများနှင့်စပ်လျဉ်းပြီး စိတ်အားထက်သန်မှုရှိသည်နှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း ရုပ်ရှင်လောကသားများနှင့် ပူးတွဲပြီး မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်မြှင့်တင်ကာ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရုပ်ရှင်လောကသားများ၏ အနုပညာဖန်တီးမှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်လောကသားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရန်၊ ရုပ်ရှင်လောကသားများက ပီပြင်ပြောင်မြောက်သည့် အနုပညာများပိုမိုဖန်တီးနိုင်ရန်နှင့် ရုပ်ရှင်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်မှုများ ထွန်းကားတိုးတက်လာစေရန်အချက်များ ပါဝင်နေပါကြောင်း။

မြန်မာ့ရုပ်ရှင်လောကမှ ထုတ်လုပ်သည့် အနုပညာပစ္စည်းများ ပိုမိုပီပြင်တောက်ပလာသည်နှင့်အမျှ ၎င်းအနုပညာလက်ရာများအပေါ် မြန်မာနိုင်ငံသားများ၏ ပိုမိုစိတ်ဝင်စားမှု၊ နှစ်သက်လာမှုတို့နှင့်အတူ နိုင်ငံအပေါ် တန်ဖိုးထားလိုစိတ်များ ပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် ပိုမိုပြောင်မြောက်သည့် အနုပညာများဖန်တီးထုတ်လုပ်နိုင်သည်နှင့်အမျှ အိမ်နီးချင်းနိုင်ငံများအပါအဝင် ပြည်ပနိုင်ငံများကလည်း စိတ်ဝင်စားပြီး ဂရုပြုအားပေးလာကြမည်ဆိုလျှင် နိုင်ငံ၏ပုံရိပ်လည်း တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ မြန်မာတို့ မြန်မာနိုင်ငံကိုမြတ်နိုးတန်ဖိုးထားသည်နှင့်အညီ နိုင်ငံတကာ၏ လေးစားအသိအမှတ်ပြုလာမည့် အနေအထားလည်း ရောက်ရှိလာမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒါရိုက်တာဇော်မြင့်ဦး စီစဉ်ရိုက်ကူးသည့် နေပြည်တော်၏ အချက်အချာကျမှု၊ ရှုခင်းများကောင်းမွန်မှု၊ လမ်းပန်းဆက်သွယ်ရေးလွယ်ကူမှု၊ ရုပ်ရှင်ရိုက်ကူးနိုင်မည့် အခင်းအကျင်းများ ပြည့်စုံကောင်းမွန်မှုတို့နှင့် ပတ်သက်သည့် မှတ်တမ်းရုပ်ရှင်ကိုပြသပြီး ဒါရိုက်တာဇော်မြင့်ဦးက ၎င်းမှတ်တမ်းရုပ်ရှင်ရိုက်ကူးခဲ့မှုအခြေအနေနှင့် လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးမင်းသူ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်တို့က နေပြည်တော်တွင် ခေတ်မီရုပ်ရှင်စတူဒီယိုများ တည်ဆောက်နိုင်ရေးအတွက် အားပေးကူညီဆောင်ရွက်မည့်အခြေအနေနှင့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာအခွင့်အလမ်းများကို ဆွေးနွေးတင်ပြကြသည်။

### အကြံပြုဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှဥက္ကဋ္ဌ ဦးဇင်ဝိုင်းနှင့် အတွင်းရေးမှူးဒါရိုက်တာ ဦးညီညီထွန်းလွင်၊ ဒါရိုက်တာဦးစင်ရော်မောင်မောင်၊ ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)၊ ရုပ်ရှင်ပညာရှင် ဒေါ်ဆွေဇင်ထိုက်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက ဒါရိုက်တာ ပန်းချီဦးစိုးမိုး၊ မင်္ဂလာကုမ္ပဏီလီမိတက် Managing Director နှင့် မင်္ဂလာဇော်ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းရှင် ဦးဇော်မင်း၊ ဇာတ်ညွှန်းပညာရှင် ဦးကိုကိုလေးတို့က ရုပ်ရှင်စတူဒီယိုများ၊ ရုပ်ရှင်ရုံများ၊ ရုပ်ရှင်သင်တန်းကျောင်းများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ်ပြောကြားရာတွင် နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီတို့မှ မြန်မာ့ရုပ်ရှင်လောကနှင့် ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ချက်များထားရှိပြီး ပွင့်လင်းမြင်သာစွာဖြင့် အစွမ်းကုန်အားပေးကူညီဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ရုပ်ရှင်လုပ်ငန်းတွင် စိတ်ဝင်စားပြီး ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူများအနေဖြင့် ယင်းအခွင့်အလမ်းများကိုရယူကာ အကောင်အထည်ဖော် ဆောင်ရွက်ကြမည်ဆိုလျှင် အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ပြည်ပနိုင်ငံများစွာတွင် ရုပ်ရှင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ယင်းနိုင်ငံများ၏ အမည်ထင်ရှားကျော်ကြားသကဲ့သို့ မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်သည့် နေပြည်တော်တွင်လည်း ခေတ်မီရုပ်ရှင်စတူဒီယိုများ၊ ရုပ်ရှင်သင်တန်းကျောင်းနှင့် ရုပ်ရှင်ရုံများပါဝင်သည့် ရုပ်ရှင်နယ်မြေ Entertainment City ပေါ်ထွန်းလာစေရေးရည်မှန်းချက်ထားရှိပြီး အကောင်အထည်ဖော်နိုင်ရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင် ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံချက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် လစ်လပ်မဲဆန္ဒနယ်များတွင်ပါဝင်သည့် မြို့နယ်များ၌ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်း ရရှိရေးအတွက် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းကို အခြေခံ၍ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပြုစုစိစစ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပါ မဲဆန္ဒရှင်စာရင်းများကို ၉-၇-၂၀၁၈ ရက်နေ့မှ ၂၂-၇-၂၀၁၈ ရက်နေ့အထိ ၁၄ ရက်ကြာ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ပထမအကြိမ်အဖြစ် ကပ်ထားကြေညာမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များက မဲစာရင်းလာရောက်ကြည့်ရှုမှသာ ပြည့်စုံမှန်ကန်သော မဲစာရင်းရရှိနိုင်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မဲဆန္ဒရှင်များအနေဖြင့် မဲဆန္ဒရှင်စာရင်းကို လာရောက်ကြည့်ရှုပြီး မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ (၃) ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများပါဝင်နေပါက ပုံစံ (၄) ဖြင့်ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-က) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ဆောင်ရွက်စေလိုပါသည်။ လိုအပ်သောပုံစံများကိုလည်း ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ (အခမဲ့) ရယူနိုင်ပါသည်။ ထိုသို့ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ ဆောင်ရွက်ပြီးပါက ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင် စာရင်းကို ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်းတွင် နောက်ဆုံးအကြိမ်အဖြစ် ၁၄ ရက်ကြာ ထပ်မံကပ်ထားကြေညာမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့်လည်း လိုအပ်သော တောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများ ထပ်မံဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၄။ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံးတစ်ဦး (မပျက်မကွက်) လာရောက်ကြည့်ရှုခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ရွှေဂွန်း-ကမ်းနီကျေးရွာများတွင် လျှပ်စစ်မီးရရှိတော့မည်

**လှိုင်းဘွဲ့ ဇူလိုင် ၆**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာနှင့် ကမ်းနီကျေးရွာများတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ၄၀၀ ကေဗွီဓာတ်အားခွဲစက်ရုံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ ဇူလိုင် ၄ ရက်က ဓာတ်အားရောက်ရှိပြီး ရွှေဂွန်းကျေးရွာတွင် အိမ်ခြေ ၉၇၇ လုံးနှင့် ကမ်းနီကျေးရွာတွင် ၁၉၀ စုစုပေါင်းအိမ်ခြေ ၁၁၆၇ လုံးသို့ မကြာမီကာလတွင် လျှပ်စစ်မီးရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍ ဆောင်ရွက်သွားမည့် အခြေအနေများ

**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ဟောင်ကောင်၌ ဇွန် ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့သည့် ရပ်ဝန်းနှင့် လမ်းကြောင်းညီလာခံ (Belt and Road Summit)ကို တက်ရောက်ခဲ့သည်။ အဆိုပါညီလာခံမှတစ်ဆင့် ဟောင်ကောင်သည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍမြှင့်တင်ရေးအတွက် ပါဝင်လာမည့် အခြေအနေနှင့် မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍမှ ဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းအား တွေ့ဆုံမေးမြန်းခဲ့ပါသည်-**

**မေး။ ။ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တာဝန်တို့အပြင် ဇွန်လဆန်းကစပြီး နိုင်ငံစီးပွားရေးအတွက် အရေးအကြီးဆုံးကဏ္ဍတစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခြင်းခံရတာကို တွေ့ရပါတယ်။ ကော်မရှင်ရဲ့ဥက္ကဋ္ဌတစ်ဦးအနေနဲ့ နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုတိုးတက်လာစေဖို့ ဆောင်ရွက်သွားမယ့် အခြေအနေကို သိပါရစေ။**

ဖြေ။ ။ ပထမဆုံးပြောချင်တာကတော့ အစိုးရအနေနဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (sustainable economic development)ရရှိစေဖို့ အလေးထားဆောင်ရွက်နေပါတယ်။ ဒီလို စီးပွားရေးတိုးတက်ဖို့ကြိုးပမ်းတဲ့နေရာမှာ တာဝန်သိတဲ့ ရင်းနှီးမြှုပ်နှံမှုမျိုး(responsible investment) ပိုမိုတိုးတက်ဝင်ရောက်လာအောင် တွန်းအားပေး ဆောင်ရွက်သွားရမှာဖြစ်သလို စီးပွားရေးလုပ်ငန်းတွေကို မှန်ကန်တဲ့လမ်းကြောင်းအတိုင်း လုပ်ကိုင်ဆောင်ရွက်တတ်တဲ့ အလေ့အထ ပိုမိုထွန်းကားလာစေဖို့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

### အားသွန်ခွန်စိုက်ကြိုးစား

မြန်မာနိုင်ငံရဲ့ အခုလက်ရှိအနေအထားကိုကြည့်ရင် ရင်းနှီးမြှုပ်နှံမှုအပိုင်းမှာ အရင်နှစ်များနဲ့ယှဉ်ရင် အနည်းငယ် နှေးကွေးနေတာ တွေ့ရပါတယ်။ ရင်းနှီးမြှုပ်နှံမှုတိုးမြင့်စေဖို့ ပြုပြင်ပြောင်းလဲမှုတွေ အများကြီးလုပ်ခဲ့ပေမယ့်လည်း World Bank က ထုတ်ပြန်ခဲ့တဲ့ Ease of Doing Business Ranking အရ ကျွန်တော်တို့နိုင်ငံက အဆင့် ၁၇၁ ဖြစ်နေပြီး အာရှ-ပစိဖိတ်ဒေသနိုင်ငံတွေထဲမှာ ဒုတိယအနိမ့်ဆုံး ဖြစ်နေပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အနေနဲ့ ပိုမိုကောင်းမွန်တဲ့ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ရရှိအောင် အားသွန်ခွန်စိုက် ကြိုးစားရမှာ ဖြစ်ပါတယ်။

အခုပြဋ္ဌာန်းပြီးဖြစ်တဲ့ Myanmar Investment Law၊ Company Law အပါအဝင် ဥပဒေ၊ စည်းမျဉ်းပိုင်းတွေမှာ ရင်းနှီးမြှုပ်နှံသူတွေအတွက် အခွင့်အလမ်းအသစ်တွေ၊ ကာကွယ်မှုတွေ အများကြီးပေးထားတဲ့အတွက် ရင်းနှီးမြှုပ်နှံမှု ပြန်လည်တိုးတက်လာစေဖို့ အများကြီး အထောက်အကူဖြစ်ပါတယ်။ အထူးသဖြင့် Company Law ဩဂုတ်လ ၁ ရက်နေ့ စတင်အသက်ဝင်တဲ့အခါ ရင်းနှီးမြှုပ်နှံမှုတွေ ပိုဆွဲဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဒီဥပဒေအရ နိုင်ငံခြားကုမ္ပဏီတွေအနေနဲ့ ပြည်တွင်းကုမ္ပဏီတွေမှာ ၃၅ ရာခိုင်နှုန်းအထိ ရှယ်ယာပိုင်ဆိုင်ခွင့် ရရှိမှာဖြစ်ပါတယ်။ ဒါ့အပြင် Electronic registration လုပ်နိုင်တော့မှာ ဖြစ်တဲ့အတွက် Ease of Doing Business Ranking မှာလည်း အဆင့်ပြန်တက်လာနိုင်မှာ ဖြစ်ပါတယ်။

### ပြုပြင်ပြောင်းလဲမှုဆက်လုပ်

ဥပဒေစည်းမျဉ်းအပိုင်းတွေမှာ ပြုပြင်ပြောင်းလဲမှုတွေလုပ်သလို လိုအပ်တဲ့ လုပ်ထုံးလုပ်နည်း၊ အဖွဲ့အစည်းပိုင်း ပြုပြင်ပြောင်းလဲမှု ဆက်လုပ်သွားဖို့ ရှိပါတယ်။

MIC ကိုလည်း စီမံခန့်ခွဲမှုပုံစံအသစ်နဲ့ ဆောင်ရွက်သွားပါမယ်။ MIC အနေနဲ့ ပိုပြီးအရည်အချင်းပြည့်ဝစွာနဲ့ ကြိုးပမ်းဆောင်ရွက်မှာဖြစ်သလို လုပ်ငန်းတွေကို ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်သွားပါမယ်။ ပွင့်လင်းမြင်သာမှု(transparency)ကတော့ အခု ဒီမိုကရေစီအစိုးရလက်ထက်မှာ အရေးကြီးဆုံးပါပဲ။

> **လက်ရှိကျင့်သုံးနေတဲ့ လုပ်ထုံးလုပ်နည်းတွေမှာ မလိုအပ်ဘဲ နှောင့်နှေး ကြန့်ကြာစေတဲ့ အဆင့်တွေကို အမြန်ဆုံး ရှာဖွေဖော်ထုတ် ပြုပြင်သွားမှာ ဖြစ်ပါတယ်**

ကိုယ့်ဆီလာတဲ့ ရင်းနှီးမြှုပ်နှံမှုကို လက်ခံရုံသာမက နိုင်ငံတကာမှာ အမည်ကောင်းနဲ့ ထင်ရှားတဲ့လုပ်ငန်းကြီးတွေ ကိုယ့်နိုင်ငံကို လာရောက်ရင်းနှီးမြှုပ်နှံဖို့ ရွေးချယ်ခေါ်ယူသွားမယ့် proactive approach နဲ့လည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

### တာဝန်သိစွာဆောင်ရွက်

တစ်ဖက်မှာလည်း ကိုယ့်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းတွေ၊ ကိုယ့်နိုင်ငံရဲ့ အားသာချက်တွေကို ပြည်ပရင်းနှီးမြှုပ်နှံသူတွေ ပိုမိုသိရှိနားလည်အောင် နိုင်ငံတကာမှာ ထိတွေ့ကြိုးပမ်း ဆောင်ရွက်သွားမှာ ဖြစ်သလို ကိုယ့်နိုင်ငံမှာ ရင်းနှီးမြှုပ်နှံချင်အောင်၊ ရင်းနှီးမြှုပ်နှံရင်လည်း investment ဖြစ်ရင် ပြီးရောမျိုးမဟုတ်ဘဲ မြန်မာပြည်သူတွေနဲ့ မြန်မာနိုင်ငံအတွက် ဘေးထွက်ဆိုးကျိုးနည်းစေမယ့်၊ ဘေးထွက်ဆိုးကျိုးဖြစ်ပေါ်မှုတွေကို တာဝန်သိစွာဆောင်ရွက်တဲ့ ရင်းနှီးမြှုပ်နှံမှုမျိုး responsible investment ဝင်ရောက်လာစေဖို့ ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။

MIC အနေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ဒီထက်စီးဝင်စေဖို့ reform process ကို အရှိန်မြှင့်ဆောင်ရွက်သလို ဒီ reform တွေအပေါ်မှာ ရင်းနှီးမြှုပ်နှံသူတွေရဲ့ ယုံကြည်မှု ဆတက်ထမ်းပိုး တိုးတက်အောင် ကြိုးစားသွားပါမယ်။ ရင်းနှီးမြှုပ်နှံသူတွေရဲ့ confidence နဲ့ trust မရှိဘဲနဲ့ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာမှာမဟုတ်ပါဘူး။

### အမြန်ဆုံးရှာဖွေဖော်ထုတ်

လက်ရှိကျင့်သုံးနေတဲ့ လုပ်ထုံးလုပ်နည်းတွေမှာ မလိုအပ်ဘဲ နှောင့်နှေးကြန့်ကြာစေတဲ့ အဆင့်တွေကို အမြန်ဆုံးရှာဖွေဖော်ထုတ် ပြုပြင်သွားမှာဖြစ်ပါတယ်။ လုပ်ငန်းများ ပိုမိုလွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်နယ်နဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းတွေနဲ့ ပိုမိုညှိနှိုင်း ဆောင်ရွက်သွားပါမယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ဦးစားပေးစီးပွားရေးလုပ်ငန်းတွေ ဥပမာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေ၊ အထည်ချုပ်လုပ်ငန်းလို လုပ်သားအခြေပြုလုပ်ငန်း၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ မှန်ကန်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေဝင်ရောက်လာပြီး ကာလတိုအပိုင်းအခြားတစ်ခုစီအတွင်းမှာ မြင်သာတဲ့ရလဒ်နဲ့ တိုးတက်မှုရှိဖို့ ကြိုးပမ်းဆောင်ရွက်ရမှာဖြစ်တယ်။

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးနဲ့ အမျိုးသားလုံခြုံရေးဟာ ဒွန်တွဲနေပါတယ်။ အမျိုးသားလုံခြုံရေးရှုထောင့်က ပြောမယ်ဆိုရင် “Economic Security”ရှိမှ “National Security”ကို များစွာအထောက်အကူပြုမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေဖို့ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌအနေနဲ့ လိုအပ်တဲ့ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်သလို ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးအနေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တွေနဲ့လည်း ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ အစိုးရအနေနဲ့ ကျောက်ဖြူ ရေနက်ဆိပ်ကမ်းစီမံကိန်းကို အကောင်အထည်ဖော်ဖို့ တရုတ်နိုင်ငံနဲ့ ညှိနှိုင်းဆောင်ရွက်နေကြောင်း သိရပါတယ်။ ကျောက်ဖြူ ရေနက်ဆိပ်ကမ်းစီမံကိန်းနဲ့ပတ်သက်ပြီး ပြည်တွင်း၊ ပြည်ပမှာ တရုတ်နိုင်ငံရဲ့ ကြွေးမြီဝန်ပိမှာကို စိုးရိမ်ကြောင်း ဝေဖန်ပြောဆိုမှုလေးတွေ ထွက်ပေါ်နေပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီးအနေနဲ့ ဘယ်လိုသုံးသပ်သလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ ကျောက်ဖြူ ရေနက်ဆိပ်ကမ်းစီမံကိန်းနဲ့ ပတ်သက်လို့ ပြည်တွင်း၊ ပြည်ပက ဝေဖန်သူတွေက တရုတ်ကြွေးမြီဝန်ပိမှာ စိုးရိမ်မှုတွေ ဝေဖန်ထောက်ပြပြောကြားနေကြတာ ရှိပါတယ်။ တရုတ်နိုင်ငံရဲ့ ရပ်ဝန်းနဲ့လမ်းကြောင်း အစီအစဉ်နဲ့ ပတ်သက်ပြီး ပြည်တွင်း၊ ပြည်ပ ပညာရှင်တွေ အများအပြားကလည်း Debtbook Diplomacy၊ Debt trap စသည်ဖြင့် သုံးနှုန်းရေးသားထားတာလည်း အများကြီးရှိပါတယ်။

### တိုးတက်မှုရှိ

အစိုးရအနေနဲ့ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းကို ဆွေးနွေးညှိနှိုင်းနေတာ တိုးတက်မှု အတော်လေးရှိနေပါပြီ။ ဟောင်ကောင်ခရီးစဉ်အတွင်းမှာလည်း ပြောခဲ့ပါတယ်။ အခုအချိန်အထိ ကျောက်ဖြူစီမံကိန်းနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံမှာ တရုတ်နိုင်ငံရဲ့ ကြွေးမြီဝန်ပိမှာကို စိုးရိမ်ရတဲ့ကိစ္စ မရှိသေးပါဘူးလို့ သုံးသပ်ပါတယ်။ အကြောင်းရင်းက သုံးချက်ရှိပါတယ်။ နံပါတ်တစ်က ကျောက်ဖြူ ရေနက်ဆိပ်ကမ်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ အနေအထားဟာ အမှန်တကယ်လိုအပ်ချက်ကို အခြေခံပြီး demand based ဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ supply based လုပ်ထားတာ မဟုတ်ပါဘူး။ ဒုတိယအချက်ကတော့ project အရွယ်အစားပါ။ ဒါဟာလည်း မြန်မာနိုင်ငံအနေအထားနဲ့ လိုအပ်တဲ့ size ပဲ ဖြစ်ရပါမယ်။ နောက်အရေးကြီးတဲ့အချက်တစ်ခုကတော့ မြန်မာအစိုးရအနေနဲ့ ဒီအတွက် လုံးဝချေးငွေရယူသွားမှာ မဟုတ်တဲ့အပြင် sovereign authority လည်း ပေးမှာမဟုတ်ပါဘူး။

### အခက်အခဲဖြစ်

သီရိလင်္ကာနိုင်ငံ Hambantota ဆိပ်ကမ်းကိစ္စမှာ လိုအပ်တာထက်ပိုတဲ့ စီမံကိန်းကြီးတွေ အများကြီးကို ချေးငွေတွေသုံးစွဲဆောင်ရွက်ခဲ့လို့ ဝင်ငွေပြန်လည်ပတ်နိုင်မှု (income generation)မရတဲ့အခါ အခက်အခဲဖြစ်သွားတာ ဖြစ်ပါတယ်။

မြန်မာအနေနဲ့ small scale နဲ့စပြီး လိုအပ်သလောက် ပမာဏကိုပဲ လုပ်မှာဖြစ်တဲ့အတွက် သီရိလင်္ကာလို ဖြစ်စရာ မရှိပါဘူး။ ဒါပေမယ့် ဒါကိုလည်း ကိုယ့်နိုင်ငံအတွက် သင်ခန်းစာတစ်ခုအနေနဲ့ လေ့လာထားရမှာ ဖြစ်ပါတယ်။

**မေး။ ။ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌဖြစ်ပြီးနောက် မကြာမီရက်ပိုင်းအတွင်း ဟောင်ကောင်ကို သွားရောက်ခဲ့ပြီး ဟောင်ကောင်အစိုးရအကြီးအကဲတွေနဲ့ တွေ့ဆုံခဲ့တာကို တွေ့ရပါတယ်။ ဟောင်ကောင်အစိုးရ website မှာလည်း ပြည်ထောင်စုဝန်ကြီးနဲ့ တွေ့ဆုံဆွေးနွေးခဲ့တာကို အလေးထားဖော်ပြထားသလို သတင်းတွေ ဖေ့စ်ဘွတ်စာမျက်နှာတွေမှာလည်း ပြည်ထောင်စုဝန်ကြီးရဲ့ ဆွေးနွေးချက်တွေကို ဖော်ပြပြောဆိုနေကြတာ တွေ့ရပါတယ်။ ဒီနှစ် မြန်မာနိုင်ငံအပေါ် စိတ်ဝင်စားမှုအရခဲ့ဆုံးလို့ သိရပါတယ်။ ပြည်ထောင်စုဝန်ကြီးအနေနဲ့ရော ဘာကြောင့် ဒီခရီးစဉ် သွားရောက်ဖို့ ရွေးချယ်ခဲ့တယ်၊ ဘယ်လို အကျိုးကျေးဇူးရရှိခဲ့တယ်ဆိုတာကို ပြည်သူလူထုတွေ ပိုမိုသိရှိအောင်ရှင်းပြပေးပါ။**

ဖြေ။ ။ ဟုတ်ပါတယ်။ ဟောင်ကောင်မှာ ဇွန်လ ၂၇ ရက်ကနေ ၂၈ ရက်အထိ ကျင်းပခဲ့တဲ့ ရပ်ဝန်းနဲ့ လမ်းကြောင်းညီလာခံ(Belt and Road Summit)ကို တက်ရောက်ခဲ့ပါတယ်။ ဒီခရီးစဉ်ကို ရွေးခဲ့တာဟာ ဟောင်ကောင်ဟာ မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် လက်ရှိမှာရော အနာဂတ်အတွက်ပါ အလွန်အရေးပါတဲ့ ဒေသတစ်ခုဖြစ်လို့ပါပဲ။

### အခွင့်အလမ်းတွေရှိ

ဟောင်ကောင်ဒေသဟာ ပြည်ပမှာ ရင်းနှီးမြှုပ်နှံမှုအများဆုံးလုပ်တဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ ကမ္ဘာမှာ အလွတ်လပ်ဆုံး စီးပွားရေးမြို့ဖြစ်သလို တရုတ်နိုင်ငံရဲ့ စီးပွားရေးအရ ဝင်ပေါက်တစ်ခုလည်းဖြစ်တယ်။ ဘဏ္ဍာရေးနဲ့ ငွေကြေးဆိုင်ရာအရရော၊ ကုန်စည်စီးဆင်းမှုအတွက်ရော ဗဟိုအချက်အချာကျတဲ့ နေရာတစ်ခုဖြစ်ပါတယ်။ ဟောင်ကောင်ဟာ “တစ်နိုင်ငံ၊ စနစ်နှစ်မျိုး”(One Country, Two Systems)အောက်မှာ တရုတ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိက မောင်းနှင်အားတစ်ခုလည်း ဖြစ်ခဲ့ပါတယ်။ အခုဆိုရင် ရပ်ဝန်းနဲ့ လမ်းကြောင်း အစီအစဉ် အကောင်အထည်ပေါ်ရင် ဟောင်ကောင်ရဲ့ အခန်းကဏ္ဍ ဒီထက်ပိုအရေးပါလာမှာဖြစ်တဲ့အပြင် ဒီအစီအစဉ်အောက်ကနေ မြန်မာနိုင်ငံအတွက်လည်း ရင်းနှီးမြှုပ်နှံမှုတွေ အများကြီးဝင်ရောက်လာဖို့ အခွင့်အလမ်းတွေရှိပါတယ်။

### အရေးပါလာ

ဒါ့အပြင် တရုတ်နိုင်ငံရဲ့ မဟာကမ်းခြေဒေသ အစီအစဉ်(Greater Bay Area)ဆိုတဲ့ ဟောင်ကောင်ဒေသ၊ ရှင်းကျန့်မြို့၊ ကွမ်ကျိုးမြို့များနဲ့ ကွမ်တုန်ဘက်က မကာအိုဒေသအပါအဝင် အရေးပါတဲ့ မြို့ကြီး ရှစ်မြို့ စုစုပေါင်း ၁၁ မြို့ကိုပေါင်းပြီး အဓိကစီးပွားရေးရပ်ဝန်းကြီး တစ်ခုအဖြစ် ငါးနှစ်စီမံကိန်းနဲ့ ဆောင်ရွက်တည်ထောင်သွားမယ့် အစီအစဉ်မှာ ဟောင်ကောင်ရဲ့ အခန်းကဏ္ဍဟာ ဒေသတွင်းမှာ ဒီထက်ပိုပြီး အရေးပါလာဖို့ ရှိပါတယ်။




ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း

ဟောင်ကောင်စီးပွားရေးလုပ်ငန်း အများအပြားဟာ တရုတ်နိုင်ငံရဲ့ လုပ်အားခဈေးနှုန်း မြင့်တက်လာမှုကြောင့် ဒေသတွင်းနိုင်ငံတွေမှာ ရွှေ့ပြောင်းရင်းနှီးမြှုပ်နှံဖို့ ရှာဖွေနေတာဟာ မြန်မာနိုင်ငံအတွက် အခွင့်အလမ်းတစ်ခု ဖြစ်ပါတယ်။ ဒါပေမယ့် ကိုယ့်နိုင်ငံကလည်း ရင်းနှီးမြှုပ်နှံမှုတွေကိုလက်ခံဖို့ အဆင်သင့်ဖြစ်နေရမယ်။ ရင်းနှီးမြှုပ်နှံမှုကောင်းတွေအတွက် ကိုယ့်ဘက်ကလည်း ထင်သာမြင်သာမှုရှိပြီး တည်ငြိမ်တဲ့ transparent, stable and consistent ဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ဖန်တီးထားဖို့ လိုပါတယ်။ နို့မို့ဆိုရင်တော့ ကိုယ်နဲ့ အလားတူနိုင်ငံတွေဘက်ကိုပဲ ရင်းနှီးမြှုပ်နှံမှုတွေ ရောက်သွားမှာ ဖြစ်ပါတယ်။

### ရင်းနှီးမြှုပ်နှံမှု ပိုမိုသိအောင်

ဟောင်ကောင်ဟာ လက်ရှိမြန်မာနိုင်ငံရဲ့ စတုတ္ထအများဆုံး ရင်းနှီးမြှုပ်နှံသူဖြစ်သလို အဓိကကုန်သွယ်ဖက်တစ်ဦးလည်း ဖြစ်ပါတယ်။ တကယ်တမ်းက မြန်မာနိုင်ငံနဲ့ ဟောင်ကောင်ကြားမှာ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု အပါအဝင် အခြားပညာရေးကဏ္ဍ၊ ငွေကြေးကဏ္ဍ စသည်ဖြင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဖို့ အခွင့်အလမ်းတွေ အများကြီးရှိနေပါတယ်။ ဒီအခွင့်အလမ်းတွေ အများကြီးရှိနေတယ်ဆိုတာကို ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူတွေ ပိုမိုသိရှိအောင် ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး ဥပဒေပိုင်း၊ အဖွဲ့အစည်းပိုင်း၊ လုပ်ထုံးလုပ်နည်းပိုင်း ဘက်စုံထောင့်စုံက ပြုပြင်ပြောင်းလဲမှုတွေ လုပ်ထားပြီးပြီ၊ ဆက်ပြီးတော့လည်း လုပ်နေတယ်၊ ရင်းနှီးမြှုပ်နှံသူတွေအတွက် ဘယ်လိုအခွင့်အလမ်းတွေ အများကြီး ဖန်တီးပေးနေတယ်ဆိုတာ ဟောင်ကောင်ကတစ်ဆင့် ကမ္ဘာကို အသိပေးခဲ့တာ ဖြစ်ပါတယ်။

### ပူးပေါင်းဆောင်ရွက်

ဒါ့ကြောင့် ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ အစိုးရအကြီးအကဲပိုင်းတွေကို သွားရောက်တွေ့ဆုံပြီး ကိုယ့်နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲနေမှုတွေ၊ ကိုယ့်နိုင်ငံအတွက် ဟောင်ကောင်ဟာ ဘယ်လောက်အရေးပါကြောင်း၊ ဟောင်ကောင်ဘက်က ရင်းနှီးမြှုပ်နှံမှု ပိုမိုဝင်ရောက်ဖို့နဲ့ နှစ်နိုင်ငံ အပြန်အလှန်အကျိုးရှိစေမယ်ဆိုတဲ့အကြောင်း အသိပေးပြောကြားခဲ့သလို နှစ်နိုင်ငံအကြားမှာ စီးပွားရေး၊ ပညာရေး စတဲ့ကဏ္ဍတွေမှာလည်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စတွေကို ဆွေးနွေးခဲ့တာဖြစ်ပါတယ်။

အခုလို ပြည်ပခရီးစဉ်တွေက ပြန်ရောက်ရောက်ချင်း ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

ဟုတ်ကဲ့။ ကျွန်တော်ကလည်း ကျေးဇူးတင်ပါတယ်။

ရှင်မင်း

**အာဇာနည်နေ့ အကြိုဆောင်းပါး**

# ၇၁ နှစ်ခရီးမှာ ဘာတွေရခဲ့ပါသလဲ

■ ကြည်ဇင်နှင်း

စိန်ပန်းနီနီ မြေမှာ ပြန့်ကျဲသည့် မိုးဦးကျကာလသို့ရောက်လျှင် ငယ်ငယ်တုန်းက အဖြူနှင့်အစိမ်း ဝတ်စုံလေးဝတ်ပြီး ကျောင်းတက်ခဲ့ရသည့် ရွှေနတ်တောင် အထက (မော်လမြိုင်)ကို လွမ်းဆွတ်တသမိပါသည်။

ကျူရှင်မရှိသေးသည့်ခေတ်၊ ဆရာ ဆရာမတို့ကသာ ပညာကို မခွင်းမချန် သင်ကြားပေးသည့် ခေတ်၊ ပြဋ္ဌာန်းစာအုပ်ပါ သင်ရိုးများသာမက တပည့်ငယ်တို့၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ စာရိတ္တပိုင်းဆိုင်ရာ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် လေ့ကျင့်ပျိုးထောင်ပေးသည့် ခေတ်တွင် ကြီးပြင်းခဲ့ရသောကြောင့် အဆင့်မြင့်ပညာများကို တက္ကသိုလ်တွင် ဆည်းပူးလေ့လာချိန်၌ များစွာအထောက်အကူဖြစ်ခဲ့သည်မှာ ငယ်စဉ်က ရရှိခဲ့သော အခြေခံအုတ်မြစ် ခိုင်မာမှုကြောင့်ဟု ဆိုချင်ပါသည်။

နေ့ထူးနေ့မြတ်ကြီးများ နီးပြီဆိုလျှင် ရွှေနတ်တောင်အထက၌ နေ့ထူးနေ့မြတ်ကြီးများ၏ အထိမ်းအမှတ်အဖြစ် ဟောပြောပွဲများ၊ ကျပန်းစကားပြောပွဲများ၊ စကားရည်လုပွဲများ ကျင်းပပေးလျက် ကျောင်းသား ကျောင်းသူများကို ပါဝင်စေခဲ့ခြင်းသည် အနာဂတ်ကာလအတွက် အထောက်အပံ့ကောင်းများ ဖြစ်လာခဲ့ပါသည်။

ရွှေနတ်တောင် ကျောင်းသူတစ်ဦးအနေဖြင့် ကြုံတွေ့ခဲ့သော ပထမဆုံး ဟောပြောပွဲ အတွေ့အကြုံသည် ပဥ္စမတန်း ကျောင်းသူလေးဘဝတွင် အစပြုခဲ့သည်။ ဟောပြောပွဲက အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲ။ ခေါင်းစဉ်က "အာဇာနည်နေ့ တို့မမေ့"။ ထိုအချိန်က ပဥ္စမတန်း ကျောင်းသူလေးမျှသာဖြစ်သော်လည်း မိဘဘိုးဘွားများ၏ အိပ်ရာဝင်ပုံပြင်များ ကျေးဇူး၊ ဆရာများ၏ ကျေးဇူး၊ စာဖတ်ခြင်း၏ ကျေးဇူးများကြောင့် အာဇာနည်နေ့ ပေါ်ပေါက်လာပုံ၊ အာဇာနည် ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်များ၊ နောက်ခံသမိုင်းကြောင်းများကို စေ့စေ့စပ်စပ် သိနေခဲ့ပြီးဖြစ်ကြောင်းကုန်စင် အမှတ်ရမိပါသည်။ ထိုအတွေ့အကြုံကောင်းများသည် ဘဝတစ်လျှောက်လုံး လိုက်ပါလာပြီး နေရာမရွေး၊ ချိန်ခါမရွေး လက်တန်းပြောရမည်ဆိုလျှင်လည်း ပြောဆိုနိုင်သော ရဲဝံ့မှုကို ရရှိစေခဲ့သည်။

နောက်ထပ်မမေ့နိုင်စရာ ဖြစ်ရပ်မှာ ပထမနှစ် တက္ကသိုလ်ကျောင်းသူဘဝတွင် အာဇာနည်နေ့အထိမ်းအမှတ် တက္ကသိုလ်အဆင့် ဆောင်းပါးပြိုင်ပွဲ၌ ပထမဆုကို ဆွတ်ခူးရရှိခဲ့ခြင်းပင်ဖြစ်ပါသည်။

တစ်ဆက်တည်း သတိရမိသည့်အကြောင်းက အာဇာနည်နေ့ နံနက် ၁၀း၃၇ နာရီတွင် ဥသြဆွဲသံကြားရသည်နှင့် တစ်ပြိုင်နက် ရောက်ရာနေရာမှာ ခြေအစုံကို ရပ်တန့်ပြီး ဦးညွှတ်အလေးပြုကြခြင်း၊ လူကြီးများက မေတ္တာပို့ အမျှဝေကြခြင်းဖြစ်သည်။

မြန်မာအဘိဓာန်တွင် 'အာဇာနည်'ကို (၁) အကြောင်း ဟုတ်မဟုတ်ကို ကောင်းစွာ သိသောသူ (၂) သာမန်ထက် လက်ရုံးရည် နှလုံးရည် ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။

အတိတ်မြန်မာနိုင်ငံသည် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် အချုပ်အခြာ ပိုင်စိုးခဲ့ရာမှ ကိုလိုနီနယ်ချဲ့တို့၏ လက်အောက်သို့ နှစ် ၁၀၀ ကျော် (အတိအကျဆိုရလျှင် ၁၂၄ နှစ်) ကျရောက်ခဲ့ရာ ပြည်ထောင်စုတိုင်းရင်းသားတစ်ရပ်လုံးက နယ်ချဲ့ဆန့်ကျင်တော်လှန်ရေးများ အစဉ်တစိုက် ပြုလုပ်ပြီး လွတ်လပ်ရေးရရန် အစွမ်းကုန် ကြိုးပမ်းခဲ့ကြပါသည်။

ကိုလိုနီနိုင်ငံဆိုသည်မှာ တိုင်းတစ်ပါး ဝင်ရောက်ကျူးကျော်ပြီး နိုင်ငံ၏ အချုပ်အခြာ အာဏာတစ်ရပ်လုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကို သော်လည်းကောင်း သိမ်းယူ၍ တိုင်းတစ်ပါး၏ လက်အောက်ခံ နိုင်ငံအဖြစ်ထားရှိသော နိုင်ငံကိုခေါ်သည်။ ဥပမာ အင်ဒိုနီးရှားသည် ဒတ်ချ်ကိုလိုနီအဖြစ် နှစ်ပေါင်း ၃၅၀ ကြာအောင် နေခဲ့ရသည်။ အင်ဂိုလာနိုင်ငံသည် ၁၆ ရာစုကတည်းက ပေါ်တူဂီ၏ ကိုလိုနီနိုင်ငံ ဖြစ်ခဲ့သည်။

ရှေးယခင်က အနောက်နိုင်ငံသားတို့သည် ကမ္ဘာအရပ်ရပ်ရှိ နယ်မြေသစ်များကို စွန့်စားရှာဖွေတွေ့ရှိလာကြရာမှ နယ်ချဲ့သည့် နည်းလမ်းများကို ကျင့်သုံးပြီး ကိုလိုနီနိုင်ငံများဘဝရောက်အောင် သွတ်သွင်းခဲ့ကြသည်။ သူတို့၏ နယ်ချဲ့သည့်နည်းလမ်း သုံးခုကို အတိုကောက်အနေဖြင့် 3 M ဟု ခေါ်ဝေါ်ကြပါသည်။ ယင်းတို့မှာ. . .

(၁) Missionary / ကိုးကွယ်သည့်ဘာသာ မရှိသော ဒေသခံတိုင်းရင်းသားများအား သာသနာပြု၍ သြဇာခိုင်မာအောင် နယ်ချဲ့ခြင်း၊

(၂) Merchandize / နယ်မြေသစ်မှ သယံဇာတများ၊ ထွက်ကုန်များ၊ ထုတ်ကုန်များကို တန်ဖိုးနည်းနည်းနှင့်ဝယ်ယူပြီး ကုန်သွယ်ခြင်း၊ အရောင်းအဝယ်ကုန်သွယ်ရေးကို အကြောင်းပြုပြီး ပြည်တွင်းမှာ အခြေချနေထိုင်ခြင်း၊

(၃) Military / ခေတ်နောက်ကျပြီး အင်အားနည်းသည့် နိုင်ငံငယ်များကို စစ်ရေးအရ သိမ်းပိုက်ပြီး ကိုလိုနီနိုင်ငံအဖြစ်သို့ ရောက်စေခြင်းတို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ကိုလိုနီနယ်ချဲ့တို့လက်အောက် ရောက်ခဲ့ရသောကြောင့် တိုင်းတစ်ပါးသားကို ဘုရားထူးခဲ့ရ၊ ကျွန်ခံခဲ့ကြရသည်။ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရန် ကြိုးပမ်းရာတွင် ခေတ်မမီသည့်လက်နက်များ ကိုင်စွဲပြီး တော်လှန်ရခြင်း၊ အစုလိုက်အဖွဲ့လိုက် အုံကြွခြင်း (တောင်သူလယ်သမားအရေးတော်ပုံ၊ ရေနံမြေ အလုပ်သမားအရေးတော်ပုံ)၊ တိတ်တဆိတ် လျှို့ဝှက်စွာ ကြံစည်ခြင်း (ရဲဘော်သုံးကျိပ်တို့ စစ်ပညာသင်ကြားခြင်း) များတို့ ပါဝင်ပါသည်။

ထိုဖြစ်ရပ်များထဲတွင် ရဲဘော်သုံးကျိပ်၏ အခန်းကဏ္ဍသည် အထူးတလည် ထင်ရှားလှပေသည်။ ငယ်စဉ်က သင်ကြားလေ့လာ ဖတ်ခဲ့ရသမျှထဲတွင် စစ်ပညာကို ပင်ပန်းဆင်းရဲခံ၍ သင်ကြားခဲ့သည်ဆိုသော စာတစ်ကြောင်းသာ ပါသည်။ ယခုခေတ်ကဲ့သို့ IT(Information Technology) ကြွယ်ဝလာသည့်အချိန်ကျမှ စာအုပ်စာတမ်းများ၊ ရုပ်ရှင် ဗီဒီယိုများ၊ သမိုင်းမှတ်တမ်းများကို ပြည့်ပြည့်စုံစုံ လေ့လာခွင့်ရခဲ့သောအခါ "ပင်ပန်းဆင်းရဲခံ၍" ဟူသော စကားလုံး ခြောက်လုံး၏ နောက်ကွယ်၌ ခက်ခဲကြမ်းတမ်းမှု၊ ညှဉ်းပန်းခံရမှု၊ စွန့်လွှတ်အနစ်နာခံရမှု၊ ထိခိုက်နာကျင်မှုတို့ မည်ရွေ့မည်မျှ ခံစားခဲ့ရမည်ကို ထိတ်လန့်အံ့သြစွာ သိမြင်လာရသည်။

ဥပမာပြရသော် ရဲဘော်သုံးကျိပ်ဝင် တစ်ဦးသည် တန်းစီပြီး သတိ အနေအထား ဆွဲထားချိန်၌ ချောင်းဆိုးချင်သည်ကို အောင့်အည်းထားရသောကြောင့် အလွန်ခက်ခဲ ပင်ပန်းနေရှာသည်။ သူ့မျက်နှာ တစ်မျိုးတစ်မည် ဖြစ်နေ၍ စစ်ပညာသင်ကြားပေးသော ဆရာက ဖြန်းခနဲ ပါးရိုက်ကာ အပြစ်ပေးလိုက်ရာ ပါးရိုက်ခံရသည့်အခါမှ ရောပြီး ချောင်းဆိုးခွင့်ရခဲ့သည့်အတွက် ပါးရိုက်ခံရသည်ကို မနာနိုင်ခဲ့ပါဟု ဖတ်ရချိန်တွင် ထို့ထက်မက ဆိုးရွားမည့် အပြစ်ပေးမှုများကို မှန်းဆမြင်ယောင်ကာ လှိုက်လှိုက်လှဲလှဲ လေးစားကြည်ညိုမိပါသည်။

ဟောပြောပွဲအတွက် လေ့လာမှတ်သားခဲ့ရုံ၊ ဆောင်းပါးပြိုင်ပွဲအတွက် ဖတ်ရှုမှတ်သားခဲ့ရုံ ကလေးသာသာ အတွေးမျိုးမဟုတ်တော့ပေ။ နယ်ချဲ့တို့၏ လက်အောက်မှ လွတ်မြောက်ရန် ဖက်ဆစ်တို့၏ အကူအညီကို ယူခဲ့ရသည်။ ဖက်ဆစ်တို့၏ လက်အောက်မှာ ထပ်မံညှဉ်းပန်းနှိပ်စက်ခံရသူများကတော့ မိအေးနှစ်ခါနာရသည့် ပြည်သူ ပြည်သားများသာ။ ဖက်ဆစ်လက်အောက်မှ လွတ်မြောက်ရန် မဟာမိတ်တို့၏ အကူအညီကို ယူရပြန်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး၏ တစ်ခဲနက်ဆန္ဒမှာ လုံးဝလွတ်လပ်ရေးပင် ဖြစ်သည်။

လွတ်လပ်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းနေရင်း လမ်းခုလတ်မှာ နယ်ချဲ့ လက်ပါးစေတို့၏ လုပ်ကြံမှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ကြရရှာသည်။ သို့သော် ဗိုလ်ချုပ်တို့ ကြိုးစားအားထုတ် တောင်းဆိုပေးခဲ့သည့် လွတ်လပ်ရေးဟူသော ရတနာကိုတော့ ရယူပိုင်ဆိုင်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် မိမိတို့၏ အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်ကြိုးစားခဲ့ကြသော အာဇာနည်ခေါင်းဆောင်ကြီးများအား အထူးအံ့သြကြည်ညိုမဆုံးပါ။ ယခုအခါ အာဇာနည်နေ့ကို ကျောင်းပိတ်ရက်၊ အလုပ်ပိတ်ရက် တစ်ခုအဖြစ်သာ သိကြပြီး မည်သည့်အကြောင်းကြောင့် အာဇာနည်နေ့ ဖြစ်ပေါ်လာသလဲ ဟူသော အမေးကို ယောင်ဝါးဝါးဖြစ်သူတွေ များနေသည်။ အချို့က အာဇာနည်ခေါင်းဆောင်ကြီးများ၏ အမည်များကိုပင် အသေအချာ မသိကြတော့။

"သမိုင်းကြောင်းကို လေ့လာသည်မှာ မအ, အောင်လို့" ဟု သမိုင်းပညာရှင်ကြီး ဒေါက်တာသန်းထွန်းက ပြောခဲ့ဖူးသည်။ အတိတ်မှာချည်း တဝဲလည်လည် ဖြစ်နေလျှင်လည်း ရှေ့သို့ခရီးဆက်နိုင်မည် မဟုတ်ပေ။

မြန်မာနိုင်ငံ၏ နောက်မှ လွတ်လပ်ရေးရပြီး ၁၉၇၀ ပြည့်နှစ်လောက်အထိ ဘာမှ မဖွံ့ဖြိုးသေးသော ကူမင်းတွင် ရှစ်ထပ်လမ်းမကြီးများနှင့်၊ အိမ်နီးချင်း ထိုင်းနိုင်ငံတွင် မိုးပျံရထားများ၊ နှစ်ထပ်လမ်း၊ သုံးထပ်လမ်းများ၊ နာမည်ကျော် အထူးကုဆေးရုံကြီးများ၊ ကမ္ဘာ့အဆင့်မီ တက္ကသိုလ်ကြီးများနှင့် မြန်မာပြည် လွတ်လပ်ရေးရစဉ်တုန်းက ဂိုဒေါင်နှင့် ကူလီတွေသာရှိခဲ့သော တံငါရွာသာသာ စင်ကာပူနိုင်ငံသည် ယခုအချိန်မှာတော့ နေထိုင်မှုအဆင့်အတန်းနှင့် ဝင်ငွေမှာ ကမ္ဘာ့ထိပ်ဆုံးနား၌ ရောက်နေသည်။

ခရီးသွားခဲ့ကြတာချင်း အတူတူပင်ဖြစ်ပါသည်။ လွတ်လပ်ရေးရခဲ့သည့် အချိန်ကတွက်လျှင် နှစ်ပေါင်း ၇၀။ အာဇာနည်နေ့က တွက်လျှင် ၇၁ နှစ်။

**ထိုခရီးမှာ ကျွန်မတို့ ဘာတွေ ရခဲ့ပါသနည်း**

ဘာတွေ ရသင့်ခဲ့ပါသနည်း။ အာဇာနည်နေ့ အကြောင်းကိုတွေးသည်ဖြစ်စေ၊ လွတ်လပ်ရေးနေ့အကြောင်းကို တွေးသည်ဖြစ်စေ၊ ပြည်ထောင်စုနေ့အကြောင်းကို တွေးသည်ဖြစ်စေ၊ ကျွန်မတို့သည် တိုင်းပြည် ကောင်းစားရေးနှင့် လူမျိုး တည်တံ့ရေးကိုသာ ဦးစားပေးကြရမည်ဖြစ်သည်။ နယ်ချဲ့သည်ဆိုခြင်းမှာ ယခင်ကလို 3 M မျိုးမဟုတ်တော့ဘဲ အခြားအသွင်သဏ္ဌာန်မျိုး ဆောင်လာခြင်းအား သတိချပ်စေလိုပါသည်။ ယင်းတို့မှာ

(၁) Pop culture / တေးဂီတ အသွင်သစ်များ၊ ဓလေ့ထုံးစံအသစ်များ ထိုးဖောက်ဝင်ရောက်လာခြင်း၊

(၂) Popular Gadgets / Mod cons (Modern conveniences) ဟု လည်းခေါ်သော လူသုံးမော်ဒန်ပစ္စည်းများ၊ စက်များအနက် Smart phone၊ Spy camera၊ drone တို့ကဲ့သို့ သေးသေးနှင့် စွမ်းအားကြီးလှသော ပစ္စည်းသစ်များ ရောက်လာခြင်း၊

(၃) Trendy Mindset / အသစ်နောက် လေယူရာ ယိမ်းချင်သော စိတ်ဓာတ်၊ အမေရိကန် စတိုင်၊ ကိုရီးယားစတိုင် စသည်ဖြင့် ယဉ်ကျေးမှုအသစ်တို့ကို အားကျပြီး ဝတ်စားဆင်ယင်မှု၊ နေထိုင်ပြောဆိုမှုတို့ကို အထင်တကြီး အတုခိုးချင်သော စိတ်ဓာတ်၊ (အမျိုးသား ယဉ်ကျေးမှုသာမက လူမျိုးပါ ပျောက်သွားစေနိုင်သည့် အယူလွဲမှု)တို့ ဖြစ်ကြပါသည်။

ဖြန့်ကြက်တွေးသည်၊ ဖောက်ထွက်တွေးသည်ဆိုပြီး အဘက်ဘက်မှ တွေးတောကြရင်း အတိတ်က ဖြစ်ရပ်များအပေါ်မှာ မပြီးဆုံးနိုင်သော ထပ်တလဲလဲ ဝေဖန်မှုတွေသာ များပြားလာကြသည်။

ကမ္ဘာကျော် စာရေးဆရာကြီး တော်စတွိုင်းက "လူတွေဟာ ကမ္ဘာလောကကြီးတစ်ခုလုံးကိုသာ ပြောင်းလဲပစ်ချင်နေကြတယ်၊ ကိုယ့်ကိုယ်ကိုယ် ပြောင်းလဲဖို့တော့ မကြိုးစားကြဘူး"ဟု ဆိုခဲ့ဖူးသည်။

ဥပမာ ပြပါမည်။ တစ်ခုသော လမ်းမကြီးတစ်လျှောက်မှာ တာဝန်ရှိသူများက ကွန်ကရစ် ရေမြောင်းကြီး လာတူးသည်။ ဆက်လက်ဖောက်သွားသော ရေမြောင်းကြီး မပြီးသေးခင်မှာပင် ရေမြောင်းထဲမှာ စည်းကမ်းမဲ့ စွန့်ပစ်ကြသော ရေသန့်ဘူးခွံ၊ အအေးဘူး အခွံများ၊ စားကြွင်း စားကျန် အမှိုက်များ ပြည့်နှက်လာသည့်အပြင် တစ်ညလုံး တပိုတပါး သွားထားကြသော အညစ်အကြေးပုံများက မြင်မကောင်း ရှုမကောင်း။ အနံ့အသက်များကလည်း ဆိုးရွားနံဟောင် လှပါဘိ။ ရေမြောင်းတွေ့သည်နှင့် အမှိုက်ပစ်ရမည်လား။ အညစ်အကြေးစွန့်ခွင့် ရပြီလား။

ယင်းသည် သာဓကလေးတစ်ခုမျှသာဖြစ်သည်။ အခြေခံ စည်းကမ်းလေးတစ်ခုကိုပင် မလိုက်နာကြခြင်းလည်းဖြစ်သည်။ ကျွန်မတို့သည် ၇၁ နှစ်ဆိုသော ခရီးကြီးကို ဖြတ်သန်းခဲ့ပြီးပါပြီ။ ဖြတ်သန်းခဲ့ရသော အတိတ်ကို မည်သို့မှ ပြန်၍မပြောင်းလဲနိုင်ပါ။ သို့သော် ယခုလက်ရှိ ပစ္စုပ္ပန်အချိန်သည် အရေးအကြီးဆုံး အချိန်ဖြစ်ပြီး အနာဂတ်ကာလ တိုးတက်ကောင်းမွန်အောင် ပုံဖော်ပေးနိုင်ကြောင်း သိစေလိုပါသည်။ တစ်ဦးချင်း တစ်ယောက်ချင်းကပဲ စတင်လိုက်ပါ။ ပြုပြင်ပြောင်းလဲဖို့ အချိန်တန်ပါပြီ။ ဗိုလ်ချုပ်ပြောခဲ့သလို 'အကျင့်ဆိုးတွေ အကျင့်ဟောင်းတွေကို ပြောင်းလဲလိုက်ကြပါ။'

နိုင်ငံ့ခေါင်းဆောင်ကြီးများ အသက်ပေးခဲ့ရတာ အလဟဿ မဖြစ်အောင် ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို ကမ္ဘာ့အလယ်မှာ ဂုဏ်ရည်မြှင့်တင်ကြပါစို့ဟု တိုက်တွန်းလိုက်ချင်ပါသည်။ ။

> ကျွန်မတို့သည် ၇၁ နှစ်ဆိုသော ခရီးကြီးကို ဖြတ်သန်းခဲ့ပြီးပါပြီ။ ဖြတ်သန်းခဲ့ရသော အတိတ်ကို မည်သို့မှ ပြန်၍မပြောင်းလဲနိုင်ပါ။ သို့သော် ယခုလက်ရှိ ပစ္စုပ္ပန်အချိန်သည် အရေးအကြီးဆုံး အချိန်ဖြစ်ပြီး အနာဂတ်ကာလ တိုးတက်ကောင်းမွန်အောင် ပုံဖော်ပေးနိုင်ကြောင်း သိစေလိုပါသည်။ တစ်ဦးချင်း တစ်ယောက်ချင်းကပဲ စတင်လိုက်ပါ။ ပြုပြင်ပြောင်းလဲဖို့ အချိန်တန်ပါပြီ။ ဗိုလ်ချုပ် ပြောခဲ့သလို "အကျင့်ဆိုးတွေ အကျင့်ဟောင်းတွေကို ပြောင်းလဲလိုက်ကြပါ"

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုအား အမေရိကန်ဧည့်သည်တော်အဖွဲ့ လာရောက်တွေ့ဆုံ



**စစ်တွေ ဇူလိုင် ၆**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများအား အမေရိကန်နိုင်ငံ Senate Appropriations Committee မှ Professional Staff Member Mr. Paul Grove နှင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ Senior Congressional Advisor Mr.Paul Rademacher နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ယနေ့ညနေ ၄ နာရီခွဲတွင် လာရောက်တွေ့ဆုံသည်။

Senate Appropriations Committee မှ Professional Staff Member Mr. Paul Grove နှင့်အဖွဲ့က ယခုကဲ့သို့ ကိုယ်တိုင်လာရောက်ခဲ့ခြင်းမှာ ရခိုင်ပြည်နယ်၏ မျက်မြင်အခြေအနေကို မျက်မြင်သိရှိနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း ရခိုင်ပြည်နယ်တွင် ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍မေးမြန်းရာ ဝန်ကြီးချုပ်က ပြန်လည်လက်ခံရေးစခန်းဖွင့်လှစ်ပြီး ဆောင်ရွက်ထားမှု၊ လက်ခံရေးစခန်းမှ ကြားစခန်းသို့ပို့ဆောင်ပြီး ၎င်းတို့၏ မူလနေရပ်နှင့် အနီးစပ်ဆုံး စခန်းများ၊ ၎င်းတို့နေထိုင်လိုသည့် စခန်းများသို့ ပို့ဆောင်ပြီး အိမ်ရာများ စီစဉ်ဆောင်ရွက်ပေးထားမှု၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဒေါက်တာကိုဖီအာနန် ဦးဆောင်သည့် ကော်မရှင်အဖွဲ့က အကြံပြုထားသည့် အချက်များအပေါ်တွင် ဆောင်ရွက်ပေးနေမှုများ၊ UNHCR, UNISCO အဖွဲ့များနှင့် ရှေ့ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအပေါ်တွင် MoU ရေးထိုးပြီး ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး အသိုက်အဝန်းများကြားတွင် ပြန်လည်ရင်ကြားစေ့ရေး၊ ယုံကြည်မှုတည်ဆောက်ရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အလွန်သိမ်မွေ့နက်နဲသည့် ကိစ္စများဖြစ်၍ အချိန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင် လူနည်းစုတိုင်းရင်းသားများဖြစ်သည့် မြို၊ သက်၊ ခမီ၊ ဒိုင်းနက်၊ မရာမာကြီး စသည့် အသိုက်အဝန်းများလည်း သမိုင်းကြောင်းနှင့်ချီ၍ နေထိုင်လျက်ရှိကြောင်းကို နားလည်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများလုပ်ကိုင်ရာတွင် ကိန်းဂဏန်းအချက်အလက်များ တိကျသေချာရန်လိုအပ်ကြောင်း သို့မှသာ ပြန်လည်ရင်ကြားစေ့ရေး၊ ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းများ အောင်မြင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**အောင်သူရ၊ ဟန်လင်းနိုင်**

## မြန်မာနိုင်ငံတွင် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းမှုစနစ်များလိုအပ်နေသည်ဟု ဥရောပကုန်သည်ကြီးများအသင်း ပြောကြား

**ရန်ကုန် ဇူလိုင် ၆**

မြန်မာနိုင်ငံတွင် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးသည် အဓိကစိန်ခေါ်မှုတစ်ခုဖြစ်နေကြောင်းနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုတွင် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးစီမံခန့်ခွဲမှုစနစ်များ မရှိမဖြစ်လိုအပ်လျက်ရှိကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဥရောပကုန်သည်ကြီးများအသင်း(EuroCham Myanmar)က ဇူလိုင် ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

**အလွန်အရေးပါ**

မြန်မာနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ စုစုပေါင်း ပြည်တွင်းထုတ်ကုန် ၃၈ ရာခိုင်နှုန်းနှင့် ပြည်ပပို့ကုန် ၂၃ ရာခိုင်နှုန်းရှိသည်။ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းမှုသည် စိုက်ပျိုးရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်း၊ ပြည်ပပို့ကုန်တိုးမြှင့်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးရေးနှင့် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အလွန်အရေးပါသည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် အစားအစာများ၏ ဘေးအန္တရာယ်ကင်းရှင်းမှု စံချိန်စံညွှန်း ပြည့်စုံလုံလောက်မှုမရှိခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းမှု နည်းပါးခြင်းနှင့် စက်ရုံအလုပ်ရုံများတွင် ကျန်းမာရေးအလေ့အကျင့် နည်းပါးခြင်းများရှိနေကြောင်း ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် လေ့လာချက်များတွင် ဖော်ပြထားသည်။ အဆိုပါလေ့လာချက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရောင်းချလျက်ရှိသည့် ငါးကင်ဆိုင် ၈၄ ဆိုင်မှ ငါးအားလုံး၏ ၂၇ ရာခိုင်နှုန်းတွင် ဗိုက်ဘရီယို ဘတ်တီးရီးယားများပါဝင်နေခြင်း၊ ဈေးများတွင် ရောင်းချလျက်ရှိသည့် ပဲပြားများ၏ ၉၃ ဒသမ ၅ ရာခိုင်နှုန်းတွင် ဖော်မလင်ပါနေသည်ကို တွေ့ရခြင်း၊ အင်းလေးကန်ဒေသတွင် ဟင်းသီးဟင်းရွက် နမူနာများ၏ ၇၅ ရာခိုင်နှုန်းတွင် ပိုးသတ်ဆေးအကြွင်းအကျန်များ ပါရှိနေခြင်း၊ မော်ဘီမြို့နယ်ရှိ စက်ရုံတစ်ရုံတွင် ခဲဆိပ်သင့်မှုကြောင့် ကလေးငယ်တစ်ဦး သေဆုံးပြီး ကလေးငယ် ၁၅ ဦး ဆေးရုံတင်ထားရကြောင်း ဖော်ပြထားသည်။

**အဆင့် ၇၁ နေရာ၌ ရပ်တည်**

Economist Intelligence Unit ၏ ၂၀၁၇ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းမှု အညွှန်းကိန်းတွင် မြန်မာနိုင်ငံသည် အစားအစာအရည်အသွေးပိုင်း၊ ဘေးကင်းမှုအပိုင်းတွင် နိုင်ငံ ၁၁၃ နိုင်ငံရှိသည့်အနက် အဆင့် ၇၁ နေရာတွင် ရပ်တည်လျက်ရှိသည်။ ယင်းသို့ ရပ်တည်မှုမှာ ထိုင်း၊ လာအိုနှင့် အိန္ဒိယနိုင်ငံတို့၏ ရပ်တည်ချက်ထက် ပိုမိုနိမ့်ကျနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

အစားအစာ ဘေးအန္တရာယ်ကင်းရှင်းမှုသည် မြန်မာနိုင်ငံသားများ၏ လူမှုဘဝ သာယာအေးချမ်းမှုအတွက်သာမက ခရီးသွားလုပ်ငန်း၊ စီးပွားရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အကျိုးသက်ရောက်မှုရှိသည်။

အစားအစာ ဘေးအန္တရာယ်ကင်းရှင်းမှု စံချိန်စံနှုန်းများကို တင်းတင်းကျပ်ကျပ် လိုက်နာဆောင်ရွက်မည်ဆိုပါက အစားအစာလုပ်ငန်းများ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်သကဲ့သို့ ကုန်ကျစရိတ်လည်း လျှော့ချနိုင်မည်ဖြစ်သည်။ ထို့အပြင် ခိုင်မာသည့် ကုန်အမှတ်တံဆိပ်ဖြစ်ပေါ်လာရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သကဲ့သို့ ဈေးကွက်သစ်များတွက် အခွင့်အလမ်းများဖော်ထုတ်ရေးအတွက်လည်း မြန်မာနိုင်ငံကို ကူညီပေးနိုင်မည်ဖြစ်သည်။

ဘေးအန္တရာယ်ကင်းရှင်းသည့် သွင်းအားစုများ ဥပမာအားဖြင့် ပိုးသတ်ဆေး၊ တိရစ္ဆာန်ဆေးဝါးများပံ့ပိုးခြင်း၊ အသိပညာပေးမြှင့်တင်ခြင်း၊ လုပ်ငန်းများနှင့် လယ်သမားများကို ပညာပေးခြင်း၊ လေ့ကျင့်ပေးခြင်းတို့ ပြုလုပ်ရမည်ဖြစ်သကဲ့သို့ ပုဂ္ဂလိကနယ်ပယ်ကလည်း ဝင်ရောက်လုပ်ဆောင်ရန် လိုအပ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အပင်ကာကွယ်ရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းက ပြောကြားသည်။

**အလေးအနက်ထောက်ပြထား**

ထို့အပြင် သီးခြားနယ်ပယ်များဖြစ်သည့် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ ကောင်းမွန်သည့် သန့်စင်မှုအလေ့အကျင့်၊ ကောင်းမွန်သည့် ကုန်ထုတ်လုပ်မှုအလေ့အထများကို ဝန်ကြီးဌာနအသီးသီး၏ စီမံခန့်ခွဲမှုဌာနများမှ ဝန်ထမ်းများကိုလည်း နည်းပညာပိုင်းလေ့ကျင့်ပေးရန် အရေးတကြီး လိုအပ်လျက်ရှိကြောင်း စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အစည်း (အက်ဖ်အေအို) က ၂၀၁၆ ခုနှစ်တွင် အလေးအနက် ထောက်ပြထားသည်။

ထို့အပြင် ခေတ်နှင့်အညီ ပြန်လည်ရေးဆွဲထားသည့် ဥပဒေများ၊ စံချိန်စံညွှန်းများထားရှိရန်နှင့် ယင်းဥပဒေများကို လက်တွေ့အသုံးပြုရန် ဥရောပကုန်သည်ကြီးများအသင်း၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ထောက်ခံအားပေးမှုအဖွဲ့ကလည်း အကြံပြုထားသည်။

**ကြေးမုံ**

## ရန်ကုန်မိုးပျံလမ်းမကြီးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် စိတ်ဝင်စားသည့် ပြည်တွင်း၊ ပြည်ပမှ ကုမ္ပဏီ ၅၃ ခု အဆိုပြုလွှာ တင်သွင်း

**ရန်ကုန် ဇူလိုင် ၆**

ရန်ကုန်မြို့၏ ယာဉ်ကြောကျပ်တည်းပိတ်ဆို့မှုကို ဖြေရှင်းနိုင်ရန်ရည်ရွယ်ချက်ဖြင့် အကောင်အထည်ဖော်မည့် ရန်ကုန်မိုးပျံလမ်းမကြီးစီမံကိန်း(Yangon Elevated Expressway-YEX)အတွက် စီမံကိန်းအဆိုပြုလွှာများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ယခုနှစ် မေလ ဒုတိယပတ်အတွင်းခေါ်ယူခဲ့ရာ မြန်မာနိုင်ငံမှ ကုမ္ပဏီများအပါအဝင် ပြည်ပ ၁၂ နိုင်ငံမှ ကုမ္ပဏီ ၅၃ ခုက လုပ်ကိုင်လိုသည်ဟု လျှောက်လွှာတင်သွင်းမှုများရှိကြောင်း ဇူလိုင် ၄ ရက်က ဆောက်လုပ်ရေးဝန်ကြီးဌာန၏ တရားဝင် ထုတ်ပြန်ကြေညာချက်အရ သိရသည်။

စီမံကိန်းအတွက် အဆိုပြုလွှာ တင်သွင်းထားသည့် ပြည်တွင်း၊ ပြည်ပနှင့် အကျိုးတူပေါင်းစပ်ထားသောကုမ္ပဏီ စုစုပေါင်း ၅၃ ခုတွင် မြန်မာနိုင်ငံမှ ၁၆ ခု၊ တရုတ်မှ ၁၃ ခု၊ ဂျပန်မှ ခုနစ်ခု၊ ကိုရီးယားမှ လေးခု၊ အိန္ဒိယမှ သုံးခု၊ တူရကီမှ နှစ်ခု၊ ထိုင်းမှ နှစ်ခုတို့အပြင် ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ပြင်သစ်၊ မလေးရှားနှင့် မြန်မာ-မလေးရှား(ဖက်စပ်) နိုင်ငံတို့မှ ကုမ္ပဏီတစ်ခုစီ တင်သွင်းထားကြောင်း အဆိုပါဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ရန်ကုန်မိုးပျံလမ်းမကြီးစီမံကိန်း(YEX) အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် စိတ်ဝင်စားမှုလျှောက်လွှာများ(EOI) ခေါ်ယူခြင်းသည် တင်ဒါလုပ်ငန်း၏ ပထမအဆင့်သာဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ယခုနှစ် ဩဂုတ်လတွင် Request for Qualifications(RFQ)အား ခေါ်ယူရန် ပြင်ဆင်လျက်ရှိကာ ယခုနှစ်၏ နောက်ဆုံးသုံးလပတ်အတွင်း Request for Proposals (RFP)ခေါ်ယူခြင်းအား ဆောင်ရွက်သွားမည်ဖြစ်သည်ဟု ယင်းထုတ်ပြန်ချက်အရ သိရသည်။

အစိုးရအနေဖြင့် ရန်ကုန်မြို့တွင် လက်ရှိကြုံတွေ့နေရသော ယာဉ်ကြောကျပ်တည်းမှုများကို လျှော့ချနိုင်ရန်၊ ရန်ကုန်မြို့ပြဧရိယာအတွင်း စက်မှုလုပ်ငန်းများ တိုးတက်ရန်၊ လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေရန်အတွက် ရန်ကုန်မိုးပျံလမ်းမကြီးစီမံကိန်း (YEX)ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းသည် ရန်ကုန်မြို့တွင်း၊ ရန်ကုန်ဆိပ်ကမ်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မင်္ဂလာဒုံစက်မှုဇုန်နှင့် ရန်ကုန်-မန္တလေးအမြန်လမ်းတို့ကို ဆက်သွယ်ပေးသွားမည်ဖြစ်ပြီး Public-Private-Partnership (PPP)အစီအစဉ်ဖြင့် အကောင်အထည်ဖော်လုပ်ဆောင်သွားမည်ဖြစ်ကာ လမ်းအရှည် ၄၇ ဒသမ ၅ ကီလိုမီတာ ရှိမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင် ဖော်ပြထားချက်အရ သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် PPP ရင်းနှီးမြှုပ်နှံသူရွေးချယ်မှုကို International competitive tender မှတစ်ဆင့် ယခုနှစ်ကုန်ပိုင်းတွင် စတင်သွားမည်ဖြစ်ပြီး မိုးပျံလမ်းကြီးစီမံကိန်းကို အပိုင်းလိုက်ခွဲ၍ PPP တင်ဒါများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကာ World Bank အဖွဲ့ဝင် International Finance Corporation(IFC)၏ အကူအညီဖြင့် ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန၏ စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ EOI ခေါ်ယူမှုတွင် ဖော်ပြထားချက်အရ သိရသည်။

**ကြေးမုံ**



## ဖျာပုံ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်းကျင်းပ

**ဖျာပုံ ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Book Club အသင်းတို့ပူးပေါင်း၍ စာဖတ်ဝိုင်းဆွေးနွေးပွဲအခမ်းအနားကို ဇူလိုင် ၅ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပရာ Book Club အသင်းဥက္ကဋ္ဌ စာရေးဆရာ ဇေယျာဘုန်းမြင့်က အဖွင့်အမှာစကားပြောကြား၍ ခရိုင်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်လှလှနွယ်က ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားတွင် BookClub အသင်းဥက္ကဋ္ဌ စာရေးဆရာ ဇေယျာဘုန်းမြင့်က စာရေးဆရာအောင်သင်းရေးသားသော "နှလုံးသားကို လေးပေါ်တင်၍ပစ်သောအခါ" ဆောင်းပါးမှ ဆုတောင်းခြင်းနှင့် ဆုပန်ခြင်းပထမစာပိုဒ်အားဖတ်ကြားပြီး စာရေးဆရာမောင်ယဉ်မိုးက တက်ရောက်လာကြသော စာပေဝါသနာရှင်များ၏ မေးမြန်းမှုများကို ပြန်လည်ဆွေးနွေးသည်။

ထို့နောက် Book Club အသင်းဥက္ကဋ္ဌက "နှလုံးသားကို လေးပေါ်တင်၍ပစ်သောအခါ" ဆောင်းပါးမှ ဦးတည်ရမည့်ပစ်မှတ်ခေါင်းစဉ်ပါ ဒုတိယစာပိုဒ်၊ "ဝါသနာပါသော်လည်း ကံပါဦးမှ" ခေါင်းစဉ်ပါ တတိယစာပိုဒ်၊ "တစ်ခုမပေးဘဲ တစ်ခုမရတဲ့လူ့ဘဝ"ခေါင်းစဉ်ပါ စတုတ္ထစာပိုဒ်၊ "လူကြီးတွေရဲ့နှလုံးသား"ခေါင်းစဉ်ပါ ပဉ္စမစာပိုဒ်တို့အားဖတ်ကြားရာ တက်ရောက်လာကြသည့် စာပေဝါသနာရှင်များက အသီးသီးပြန်လည်ဆွေးနွေးကြသည်။

**ဝ၈၆**

# မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေး သတ္တမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် ဇူလိုင် ၆**
မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးဆိုင်ရာ သတ္တမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီခွဲက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်ဆွေးနွေးသည်။

အစည်းအဝေးတွင် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်၊ စွယ်စုံကျမ်းပြန်လည်ထုတ်ဝေရေး ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)၊ ဒေါက်တာတင်လှိုင်(ဘိုးလှိုင်)၊ အတွင်းရေးမှူး ဒေါက်တာစန်းဝင်းတို့က လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အမှားအယွင်း ကင်းစင်ရေး၊ အချက်အလက်များ မှန်ကန်ရေး၊ မြန်မာ့စွယ်စုံကျမ်း ဖြစ်သည့်အားလျော်စွာ မြန်မာမှုနှင့် ပတ်သက်သည့် အချက်အလက်များ ပိုမိုပြည့်စုံစွာ ပါရှိရေးတို့ကို ဖြည့်စွက်ဆွေးနွေးသည်။

မြန်မာ့စွယ်စုံကျမ်း အတွဲ(၁)မူကြမ်းမှာ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏ လေ့ကျင့်သင်ကြားရေးအဆောက်အအုံ ပန္နက်တင်မင်္ဂလာ ကျင်းပ

**ရန်ကုန် ဇူလိုင် ၆**
တိုးတက်ပြောင်းလဲလျက်ရှိသည့် ဆေးပညာ ဗဟုသုတနှင့် အတွေ့အကြုံများကို ဆရာဝန်ထုအတွင်း စဉ်ဆက်မပြတ် လေ့ကျင့်ပညာပေးဖြန့်ဖြူးရန် ရည်ရွယ်၍ မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)က တည်ဆောက်မည့် လေ့ကျင့်သင်ကြားရေး အဆောက်အအုံ(Training Center) ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အဆိုပါအသင်းဝင်း အတွင်း၌ ကျင်းပသည်။

အဆောက်အအုံကို မြန်မာနိုင်ငံဆရာဝန်အသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်ပြုံးကြည်၊ အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာထင်အောင်စော၊ ဘဏ္ဍာရေးမှူး ပါမောက္ခ ဒေါက်တာမြသီတာနှင့် အာရက္ခဦးကုမ္ပဏီမှ တာဝန်ရှိသူများက ပန္နက်တော်တင်၍ အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။

လေ့ကျင့်သင်ကြားရေး အဆောက်အအုံ( Training Center )ကို မြန်မာနိုင်ငံ ဆရာဝန်အသင်းရန်ပုံငွေ၊ အလှူရှင်များ၏ ပါဝင်လှူဒါန်းငွေများဖြင့် ငွေကျပ်သိန်း ၁၀၂၉၂ အကုန်အကျခံကာ တည်ဆောက်မည်ဖြစ်သည်။ ငါးထပ်အဆောက်အအုံဖြစ်ပြီး Skill Lab၊ Lecture Hall တို့ ပါဝင်ကြောင်း သိရသည်။ **သတင်းစဉ်**




# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး၌ သတင်းရယူကြမည့် ပြည်တွင်း၊ ပြည်ပ မီဒီယာသမားများ မှတ်ပုံတင်ခြင်း ဆောင်ရွက်နိုင်

**နေပြည်တော် ဇူလိုင် ၆**
ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးကို ဇူလိုင် ၁၁ ရက်မှ ၁၆ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသည့် ပြည်တွင်း၊ ပြည်ပ သတင်းထောက်များအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန Website ဖြစ်သော www.moi.gov.mm တွင် Union Peace Conference – 21st Century Panglong(Third Session) ကို နှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာဖြည့်စွက်ပြီး မှတ်ပုံတင်ပြုလုပ်ခြင်းကို ဇူလိုင် ၉ ရက် ညနေ ၄ နာရီ နောက်ဆုံးထား ဆောင်ရွက်ရန်နှင့် ဝင်၊ ထွက်ခွင့်ကတ်များကို ဇူလိုင် ၁၀ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီထိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး၌ ထုတ်ပေးမည်ဖြစ်သည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းသတင်းထောက်များ ဝင်၊ ထွက်ခွင့် ရရှိရေးအတွက် သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၃၄၁၂၁၂၅ နှင့် ၀၆၇-၃၄၁၂၁၂၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ အစည်းအဝေး ကျင်းပ

**ရန်ကုန် ဇူလိုင် ၆**
ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ (၁/၂၀၁၈) အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကုက္ကိုင်းရိပ်သာလမ်း အမှတ် (၂၈)ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က အဖွင့်အမှာစကားပြောကြားပြီး ဗဟိုကော်မတီအတွင်းရေးမှူး ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်က ဗီဒီယိုစိစစ်ကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းနှင့် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးဗဟိုကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များက အသီးသီးဆွေးနွေးတင်ပြကြရာ ဦးရဲနိုင်က လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

၁၉၉၆ ခုနှစ် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအရ နှစ်နှစ်သက်တမ်းရှိသော ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီကို အဖွဲ့ဝင်ကိုးဦးဖြင့် ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှစတင်၍ ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း၊ ယနေ့အစည်းအဝေးတွင် ဗီဒီယိုဖြန့်ချိရေးလုပ်ငန်းလိုင်စင် နှုန်းထားပြင်ဆင်ရေး၊ ခိုးကူးပွားချပ်များ လျှော့နည်းပပျောက်ရေး၊ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ အင်တာနက်တွင် တရားမဝင်ပျံ့နှံ့ နေခြင်းကိစ္စရပ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



စာအုပ် စာပေ လူ့မိတ်ဆွေ

# (၁၅) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေး ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၆**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် ပို့ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေး ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ နိုင်ငံတကာကုန်စည်ပြပွဲများသို့ သွားရောက်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

(၁၅) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ (The 15th China-ASEAN Expo) နှင့် (၁၅) ကြိမ်မြောက် တရုတ်-အာဆီယံ ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေး (The 15th China-ASEAN Business and Investment Summit) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ် နန်နင်းမြို့တွင် စက်တင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ရန် ဖိတ်ခေါ်ထားသည်။

ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ နေပြည်တော် ဖုန်း- ၀၆၇-၄၃၀၄၄၆၊ ၄၃၀၄၄၇၊ ဖက်(စ်) ၀၆၇-၄၃၀၁၂၈၊ email: moctradefair@gmail.com နှင့် မြန်မာကုန်သွယ်မှုဗဟိုဌာန (ရန်ကုန်) ဖုန်း- ၀၁-၂၅၄၀၂၄၊ email:itpic.moc @gmail.com တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့ပင်လယ်ပြင်

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

**✽ ကျောဖုံးမှ**

သဘောတူညီချက်တွေလည်း အတန်အသင့် ရရှိခဲ့တယ်။

"ဒီမနက်မှာပဲ သဘောတူညီချက်နှစ်ချက် ထပ်မံရရှိခဲ့ပါတယ်။ ပထမအချက်က ကလေးသူငယ်တွေနဲ့ ပတ်သက်ပြီး ကြီးလေးသောချိုးဖောက်မှု (Six Grave Violations) တွေ မလုပ်ဖို့ပါ။ အဲဒါက ဘယ်မှာပါလဲဆိုရင် အစိုးရနဲ့ EAOs လက်မှတ်ရေးထိုးထားတဲ့ NCA မှာ ပါပြီးသား ဖြစ်ပါတယ်။ ကလေးသူငယ်တွေအပေါ်မှာ သတ်ဖြတ်ခြင်း၊ လိင်အကြမ်းဖက်ခြင်းနဲ့ ကလေးစစ်သား စုဆောင်းခြင်းတွေ စတဲ့အချက်တွေပါဝင်ပါတယ်။

**ဝမ်းမြောက်စရာတစ်ခု**

"ဒါက လုံခြုံရေးကောင်စီမှာလည်း မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ ဆွေးနွေးနေတဲ့ အကြောင်းအရာပါ။ Listed Country ထဲမှာ မြန်မာနိုင်ငံက ပါနေပါတယ်။ ပါတော့ ငြိမ်းချမ်းရေးညီလာခံမှာ ကျွန်တော်တို့ အပါအဝင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေလည်း ဒါကို ဆွေးနွေးတယ်။ ဆွေးနွေးပြီးတော့ NCA မှာလက်မှတ်ထိုးထားတဲ့ ကတိကဝတ်တွေကို ထပ်လောင်းပြီးတော့ အခြေခံမူတစ်ရပ် ချမှတ်နိုင်ခဲ့ပါတယ်။ ချမှတ်နိုင်ခဲ့တဲ့အတွက် ဒါလည်း ဝမ်းမြောက်စရာတစ်ခု ဖြစ်ပါတယ်။

"အထူးသဖြင့် ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအနေအထားမှာ လုံခြုံရေးကောင်စီအပါအဝင် ကျန်တဲ့မျက်နှာစာတွေမှာ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ ပြောကြားချက်တွေနဲ့ ပတ်သက်လို့ ဒီငြိမ်းချမ်းရေးညီလာခံရဲ့ ဆွေးနွေးချက်က အထောက်အကူဖြစ်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒါကိုလည်း အစုအဖွဲ့အားလုံးက လိုလိုလားလား သဘောတူပါတယ်။

**မသန်စွမ်းတွေအတွက် အခွင့်အရေး**

"နောက်တစ်ချက်က မသန်စွမ်းသူတွေရဲ့ အခွင့်အရေးပါ။ အဆောက်အအုံ ဆောက်လုပ်တာပဲဖြစ်ဖြစ်၊ Public ဧရိယာမှာပဲဖြစ်ဖြစ် မသန်စွမ်းတွေအတွက် အခွင့်အရေးတွေ သူတို့ပါဝင်နိုင်တဲ့ နေရာတွေလုပ်ထားတာ မရှိသေးဘူးပေါ့။ နောက်ပိုင်း အဆောက်အအုံတွေဆောက်လုပ်ရင် မသန်စွမ်းတွေအတွက် ဘီးချဲ Lane တွေပါရမယ်။ မျက်မမြင်တွေ လျှောက်နိုင်မယ့် လမ်းတွေပါရမယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီလိုကျယ်ကျယ်ပြန့်ပြန့် မရှိသေးပါဘူး။ မသန်စွမ်းတွေအတွက် အခြေခံမူ သဘောတူညီချက်တစ်ရပ်ကို ဒီမနက်မှာပဲ သဘောတူနိုင်ခဲ့ပါတယ်။ ဒီသဘောတူညီမှု အခြေခံမူအပေါ် မူတည်ပြီး မူဝါဒတွေ အကောင်အထည်ဖော်တာတွေ ဆက်လက်လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။



**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးအတွက် နိုင်ငံရေးကဏ္ဍလုပ်ငန်းကော်မတီဆွေးနွေးပွဲ ကျင်းပစဉ်။**

**ကိုးချက်လောက်ကျန်မယ်လို့ ယူဆ**

"လူမှုရေးကဏ္ဍအနေနဲ့ အားလုံး ၁၀ ချက်လောက် သဘောတူညီချက်ရဖို့ မှန်းထားပါတယ်။ သို့သော် ကိုးချက်လောက်ကျန်မယ်လို့ ယူဆပါတယ်။ အထူးသဖြင့် လူမှုရေးကဏ္ဍက ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနဲ့ လူမှုဖွံ့ဖြိုးရေးပေါ့။ အဲဒီမှာ လက်နက်ကိုင်ပဋိပက္ခကြောင့် နယ်စပ်ကိုရောက်သွားတဲ့ ဒုက္ခသည်တွေ၊ ပြည်တွင်းဒုက္ခသည်စခန်းတွေမှာ နေနေရတဲ့ အဖွဲ့တွေရှိတယ်။ ဒါတွေကို ပြန်လည်နေရာချထားရေးကိစ္စတွေကို အထူးအလေးပေးဆွေးနွေးပြီး သဘောတူညီချက်တွေရခဲ့ပါတယ်။

"ဒါကြောင့် ဒီညီလာခံမှာ အငြင်းပွားဖွယ်ရာမရှိ သဘောတူညီချက် ကိုးချက်၊ ၁၀ ချက် လောက်တင်နိုင်ဖို့ မှန်းထားပါတယ်။ မနေ့က သဘောတူထားတဲ့အချက်တွေမှာ ပြန်လည်ထူထောင်ရေး၊ ပြန်လည်နေရာချထားရေးကိစ္စတွေ၊ မူးယစ်ဆေးနဲ့ ပတ်သက်တဲ့ မူဘောင်တွေ၊ များသောအားဖြင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာနဲ့ ပြန်လည်ထူထောင်ရေး၊ ပြန်လည်နေရာချထားရေးတွေပါတယ်။

**ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေး**

"ဒီမှာဆွေးနွေးပြီး မပြီးပြတ်သေးတဲ့ကိစ္စက လက်နက်ကိုင်ပဋိပက္ခကြောင့် တစ်ဖက်နိုင်ငံရောက်သွားတဲ့ ဒုက္ခသည်တွေ၊ ပြည်တွင်းက IDP Camp တွေအနေနဲ့ သူတို့နေရာကို ပြန်လာတဲ့အခါမှာ မူလက သူတို့ပိုင်ဆိုင်တဲ့ မြေယာတွေနဲ့ပတ်သက်လို့ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးနေပါတယ်။ ကျွန်တော်တို့ကဏ္ဍမှာတော့ ပြီးပြတ်တယ်။

"သို့သော် မြေယာကဏ္ဍမှာတော့ ဆက်ပြီးဆွေးနွေးရမှာဖြစ်ပါတယ်။ ဟိုဘက်ဒီဘက် ဆက်စပ်နေတဲ့ ကိစ္စတွေဆိုတော့ လုပ်ငန်းကော်မတီနှစ်ခု ပြန်ဆွေးနွေးကြမလားဆိုတာမျိုး မပြီးပြတ်သေးတဲ့ကိစ္စတွေရှိပါတယ်။ မနက်ဖြန်မှာတော့ UPDJC အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးပြုလုပ်ပြီး လုပ်ငန်းကော်မတီငါးခုကတက်လာတဲ့ မူဝါဒစာတမ်းတွေ ပြန်လည်ပြင်ဆင်မယ်။ ပြင်ဆင်ပြီးရင် ဇွန် ၉ ရက်မှာ UPDJC အစည်းအဝေးလုပ်မယ်။ ဒီအစည်းအဝေးမှာ လုပ်ငန်းကော်မတီက ဆွေးနွေးလာတဲ့ မူဝါဒ၊ အဆိုပြုချက်တွေ၊ အခြေခံမူတွေကို သဘောတူညီချက်အနေနဲ့ တင်နိုင်မယ်။ တချို့ကဏ္ဍတွေမှာ အငြင်းပွားဖွယ်ဖြစ်နေတဲ့ အချက်တွေကို အဆိုပြုချက်တွေအနေနဲ့ Option တွေအနေနဲ့ တင်ပါမယ်။ ဒါတွေကို အဲဒီအစည်းအဝေးမှာထပ်မံဆွေးနွေးပြီး ညီလာခံစတဲ့အခါမှာ ပြန်လည်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

**မြေယာဆိုင်ရာမူဝါဒ**

မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ လုပ်ငန်းကော်မတီဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ဒေါ်ဝါဝါမောင်က "တိုင်းရင်းသားတွေရဲ့ မိရိုးဖလာ ပိုင်ဆိုင်ခွင့်ကို တရားဝင်မှတ်ပုံတင်ခွင့်ရရှိအောင် ဆောင်ရွက်နိုင်မယ့်လုပ်ငန်းတွေ ပါဝင်ပါတယ်။ နောက်တစ်ခုက မြေယာကို အကာအကွယ်ပေးမှုတွေနဲ့ပတ်သက်လို့ မြေယာကို တရားမဝင်နေထိုင်သူတို့၊ နိုင်ငံသားမဟုတ်သူတို့ ပိုင်ဆိုင်ခွင့် မရှိစေရပေါ့။ နိုင်ငံသားများသာလျှင် မြေယာကို တရားဝင်ပိုင်ဆိုင်ခွင့်ရှိတယ်ဆိုတာတွေ၊ ပိုင်ဆိုင်မှုနဲ့ ပတ်သက်တာတွေ၊ မြေယာဆိုင်ရာမူဝါဒတွေကို ဆွေးနွေးပါတယ်။ ကျွန်မတို့ ကဏ္ဍကနေ အနည်းဆုံးငါးချက်လောက်ကို မှန်းထားပါတယ်။ အဲဒီအထဲမှာ မြေယာမူဝါဒနဲ့ပတ်သက်လို့ ပိုင်ဆိုင်မှုမူဝါဒ၊ မြေယာမူဝါဒတွေပြဋ္ဌာန်းပြီးတော့ ကာကွယ်ပေးရမယ်ဆိုတဲ့ အပိုင်းတွေလည်း ပါဝင်ပါတယ်။ နောက် စီမံခန့်ခွဲမှု၊ မြေယာဖွံ့ဖြိုးမှု စီမံချက်တွေ၊ မြေယာအသုံးချမှုတွေ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတွေ၊ သက်ဆိုင်ရာဒေသခံပြည်သူလူထုနဲ့ ကြိုတင်တိုင်ပင်ဆွေးနွေးမှုတွေ ရှိရမယ်၊ ကြိုတင်အသိပေးဆောင်ရွက်ရမယ်စတဲ့ အပိုင်းတွေပါဝင်ပါတယ်"ဟုပြောသည်။

ယနေ့ဆွေးနွေးပွဲများသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များ၊ ပူးတွဲကော်မတီဝင်များ၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့တို့မှ လုပ်ငန်းကော်မတီဝင်များ၊ အကျိုးတော်ဆောင်များနှင့် အထောက်အကူပြု ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**သူရဇော်၊ မျိုးသူဟိန်း**

**◯ ကမ္ဘောဒီးယားမှ**

မြန်မာ ယူ-၁၉ အသင်းသည် တီမောအသင်းနှင့် သရေကျခဲ့သည့် ပွဲထွက်လူစာရင်းကို အနည်းငယ်သာ အပြောင်းအလဲလုပ်ခဲ့ပြီး အဓိက ကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ နှစ်သင်းစလုံး ဆီမီးဖိုင်နယ်တက်ရောက်ရန် အရေးပါသည့်ပွဲဖြစ်သောကြောင့် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ ခုနစ်မိနစ်တွင် တိုက်စစ်မှူး ဝင်းနိုင်ထွန်းကြောင့် မြန်မာအသင်း ပင်နယ်တီကန်ခွင့်ရခဲ့သော်လည်း အသင်းခေါင်းဆောင် မြတ်ကောင်းခန့်၏ ကန်သွင်းမှုကို ကမ္ဘောဒီးယားဂိုးသမား ကာကွယ်နိုင်ခဲ့သည်။ ပင်နယ်တီမဝင်ခဲ့သော်လည်း မြန်မာအသင်းသည် ဂိုးရရန် ဆက်လက်ကြိုးပမ်းခဲ့ပြီး ၂၁ မိနစ်တွင် တိုက်စစ်မှူး ဝင်းနိုင်ထွန်းက လူကျွံထောင်ချောက်ကို ကျော်ဖြတ်ကာ ဂိုးသမားကိုပါလိမ်ပြီး ဂိုးစတင်သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းခွင့်များ ထပ်မံရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ ပထမပိုင်းအပြီးတွင် မြန်မာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင်လည်း မြန်မာအသင်းကသာ ဆက်လက်ဖိကစားနိုင်ခဲ့ပြီး ၅၂ မိနစ်တွင် ဝင်းနိုင်ထွန်းက ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ ၆၂ မိနစ်တွင် ကမ္ဘောဒီးယားအသင်း ချေပဂိုးတစ်ဂိုးပြန်ရခဲ့သော်လည်း ပွဲရလဒ်ကို ပြောင်းလဲနိုင်ခြင်းမရှိဘဲ မြန်မာအသင်းအတွက် တတိယအနိုင်ဂိုးကို ၇၅ မိနစ်တွင် မြတ်ကောင်းခန့်က သွင်းယူပေးခဲ့သည်။ ၈၈ မိနစ်တွင် မြန်မာအသင်း စတုတ္ထဂိုးထပ်ရခဲ့ပြီး အသင်းခေါင်းဆောင် မြတ်ကောင်းခန့်က သွင်းယူခဲ့ခြင်းဖြစ်သည်။

အုပ်စု(ခ)အခြားပွဲတွင် မလေးရှားအသင်းက ဘရူနိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စု(ခ)၌ မလေးရှားအသင်းက နှစ်ပွဲကစား ခြောက်မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး မြန်မာနှင့် တီမောအသင်းက နှစ်ပွဲကစား လေးမှတ်၊ ကမ္ဘောဒီးယားအသင်းက သုံးပွဲကစား သုံးမှတ်ရထားကာ ဘရူနိုင်းအသင်းမှာမူ သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်းသည် တတိယပွဲအဖြစ် ဇူလိုင် ၈ ရက်တွင် ဘရူနိုင်းအသင်းနှင့် ကစားရမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

ဥတုရာသီ တောကိုမို၏

# MRTV မှ မြန်မာနောက်ခံစကားပြော တရုတ်ကာတွန်းဇာတ်လမ်းတွဲ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇူလိုင် ၆**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)နှင့် ကွမ်ရှီး ပြည်သူ့အသံလွှင့်ဌာနတို့ ပူးပေါင်းတင်ဆက်သည့် မြန်မာနောက်ခံစကားပြော တရုတ်ကာတွန်းဇာတ်လမ်းတွဲ ထုတ်လွှင့်ပြသမည့် အစီအစဉ်နှင့်ပတ်သက်၍ မိတ်ဆက်သည့် အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) ဝင်း၌ ကျင်းပခဲ့သည်။



အဆိုပါ ကာတွန်းဇာတ်လမ်းတွဲ၏ အမည်မှာ "တောပျော်မျောက်ကလေးကြွမ့်ကြွမ့်" ဖြစ်ပြီး ကာတွန်းဇာတ်လမ်းတွဲကိုမူ ဩဂုတ်လမှစတင်၍ တနင်္ဂနွေနေ့နံနက်တိုင်းတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ဇာတ်လမ်းမှာ တရုတ်နိုင်ငံ ကွမ်ရှီးပြည် အနောက်တောင်ပိုင်းဒေသရှိ တောတောင်များကြားတွင် နေထိုင်သည့် ခေါင်းဖြူမျောက်ကလေး ကြွမ့်ကြွမ့်နှင့်တိရစ္ဆာန်အပေါင်းအဖော်များကြားတွင် စည်းစည်းလုံးလုံးရှိပုံနှင့် တောတောင်သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ကြပုံအကြောင်းဖြစ်သည်။

အခမ်းအနားတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးနှင့် ကွမ်ရှီး ပြည်သူ့အသံလွှင့်ဌာနညွှန်ကြားရေးမှူးချုပ် မစ္စတာဖန်းရီတို့က နှုတ်ခွန်းဆက်စကားများပြောကြားခဲ့ပြီး ကလေးငယ်များက ဉာဏ်စမ်းမေးခွန်းများဖြေဆိုခြင်း၊ ပန်းချီဆွဲခြင်းတို့ကို ပြုလုပ်ခဲ့သည်။

ယင်းနောက် ပြသလျက်ရှိသည့် မြန်မာနောက်ခံစကားပြော တရုတ်ဇာတ်လမ်းတွဲများနှင့် ပတ်သက်၍ ကြည့်ရှုအားပေးမှုကိုဆန်းစစ်ခြင်းများ ပြုလုပ်ကာ ပထမဆုရရှိသူ နှစ်ဦး၊ ဒုတိယဆုရရှိသူ လေးဦး၊ တတိယဆုရရှိသူ ခြောက်ဦးနှင့် နှစ်သိမ့်ဆုရရှိသူ ၃၈ ဦးတို့အား ဆုများအသီးသီးပေးအပ်ခဲ့ပြီး ပထမဆုရရှိသူများသည် ကွမ်ရှီးဒေသသို့ ငါးရက်တာ သွားရောက်ခွင့်ရရှိခဲ့သည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက "စတင်မိတ်ဆက်တဲ့ ကာတွန်းဇာတ်လမ်းတွဲကို လာမယ့်ဩဂုတ်လမှာစတင်ပြသပါမယ်။ အကြမ်းဖျင်း တနင်္ဂနွေနေ့ မနက်ပိုင်းမှာပြသဖို့ ရည်ရွယ်ထားပါတယ်။ အပိုင်း ၃၀ လောက်ပါပါတယ်။ တည်းဖြတ်ရင်းနဲ့ အပိုင်းတွေလည်းပိုများလာပါတယ်။ နှစ်ဖက်စာချုပ်အရ တရုတ်နိုင်ငံနဲ့ ဇာတ်လမ်းတွဲတွေကို သုံးနှစ်လောက်ဆက်လက်ပြသမှာပါ။ မြန်မာအသံထွက်ပြီး ပြတဲ့ဇာတ်ကားက သိပ်ပြီးအလေ့အထမရှိတော့ နားထောင်ခါစမှာ ကြည့်ရှုရတာ အခက်အခဲရှိပါတယ်။ ဝေဖန်မှုတွေလည်း ရှိပါတယ်။ အခုအချိန်မှာတော့ သက်ကြီးရွယ်အိုတွေက စာကိုလိုက်မဖတ်နိုင်ဘူး။ နောက်စာတတ်ခါစကလေးတွေက စာကို သိပ်ပြီးလိုက်မဖတ်နိုင်ဘူး။ ဒါကြောင့် သက်ကြီးတွေနဲ့ ကလေးတွေ ကြည့်ရှုရတာအဆင်ပြေပါတယ်ဆိုတဲ့ သတင်း ကျွန်တော်တို့ဆီ ပြန်ရောက်ပါတယ်။ လူကြိုက်လည်းများလာပါတယ်။ ဒါကြောင့် မြန်မာအသံထွက်ဇာတ်ကားတွေ ဆက်လက်ထုတ်လွှင့်ဖို့ စီစဉ်နေပါတယ်။ အခုပူးပေါင်းဆောင်ရွက်ဖို့ စီစဉ်ထားတဲ့ကိစ္စက ကျွန်တော်တို့ဆီမှာ မြန်မာဇာတ်ကားတွေကို မြန်မာနိုင်ငံမှာလာရိုက်ပြီး တရုတ်နိုင်ငံမှာ ပြန်ပြဖို့ပါ။ ဒါကို ကျွန်တော်တို့ ဆွေးနွေးနေပါတယ်။ ကျွန်တော်တို့ဆီမှာ စိတ်ဝင်စားဖွယ်ဇာတ်လမ်းတွေ အများကြီးရှိပါတယ်။ ပုဂံခေတ်၊ အင်းဝခေတ် စသည်ဖြင့်ပေါ့။ ဒါကို ကျွန်တော်တို့ဆီမှာလည်းပြမယ်။ သူတို့ဆီမှာလည်းပြမယ်။ အကုန်အကျများနိုင်လို့ စီစဉ်နေဆဲပါ" ဟုပြောသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်သူ့အသံလွှင့်ဌာနနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)တို့အကြား အသံလွှင့်လုပ်ငန်း သဘောတူညီချက်ဆောင်ရွက်မှုကို ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့သည်။ စာချုပ်အရ ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ကွမ်ရှီးနှင့် MRTV တို့မှ ကိုယ်စားလှယ်များ အပြန်အလှန်လေ့လာရေး သွားရောက်ခဲ့ပြီး လုပ်ငန်းလုပ်ဆောင်မှု ဖြည့်စွက်သဘောတူညီချက်စာချုပ်ကို ၂၀၁၇ ခုနှစ် မတ်လတွင် ရေးထိုးခဲ့သည်။ တရုတ် ရုပ်ရှင်ဇာတ်ကားများ ပူးတွဲထုတ်လုပ်ခြင်း သဘောတူစာချုပ်ကို ၂၀၁၇ ခုနှစ် ဇွန်လတွင် လက်မှတ်ရေးထိုးခဲ့သည်။

ကွမ်ရှီး ပြည်သူ့အသံလွှင့်ဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာဖန်းရီက "တရုတ်နိုင်ငံမှာလူကြိုက်များကျော်ကြားတဲ့ ကာတွန်းရုပ်သံဇာတ်လမ်းတွဲကို မြန်မာပြည်သူလူထုကို ပြသချင်လို့ အခုလိုစီစဉ်တာပါ။ မြန်မာလူမျိုးတွေ ဘယ်လိုနေထိုင်တယ်ဆိုတာ တရုတ်လူမျိုးတွေအနေနဲ့လည်းသိချင်ပါတယ်။ မြန်မာနိုင်ငံမှာ ရုပ်ရှင်လာရောက်ရိုက်ကူးပြီး မြန်မာလူမျိုးတွေ ဘယ်လိုပုံစံ နေထိုင်တယ်ဆိုတာကိုလည်း တရုတ်နောက်ခံစကားပြောနဲ့ ဖော်ပြချင်ပါတယ်" ဟု ပြောသည်။

ကွမ်ရှီးပြည်သူ့အသံလွှင့်ဌာနနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတို့၏ စာချုပ်ရလဒ်အဖြစ် တရုတ်ရုပ်သံဇာတ်လမ်းတွဲများကို မြန်မာစကားပြောနှင့် ထုတ်လွှင့်ပြသခဲ့သည်။ မြန်မာနောက်ခံစကားပြော ဇာတ်လမ်းတွဲများမှာ မင်္ဂလာပါချောင်ဟန်း၊ မေတ္တာမျဉ်းပြိုင်၊ အေးအတူ ပူအမျှ စသည့်ဇာတ်လမ်းတွဲများဖြစ်ပြီး လက်ရှိ မျဉ်းဖြောင့်တစ်ကြောင်း၏ မှတ်တမ်းရုပ်ရှင်ဇာတ်လမ်းတွဲကို ပြသလျက်ရှိသည်။

**သတင်းနှင့်ဓာတ်ပုံ-ညွန့်ကိုကို**

# ၂၀၁၉ ခုနှစ် မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ရူပဗေဒဘာသာရပ် နမူနာမေးခွန်းပုံစံ-၁

၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့်စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို သတင်းစာများတွင် ၂၀၁၈ ခုနှစ် မေ ၂ ရက်မှ မေ ၁၀ ရက်အထိ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ယခု ထပ်မံ၍ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် နမူနာမေးခွန်းပုံစံများကို သတင်းစာများတွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

(နမူနာမေးခွန်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။)

**2019 SAMPLE QUESTION**
**MATRICULATION EXAMINATION**
**DEPARTMENT OF MYANMAR EXAMINATION**

**PHYSICS** **Time Allowed: (3) Hours**

**WRITE YOUR ANSWERS IN THE ANSWER BOOKLET**

**The symbols in this paper have their usual significance**

## SECTION (A)

(Answer **ALL** questions)

1. Choose the correct answer from the followings. (4 marks)
   (i) 1mmHg is equivalent to ………. .
   (A $1.013\times10^5$ Pa B 133 Pa C 760 torr)
   (ii) When light passes from one medium to another ………. remains the same.
   (A frequency B wavelength C direction)
   (iii) The soft X-rays can penetrate ………. .
   (A bones B flesh C steel)
   (iv) The fuse wire is made of ………. alloy.
   (A iron-lead B tin-lead C copper-tin)

2. Match the followings. (4 marks)

| | | |
|---|---|---|
| (i) | Ammeter | A. atmospheric pressure |
| (ii) | Barometer | B. ac to dc |
| (iii) | Rectifier | C. total reflecting prism |
| (iv) | Binocular | D. current |

3. What is the meaning of 1hp? (4 marks)
   When a spring is loaded with 75 N the extension of the spring is 6 cm. If a load of 10 kg is loaded to it, what will be the extension of the string? ($g = 10\ ms^{-2}$)

4. An animal of skin surface area 1.5 $m^2$ is in a room of temperature 29°C. If the rate of heat loss due to convection is 0.01 W, what will be the temperature of the animal's skin? (Heat convection constant = $1.7\times10^{-3}\ W\ m^{-2}K^{-1}$). (4 marks)

5. Which type of lens is used in a photocopier? Draw a ray diagram which shows an equal-sized copy in photocopier. (4 marks)

6. A positive charge of $4\times10^{-6}$ C exerts a force of attraction of 7.2 N on a second charge 25 cm away. What is the sign and magnitude of the second charge? (4 marks)
   ($K = \frac{1}{4\pi\varepsilon_0} = 9\times10^9\ Nm^2C^{-2}$)

7. How can you connect a 6 μF capacitor with a 12 μF capacitor to get a 4 μF? (4 marks)
   Draw a graph to describe the relation $n - \sqrt{T}$ for a stretched string.
   ($n$ = frequency of the string, $T$ = tension in the string.)

8. Draw a simple circuit to demonstrate the principle of an OR gate by using two switches, a battery and a lamp. Also, draw a truth table of the OR gate. (4 marks)

9. What is meant by nuclear chain reaction? (4 marks)
   Where does (i) controlled chain reaction and (ii) uncontrolled chain reaction take place?

## SECTION (B)

(Answer any **FOUR** questions)

10. (a) State the Archimedes's Principle. Describe an application of this principle. (8 marks)
    The density of the lead block is 11.5 g $cm^{-3}$ and it is floating in mercury of density 13.6 g $cm^{-3}$. (i) What portion of the lead block is immersed in mercury? (ii) What force is needed to press the block to immerse it totally if the mass of the lead block is 4 kg? (iii) Why is the lead block floating in mercury?

    (b) (i) Define heat convection. Explain with a diagram why an air conditioner should be best positioned high, near the ceiling of a room. (8 marks)
    (ii) A tuning fork is struck and placed over the open end of a resonance tube with adjustable air column. If resonances occur when the air column is 16.2 cm and 54.8 cm long, find the velocity of sound from these values. Frequency of tuning fork is 440 Hz.

11. (a) How do you understand the total internal reflection? Name two uses of concept of total internal reflection. (8 marks)
    A cube of ice of refractive index 1.31 is placed on a glass slab of refractive index 1.6. If a ray of light passing from the glass slab to the ice has an angle of incidence of 60°, will the ray enter the ice? Draw a ray diagram to illustrate your answer.

    (b) Define the principal focus of convex lens. (8 marks)
    The virtual image of an object is formed 24 cm from a lens of focal length 8 cm. (i) Find the distance between the object and the lens. Draw a ray diagram to show the formation of image. (ii) How far must the object be placed from the lens to obtain a real image of the same size as the virtual image obtained previously?

12. (a) What are some properties of electric force between two charges? (8 marks)
    (i) Find the direction and the magnitude of the electric field intensity due to the carbon nucleus at a point 0.1 nm from the nucleus. (ii) Find also the direction and magnitude of the force on a proton placed at that point.
    ($e = 1.6\times10^{-19}$ C, $K = \frac{1}{4\pi\varepsilon_0} = 9\times10^9\ Nm^2C^{-2}$)

    (b) If the electric field intensity at a point in an electric field is zero, is the electric potential at that point necessarily zero? (8 marks)
    Two point charges, +4 nC and −9 nC, are 40 cm apart. Find the points of equal electric potential which are on the line joining the two charges.

13. (a) Draw the electric circuit for measurement of current and voltage to demonstrate the Ohm's law. (8 marks)
    In the electric circuit shown below, find the reading of the ammeter A when the switch is: (i) open (ii) closed.




    (b) Consider a charged particle $+q$ which is moving perpendicular to the magnetic field $B$ with a velocity $v$. Draw the diagram to show the magnetic force acting on the moving charge. Name the rule to find the direction of magnetic force. (8 marks)
    A 220 V voltmeter has a resistance of 20 kΩ. When it is connected in series with a resistor across a 200 V mains line, it reads 10 V. What is the resistance of the resistor?

14. (a) How are X-rays and gamma rays similar? (8 marks)
    What are the origins of these rays?
    Give two uses of these rays.

    (b) Describe the construction and circuit symbol of a p-n junction diode. (8 marks)
    Does the diode obey Ohm's law? Explain.
    Which semiconductor device is used as a rectifier? Why?
    Draw a half-wave rectifier circuit.

15. (a) Mercury is used in a barometer rather than water. Why? Give your answer with the necessary calculations. (8 marks)
    Show that the angle of incidence is equal to the angle of emergence for a ray passing through a glass slab with parallel sides.

    (b) What is an equipotential surface? Draw the electric lines of force and equipotential surfaces around a charge −Q. (8 marks)
    How much work is done in moving a charge of $+1.6\times10^{-19}$ C from one point to another on the surface of a charged conducting sphere of 200 V?

**(OR)**

15. (a) How do you understand the radioactive tracers? Give two uses of radioactive tracers. Why is it important to use radioactive tracers with short half-lives? (8 marks)
    Explain how a transistor can be used as a current amplifier and as a power amplifier.

    (b) Why is electrical energy transformed into heat energy when a current flows through a resistor? (8 marks)
    An electric stove of 1200 W is connected to a 240 V mains line. (i) Find its resistance. (ii) Find the current flowing through it. (iii) Find the number of calories produced in one second by it. (iv) Find the electrical power produced by it when the voltage of the mains line drops to 200 V. ($J = 4.2\ J\ cal^{-1}$)

--------------------------------------------------------------------

# (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပစဉ် လမ်းကြောင်းများဖြတ်သန်းသွားလာမှု ယာယီပိတ်ထားမည်

၁။ (၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ရန်ကုန်မြို့၊ အာဇာနည်ဗိမာန်၌ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် နံနက် ၈ နာရီအချိန်တွင် စတင်ကျင်းပမည်ဖြစ်ရာ ဇူလိုင် ၁၈ ရက် ညနေ ၆ နာရီမှ ဇူလိုင် ၁၉ ရက် ညနေ ၆ နာရီအထိ အောက်ဖော်ပြပါလမ်းကြောင်းများကို ဖြတ်သန်းသွားလာမှု ယာယီပိတ်ဆို့ထားမည် ဖြစ်ပါသည်-

(က) ဦးဝိစာရလမ်းနှင့် အနောက်ရွှေဂုံတိုင်လမ်းဆုံမှ အနောက်ရွှေဂုံတိုင်လမ်းအတိုင်း လင့်လမ်းနှင့် ဆုံရာအထိ။

(ခ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံဘုရားအရှေ့မုခ် စောင်းတန်းအထိ။

(ဂ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်ဗိမာန်သို့ တက် ရောက်ရာ အုတ်လှေကားလမ်းနှင့် ကျောက်ဆည်ဓမ္မာရုံဘေး လမ်းကြားများ။

၂။ အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားထားသော ဧည့်သည်တော်များသည် ရွှေတိဂုံ တောင်ဘက်မုခ်မှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်မှတစ်ဆင့် ရွှေတိဂုံမြောက်ဘက်မုခ်ရှိ အာဇာနည်ဗိမာန်ဝင်ပေါက် ဂိတ် (၂)မှ ဝင်ရောက်ပြီး အနောက်ရွှေဂုံတိုင်လမ်းသို့ ဂိတ်(၃)မှ ပြန်လည်ထွက်ခွာရမည်ဖြစ်သည်။

၃။ ဇူလိုင်လ ၁၉ ရက်နေ့ မွန်းတည့် ၁၂ မှ ညနေ ၅ နာရီအထိ အာဇာနည်ဗိမာန်သို့ အများပြည်သူ လာရောက်ဂါရဝပြုနိုင်ရန် ဖွင့်လှစ်ထားမည်ဖြစ်ရာ လာရောက်ကြမည့်ပြည်သူများသည် အနောက်ရွှေဂုံတိုင်လမ်းမှတစ်ဆင့် အနောက်ရွှေဂုံတိုင်လမ်းနှင့် အာဇာနည်လမ်းဆုံရှိ ဂိတ် (၁)မှ ဝင်ရောက်၍ ဂိတ် (၂)မှတစ်ဆင့် အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်စောင်းတန်းသို့ ထွက်ခွာရမည်ဖြစ်ပါသည်။

၄။ အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်နှင့် ဝန်ကြီးများရုံး (အတွင်းဝန်များရုံးဟောင်း)သို့ ဝင်ရောက်ဂါရဝပြုကြမည့်သူများသည် ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်း အမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း၊ ဘူးအမျိုးမျိုး၊ အလံအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်၊ သံပိုက်၊ ကော်ပိုက်နှင့် ကြိုတင်စစ်ဆေးခံယူမှုမရှိသော လုံခြုံရေးကို ထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ခွင့်မပြုကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်။

၅။ အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်နှင့် ဝန်ကြီးများရုံး (အတွင်းဝန်များရုံးဟောင်း)သို့ ဝင်၊ ထွက်ရာ လမ်းကြောင်းနှင့် ဂိတ်များ၌ လုံခြုံရေးအရ ရှာဖွေစစ်ဆေးမှုများကို ပူးပေါင်းကူညီသောအားဖြင့် ကြည်ဖြူစွာ အစစ်ဆေးခံပေးကြပါရန်နှင့် သတ်မှတ်လမ်းကြောင်းမှသာ စည်းကမ်းတကျ ဝင်ရောက်ထွက်ခွာကြပါရန် မေတ္တာရပ်ခံပါသည်။


### အသိပေးကြေညာချက်

အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်သို့ လာရောက်ကြည့်ရှု လေ့လာမည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်သို့ ဝင်ရောက်ခွင့်မပြုကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်-

- ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး
- ကင်မရာအမျိုးမျိုး
- လက်ကိုင်ဖုန်းအမျိုးမျိုး
- ဗီနိုင်းစအမျိုးမျိုး
- ပုလင်း/ဘူးအမျိုးမျိုး
- အလံအမျိုးမျိုး
- အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် သံပိုက်/ကော်ပိုက်များ
- လက်ကိုင်အိတ်အမျိုးမျိုး
- မီးခြစ်အမျိုးမျိုး

၂၀၁၈ ခုနှစ်၊ (၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား
လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ

# အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့်နေရာအား LED ဖြင့် ပြသမည်

**ရန်ကုန် ဇူလိုင် ၆**

(၇၁)နှစ်မြောက်အာဇာနည်နေ့တွင် ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး) အပေါ်ထပ်ရှိ အာဇာနည်ခေါင်းဆောင်ကြီးများလုပ်ကြံခံရသည့် အစည်းအဝေးခန်းမကို ယခုနှစ်တွင် တက်ရောက်ကြည့်ရှုခွင့်မပြုကြောင်း ဝန်ကြီးများရုံး ပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှသတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ဦးဇွဲရဲရင့်က ပြော သည်။

"အပေါ်ထပ်ကအကြီးစားပြုပြင်ထိန်းသိမ်းရေးတွေပြုလုပ်တဲ့အတွက်ကြောင့် ဒီနှစ်မှာပြသခွင့်ကိုယာယီရပ်ထားတယ်၊ ဗိုလ်ချုပ်တို့ကျဆုံးတဲ့ခန်းမကိုယာယီပိတ်ပေးထားတယ်၊ LED ဘုတ်တွေနဲ့လာရောက်လေ့လာသူတွေကိုအောက်မှာပြထားပေးမှာပါ၊ မနှစ်ကတော့ အပေါ်ပေးတက်တယ်၊ ဒီနှစ်ကတော့ပေးမတက်တော့ဘူး၊ နောက်နှစ်တွေတော့ ပြင်ဆင်မှုတွေပြီးရင်ပေးတက်မှာပါ"ဟု ဦးဇွဲရဲရင့်က ပြောသည်။

ထို့အပြင် ယခုနှစ်တွင်ဝန်ကြီးများရုံးအား အကြီးစားပြင်ဆင်မှုများ ပြုလုပ်နေခြင်းကြောင့် အာဇာနည်နေ့တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ တစ်ရက်တည်းသာဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မနှစ်ကသုံးရက်ဖွင့်ပေးတာပါ၊ မနှစ်ကစစ်တမ်းအရတော့ လူအယောက်သုံးသောင်းလောက်လာတယ်၊ ဒီနှစ်က တစ်ရက်တည်းဖွင့်ပေးမှာဖြစ်တဲ့အတွက် လူများလိမ့်မယ်ထင်တယ်၊ ဒီနှစ်က ပြင်ဆင်မှုအကြီးစားဆောင်ရွက်နေလို့တစ်ရက်ပဲ ဖွင့်တာပါ၊ မနှစ်ကလှေကားလေးပဲပြင်တော့ သုံးရက်ဖွင့်ပေးတာပါ၊ အားလုံးပြင်ဆင်ပြီးရင်တော့အားလုံးအဆင်ပြေသွားမှာပါ၊ ကျွန်တော်တို့အဖွဲ့ကလည်း အမြန်ဆုံးပြီးစီးအောင်အတတ်နိုင်ဆုံးဆောင်ရွက်နေပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီဝင် စာရေးဆရာမ ဒေါ်သန်းမြင့်အောင်က "အပေါ်ထပ်က ဗိုလ်ချုပ်အောင်ဆန်းတို့ကျဆုံးခဲ့တဲ့ အခန်းတွေ၊ပစ္စည်းတွေကိုတော့ LEDနဲ့ဖြစ်စေ၊ တီဗွီနဲ့ဖြစ်စေပြသပြီးတော့တချို့နေရာတွေမှာလည်းဗီနိုင်းတွေနဲ့ ပြသသွားမှာပါ၊ အဆောက်အအုံတွေကနှစ်ပေါင်းကြာလာပြီဖြစ်တဲ့အတွက် ကြံ့ခိုင်မှုအရအန္တရာယ်ရှိတဲ့အတွက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းရဲ့မှတ်ချက်အရ ဒီလိုစီစဉ်ခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါဝန်ကြီးများရုံးတွင် ဇူလိုင် ၇ ရက် နံနက် ၇ နာရီ ၄၅ မိနစ်တွင် အာဇာနည်နေ့အထိမ်းအမှတ်ကလေးပန်းချီပြပွဲဆုပေးပွဲ အခမ်းအနားကျင်းပသွားမည်ဖြစ်ပြီး အဆိုပါအခမ်းအနားသို့ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များကို ဖိတ်ကြားကာ အာဇာနည်ခေါင်းဆောင်ကြီးများ၏နေရာများအား ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလိုက်လံပြသ၍ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇာနည်မောင်၊ အေးမင်းသူ**

# လူငယ်ဘောလုံးအသင်းဝင်များ လိုဏ်ဂူပြင်ပသို့ထွက်လာနိုင်ရေးအတွက် ဒိုးပျံပုံစံဓာတ်လှေကားစနစ်ဖြင့် ကယ်ထုတ်မည်



**မယ်ဆိုင် ဇူလိုင် ၆**

ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် မယ်ဆိုင်မြို့ ပုံဖာရပ်ကွက် ဒွိုင်းနန်းနွန်းတောင်ခြေရှိ ထမ်လုံခွန်နမ့် လိုဏ်ဂူအတွင်းရှိ လူငယ်ဘောလုံးအသင်းဝင် ၁၃ ဦးအား ခေါ်ထုတ်နိုင်ရေးအတွက် ချီလီနိုင်ငံမှမိုင်းတွင်းလုပ်သားများကိုကယ်တင်ခဲ့သည့် နည်းလမ်းအတိုင်း ဒိုးပျံပုံစံဓာတ်လှေကားစနစ်ဖြင့် ကယ်ထုတ်ရန် ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက ဆောင်ရွက်နေကြောင်း ထိုင်းနိုင်ငံမှ လာသည့်သတင်းများအရ သိရသည်။

### ဒုံးပျံဓာတ်လှေကားစနစ်

ပြီးခဲ့သည့် ၂၀၁၀ ပြည့်နှစ်က ချီလီနိုင်ငံ၌ မိုင်းတွင်းပြိုကျခဲ့ရာ မိုင်းလုပ်သား ၃၃ ဦးပိတ်မိခဲ့သောကြောင့် ၎င်းတို့အားကယ်ထုတ်နိုင်ရန်အတွက် ၆၉ ရက်ကြာ ကြိုးစားခဲ့ရကြောင်း၊ မိုင်းတွင်းလုပ်သားများရှိနေသည့် အနီးဆုံးနေရာကို ရေနံတွင်းတူးဖော်စက်ပုံစံဖြစ်သော မြေကျောက် ထိုးဖောက်စက်များဖြင့်အခေါင်းဖောက်ပြီး သံပိုက်လုံးကြီးထဲတွင် လူတစ်ကိုယ်စာလိုက်ပါနိုင်သော ဒုံးပျံပုံစံ ဓာတ်လှေကားပြုလုပ်၍ တစ်ဦးချင်းဆွဲတင်နိုင်ခဲ့ကြောင်း၊ ယခုပိတ်မိနေကြသည့် ထမ်လုံခွန်နမ့် လိုဏ်ဂူအတွင်းမှ ရေငုပ်ပြီးသွားရန်အခက်အခဲများပြားပြီး အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ယခုကဲ့သို့ မိုင်းတွင်းလုပ်သားများကိုကယ်တင်ခဲ့သည့် နည်းလမ်းအတိုင်း ဒုံးပျံပုံစံဓာတ်လှေကားစနစ်ဖြင့် ကယ်တင်ရန် စတင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း The Nation သတင်းဌာနမှဖော်ပြခဲ့သည်။

ထိုင်းရေတပ်မှပေးပို့လာသည့်သတင်းအချက်အလက်အရ လိုဏ်ဂူအတွင်းရှိ လူငယ်ဘောလုံးအသင်းဝင် ၁၃ ဦးမှာ နေ့နှင့်ည ရောက်လာသည့်အချိန်ကို ၎င်းတို့ကြားရသည့်အသံဖြင့်မှန်းဆကြည့်နေရသည်ဟုဆိုသည့်အချက်မှာ အဓိကကျကြောင်း၊ နံနက်ခင်းရောက်ရှိပြီဆိုသည်ကို တိတ်ဆိတ်နေသည့်ကျောက်ဂူအတွင်းမှနေ၍ ကြက်တွန်သံနှင့် ခွေးဟောင်သံတွေကြားရသည်ဟု ၎င်းတို့ကပြောကြကြောင်း၊ ထို့အတွက်ကြောင့် လူငယ်ဘောလုံးအသင်းဝင်များရှိနေသည့် ထမ်လုံခွန်နမ့် လိုဏ်ဂူနှင့်အနီးတစ်ဝိုက်တွင် လူနေအိမ်များရှိနိုင်ပြီး ကျောက်တောင်ကြားရှိ အက်ကွဲပေါက်များမှတစ်ဆင့် ကြားရနိုင်သည်ဟုသုံးသပ်ရကြောင်း ကယ်ဆယ်ရေးအဖွဲ့မှတာဝန်ရှိသူများကဆိုသည်။

### အင်အားထပ်မံဖြည့်တင်း

ထမ်လုံခွန်နမ့် လိုဏ်ဂူအတွင်း လူငယ်ဘောလုံးအသင်းဝင်များ ၁၄ ရက်မြောက် ပိတ်မိနေသည့်နေ့ဖြစ်သည့် ဇူလိုင် ၆ ရက် နေ့လယ်ပိုင်းက ဩစတြေးလျနိုင်ငံဖက်ဒရယ်ရဲတပ်ဖွဲ့မှ အထူးရေငုပ်အဖွဲ့များနှင့်အတူ နိုင်ငံခြားသားရေငုပ်သမားအဖွဲ့ အင်အားထပ်မံဖြည့်တင်းရန်အတွက် ရေငုပ်ဝတ်စုံများဖြင့် ဂူအတွင်း ဝင်ရောက်ခဲ့ကြကြောင်း၊ ရေတပ်မှအနားယူပြီး လေကြောင်းဦးစီးဌာန သုဝဏ္ဏဘူမိလေဆိပ်၌ဝင်ရောက်အလုပ်လုပ်ကိုင်နေသော လူငယ်ဘောလုံးအသင်းဝင်များအတွက် မိမိဆန္ဒအရ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသည့် ထိုင်းနိုင်ငံရေတပ်မှ ကျွမ်းကျင်ရေငုပ်သမားဖြစ်သူ တပ်ကြပ်ကြီးဟောင်း မစ္စတာ စမန်း ဘွန်အမ်း (၃၇နှစ်)မှာလည်း ဇူလိုင် ၅ ရက်ညပိုင်းက လိုဏ်ဂူအတွင်းမှ ရေငုပ်ပြီးပြန်လာရာဂူလမ်းကြောင်းအတွင်း လမ်းခုလတ်တွင် ရုတ်တရက် သတိလစ်မေ့မြောသွားသောကြောင့် ဝိုင်းဝန်းကယ်ဆယ်ခဲ့သော်လည်း ဒေသစံတော်ချိန် ယနေ့နံနက် ၂ နာရီခန့်တွင် သေဆုံးသွားကြောင်း ချင်းရိုင်ခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ပါဆခွန် ဘွန်ညာလပ်က နိုင်ငံတကာမီဒီယာများအား ပြောကြားခဲ့သည်။

တပ်ကြပ်ကြီးဟောင်း မစ္စတာ စမန်း ဘွန်အမ်း၏ သေဆုံးရုပ်ကလာပ်အား လိုဏ်ဂူအပြင်သို့သယ်ထုတ်ခဲ့ကြပြီး တပ်မတော်ဆေးရုံမှတစ်ဆင့် ၎င်း၏မိသားစုရှိရာ လွိုက်အေ့က်မြို့သို့ ဆက်လက် သယ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ၎င်း၏ဈာပနအား နိုင်ငံတော်အခမ်းအနားဖြင့် ဂုဏ်ပြုသင်္ဂြိုဟ်သွားမည်ဖြစ်ကြောင်း၊ ထိုင်းဘုရင်မင်းမြတ်ကလည်း ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲကြောင်း မိန့်ကြားထားသည်။

ထို့အပြင် ထမ်လုံခွန်နမ့် လိုဏ်ဂူအတွင်းရှိ လူငယ်ဘောလုံးအသင်းဝင် ၁၂ ဦးနှင့် နည်းပြတို့အား ရုရှားနိုင်ငံ မော်စကိုမြို့၌ ဇူလိုင် ၁၅ ရက်တွင် ကျင်းပမည့် ကမ္ဘာ့ဖလားဖိုင်နယ်ပွဲ၌ ဧည့်သည်တော်အဖြစ် တက်ရောက်ရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ဖိတ်ကြားလိုက်ကြောင်း ထိုင်းနိုင်ငံမှလာသည့်သတင်းများအရသိရသည်။

**ပွင့်သစ္စာ**

**ဓာတ်ပုံ- Thai NavySEAL**

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မြောက်ကိုရီးယားခရီးစဉ် စတင်

**ပြုံယမ်း ဇူလိုင် ၆**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုသည် မြောက်ကိုရီးယားနိုင်ငံသို့သွားရောက်သည့် နှစ်ရက်ကြာခရီးစဉ်ကို စတင်လိုက်ပြီး မြို့တော်ပြုံယမ်းသို့ ဇူလိုင် ၆ ရက်တွင် ရောက်ရှိလာကြောင်း၊ ၎င်းသည်နျူကလီးယားလက်နက်ဖျက်သိမ်းရေး အပြီးတိုင်ဆောင်ရွက်နိုင်ရေးအတွက် အချိန်ဇယားသတ်မှတ်နိုင်ရန် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် အကြီးတန်း တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇူလိုင် ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ဝန်ကြီးပွန်ပီယိုသည် ယခုနှစ်အတွင်း ၎င်း၏ တတိယမြောက်ခရီးစဉ်အဖြစ် မြောက်ကိုရီးယားသို့ ရောက်ရှိလာခြင်းဖြစ်သည်။ စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သော အမေရိကန်-မြောက်ကိုရီးယား သမိုင်းဝင် ထိပ်သီးဆွေးနွေးပွဲ နောက်ပိုင်းကာလတွင် မြောက်ကိုရီးယားသို့ လာရောက်သည့် ပထမဆုံးခရီးစဉ်လည်းဖြစ်သည်။

နျူကလီးယား လက်နက်ဖျက်သိမ်းရေးအတွက် အမေရိကန်၏ တောင်းဆိုမှုအတိုင်းအတာကို မြောက်ကိုရီးယားက သဘောပေါက် နားလည်ထားကြောင်း လွန်ခဲ့သည့်လအတွင်း အထက်လွှတ်တော်ကြားနာမှုတွင် ပွန်ပီယိုက ပြောကြားခဲ့သည်။

မြောက်ကိုရီးယားအနေဖြင့် နျူကလီးယားလက်နက်နှင့် ပဲ့ထိန်းဒုံးကျည်အရေးအတွက် အတိအကျကို ကြေညာပေးရန် အမေရိကန်က တိုက်တွန်းလျက်ရှိသည်။

ပွန်ပီယို၏ ခရီးစဉ်အတွင်း ယင်းအရေးကိစ္စကို ဆွေးနွေးမည်ဖြစ်သည်။

ပွန်ပီယိုအား ပြုံယမ်းလေဆိပ်၌ အာဏာရပါတီမှ အထက်တန်း တာဝန်ရှိသူလည်းဖြစ်၊ ထောက်လှမ်းရေးအကြီးအကဲဟောင်းလည်းဖြစ်သူ ကင်ယောင်ချိုနှင့် နိုင်ငံခြားရေးဝန်ကြီး ရီယောင်ဟိုတို့က ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက်တွင် ပွန်ပီယိုသည် ကင်ယောင်ချိုနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ၎င်းသည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် တိုက်ရိုက်တွေ့ဆုံရန် ရှိ၊ မရှိ အတိအကျ မသိရသေးပေ။

ပွန်ပီယိုသည် မြောက်ကိုရီးယားခရီးစဉ် ပြီးဆုံးသည့်အခါ ဂျပန်၊ ဗီယက်နမ်နှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုတို့သို့ ဆက်လက်သွားရောက်မည်ဖြစ်ပြီး ယင်းနောက်တွင် ဘယ်လ်ဂျီယံနိုင်ငံသို့ ဆက်လက်



ထွက်ခွာမည်ဖြစ်သည်။ ပွန်ပီယိုသည် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ကျင်းပမည့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး) ထိပ်သီးဆွေးနွေးပွဲသို့ သမ္မတ ဒေါ်နယ်ထရန့်နှင့်အတူ တက်ရောက်မည်ဖြစ်သည်။ **ကျော်ဒို**

# ရဲတပ်ဖွဲ့၏ပစ်ခတ်မှုကြောင့် လူငယ်တစ်ဦးသေဆုံးမှု ပြင်သစ်အနောက်မြောက်ပိုင်းတွင် အဓိကရုဏ်းမှုများဖြစ်ပွား

**နန်တေး ဇူလိုင် ၆**

ပြင်သစ်နိုင်ငံ အနောက်မြောက်ပိုင်းတွင် လူငယ်တစ်ဦးကို ရဲတပ်ဖွဲ့က သေနတ်ဖြင့် ပစ်သတ်ခဲ့သည့်ဖြစ်ရပ်ဖြစ်ပွားခဲ့ပြီးနောက် မကျေမနပ်ဖြစ်နေကြသော လူအုပ်ကြီးက ဆူပူအုံကြွမှုများ ပြုလုပ်လျက်ရှိကြကြောင်း၊ အဓိကရုဏ်းဖြစ်စဉ်များ ဆက်လက်ဖြစ်ပွားနေသော နန်တေးမြို့၌ တတိယမြောက်ညအဖြစ် ဇူလိုင် ၆ ရက်ညက မော်တော်ယာဉ် ဒါဇင်ပေါင်းများစွာနှင့် အဆောက်အအုံအချို့တို့ကို ဆူပူအုံကြွသူများက မီးရှို့ဖျက်ဆီးခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူ အများအပြား နေထိုင်သော နန်တေးမြို့၏ ဆင်ခြေဖုံးအရပ်များ၌ လူငယ်များနှင့် ရဲတပ်ဖွဲ့အကြား တင်းမာမှုများ ဖြစ်ပွားလျက်ရှိသည်။

မီဒီယာများ၏ဖော်ပြချက်အရ အဘူဘာကာအက်ဖ်ဆိုသူ လူငယ်တစ်ဦးကို သေနတ်ဖြင့် ပစ်သတ်မှုဖြင့် ရဲအရာရှိတစ်ဦးကို ထိန်းသိမ်းထားပြီး စုံစမ်းစစ်ဆေးလျက်ရှိသည်။ နန်တေးမြို့၏ဆင်ခြေဖုံးအရပ်များတွင် နေထိုင်သူများမှာ ဆင်းရဲနွမ်းပါးသူများဖြစ်ကြပြီး ချိုးနှိမ်ဆက်ဆံခံရမှုများရှိနေသည်ဟုဆိုကြသည်။ ရဲတပ်ဖွဲ့၏ ရက်စက်ကြမ်းကြုတ်သော အပြုအမူများနှင့် အမြဲတစေ တွေ့ကြုံရလေ့ရှိသည်ဟုလည်း ဒေသခံတို့က ပြစ်တင်ပြောဆိုလေ့ရှိကြသည်။

မှတ်ပုံတင်ကတ်ပြား ရှိ၊ မရှိ စစ်ဆေးမှုပြုလုပ်စဉ်အတွင်း ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ ပစ်သတ်မှုကို ခံခဲ့ရသူလူငယ်တစ်ဦးဘက်မှ ဒေါသထွက်နေသူများက မော်တော်ယာဉ် ၅၂ စီးကို မီးရှို့ဖျက်ဆီးခဲ့ကြရာတွင် မြို့တော်ဝန်၏ ကိုယ်ပိုင်ကားတစ်စီးလည်း ပါဝင်သည်ဆို၏။

မီးတင်ရှို့ခြင်း သို့မဟုတ် အကြမ်းဖက်ဖျက်ဆီးခြင်းကြောင့် အဆောက်အအုံရှစ်လုံးပျက်စီးခဲ့ရသည်။ ပျက်စီးခဲ့ရသော အဆောက်အအုံများတွင် ဈေးတန်းတစ်နေရာရှိ အရက်ဆိုင်တစ်ဆိုင်လည်းပါဝင်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။ **အေအက်ဖ်ပီ**




# ဂျပန်နိုင်ငံတွင် မိုးအဆက်မပြတ်ရွာသွန်း သုံးဦးသေဆုံးပြီး လေးဦးပျောက်ဆုံးလျက်ရှိ

**ကျိုတို ဇူလိုင် ၆**

ဂျပန်နိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် နောက်ဆက်တွဲ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သည့်အတွက် ဂျပန်မိုးလေဝသနှင့် ဇလဗေဒအေဂျင်စီက စီရင်စုရှစ်ခုအတွင်း အရေးပေါ်ကြေညာချက်များ ထုတ်ပြန်ကြေညာထားကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

## အရေးပေါ်ကြေညာ

ဖူကူအိုကာ၊ ဆာဂါ၊ နာဂါဆာကီ၊ ဟီရိုရှီးမား၊ အိုကေရာမာနှင့် တော့တိုရီ စီရင်စုခြောက်ခုကို အစောပိုင်းက အရေးပေါ်ကြေညာချက် ထုတ်ပြန်ထားပြီးဖြစ်သည့်အပြင် ဟျိုင်ဂိုနှင့် ကျိုတိုစီရင်စုများကို ထပ်မံအရေးပေါ်ကြေညာချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ပြည်သူများကို ဘေးလွတ်ရာနေရာများသို့ ပို့ဆောင်ထားပြီးဖြစ်ကြောင်းနှင့် သတိဝီရိယဖြင့် နေထိုင်ကြရန် မှာကြားထားကြောင်း မိုးလေဝသနှင့် ဇလဗေဒအေဂျင်စီ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်ဆိုးကျိုးများ နောက်ဆက်တွဲဖြစ်ပေါ်တတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

## ရထားတစ်စင်းလမ်းချော်

ဆာဂါစီရင်စုတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြေများပြိုကျကာ ရထားတစ်စင်း လမ်းချော်မှုဖြစ်ပွားခဲ့ကြောင်းနှင့် ထိုအချိန်တွင် ခရီးသည်တစ်ဦးမျှ သယ်ဆောင်လာခြင်းမရှိသည့်အတွက် ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း ဆာဂါဒေသန္တရရဲတပ်ဖွဲ့က ဆိုသည်။

## မြစ်ထဲသို့မျောပါ

မိုးအဆက်မပြတ်ရွာသွန်းခဲ့ပြီး ရေကြီးရေလျှံခြင်းနှင့် မြေပြိုမှုများကြောင့် ဂျပန်နိုင်ငံအနောက်ပိုင်းတွင် လူသုံးဦးသေဆုံးခဲ့သည်။ ၎င်းအနက် နှစ်ဦးသည် ရေစီးသန်သော ရေစီးကြောင်းအတွင်း မျောပါသွားကာ မြစ်ထဲသို့ မျောပါသွားခဲ့သည်။ ကျန်တစ်ဦးသည် အမှိုက်သရိုက်များပိတ်ဆို့နေသော မြောင်းများကို ရှင်းလင်းရေးလုပ်နေစဉ် ရေစီးနှင့်အတူ မျောပါသွားခြင်းဖြစ်ကြောင်း သိရသည်။

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လူလေးဦးပျောက်ဆုံးလျက်ရှိသည်။ အဆိုပါလေးဦးအနက် နှစ်ဦးသည် ဖူကူအိုကာစီရင်စုရှိ ကီတာကျူးရှူးမြို့ အစိတ်အပိုင်းတစ်နေရာတွင် မြေပြိုမှုဖြစ်ပွားကာ ပျောက်ဆုံးခဲ့သည်။ ကျန်နှစ်ဦးသည် ရေစီးနှင့်အတူ မြစ်အတွင်းသို့ မျောပါသွားနိုင်ဖွယ်ရှိကြောင်း အာဏာပိုင်များကဆိုသည်။

မြစ်ရေသည် ရေကြီးရေလျှံမှုသတိပေးမျဉ်း၏အထက်ကို ကျော်လွန်နေပြီဖြစ်ကြောင်း သိရသည်။

## ဘေးလွတ်ရာသို့ပို့ဆောင်

ဂျပန်နိုင်ငံအနောက်ပိုင်း စီရင်စု ၁၇ ခုရှိ လူပေါင်း ရှစ်သိန်းခန့်ကို ဘေးလွတ်ရာသို့ ပို့ဆောင်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# တိုကျိုမြေအောက်ရထားဘူတာရုံတွင် အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် အုပ်ဂိုဏ်းခေါင်းဆောင်နှင့် နောက်လိုက်ခြောက်ဦးတို့ကို ကွပ်မျက်

**တိုကျို ဇူလိုင် ၆**

တိုကျိုမြို့ရှိ မြေအောက်ရထားဘူတာရုံတစ်ရုံတွင် ဆာရင်အဆိပ်ဓာတ်ငွေ့ဖြင့် တိုက်ခိုက်မှုကျူးလွန်ရာတွင် စီစဉ်ညွှန်ကြားခဲ့သူ ကမ္ဘာပျက်မည့်နေ့ ဘာသာရေးအယူသည်း အုမ်ရှင်ရီကျိုဂိုဏ်း၏ခေါင်းဆောင် ရှိုကို အာဆာဟာရာကို ဇူလိုင် ၆ ရက်တွင် ကွပ်မျက်လိုက်ပြီ ဖြစ်ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။




အလွန်ကြောက်မက်ဖွယ်ကောင်းသည့် ရာဇဝတ်မှုကြီး ဖြစ်ပွားခဲ့ပြီးနောက် ဆယ်စုနှစ်အတန်ကြာတွင် ယင်းပြစ်မှုကို ကျူးလွန်ခဲ့သည့် အုမ်ရှင်ရီကျိုဂိုဏ်း ခေါင်းဆောင် အာဆာဟာရာကို ၎င်း၏လက်ရင်းတပည့်ခြောက်ဦးနှင့်အတူ ကွပ်မျက်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့သည် ၁၉၉၅ ခုနှစ်အတွင်းက ဂျပန်နိုင်ငံမြို့တော် တိုကျိုတွင် မြေအောက်ရထားဘူတာရုံကို ဆာရင်အဆိပ်ငွေ့ဖြင့် တိုက်ခိုက်ခဲ့မှုကြောင့် ၁၃ ဦး သေဆုံးခဲ့ရပြီး လူပေါင်း ၆၀၀၀ ကျော်မှာ ဓာတ်ငွေ့အဆိပ်သင့်ဝေဒနာခံစားခဲ့ကြရသည်။

အုမ်ရှင်ရီကျိုဂိုဏ်း၏ ဩဇာတိက္ကမရှိပြီး စက္ခုနှစ်ကွင်းအလင်းမရသူ အာဆာဟာရာအား အာရုံကြောထိခိုက်စေသည့်တိုက်ခိုက်မှုအပါအဝင် ရာဇဝတ်မှုများ ကျူးလွန်ခဲ့မှုဖြင့် သေဒဏ်စီရင်ချက်ချမှတ်ခဲ့သည်မှာ ဆယ်နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည်။ ယင်းဖြစ်ရပ်ကြောင့် ကမ္ဘာတစ်ဝန်းတွင် ထိတ်လန့်တုန်လှုပ်ခဲ့ကြရပြီး အစွန်းရောက် ဘာသာရေးဂိုဏ်းများကို ဖြိုခွင်းခဲ့သည်။

အာဆာဟာရာနှင့် နောက်လိုက်ခြောက်ဦးတို့ကို သုတ်သင်ကွပ်မျက်လိုက်ပြီဖြစ်ကြောင်း ဂျပန်တရားရေးဝန်ကြီး ကာမီကာဝါက အတည်ပြုပြောကြားသည်။

အလွန့်အလွန်ရက်စက်ကြမ်းကြုတ်မှုနှင့် ထိတ်လန့်တုန်လှုပ်ဖွယ်ရာပြုမူမှုများအတွက် အုမ်ဂိုဏ်းဝင်များတွင် အပြစ်ရှိကြောင်း၊ ယင်းဖြစ်ရပ်မျိုးမှာ မိမိတို့အတွက် မကြုံစဖူးဖြစ်ပြီး ယင်းဖြစ်ရပ်မျိုးထပ်မံဖြစ်ပေါ်စေမည်မဟုတ်ကြောင်းဂျပန်တရားရေးဝန်ကြီးက ပြောကြားသည်။ **အေအက်ဖ်ပီ**

# ကမ္ဘာ့ဖလားအားကစားသတင်းများ



## ဆွီဒင်အသင်းနဲ့ ထိပ်တိုက်တွေ့သလို အခွင့်အရေး ထပ်မံရရန်မလွယ်ဟု ဆောက်ဂိတ်ဆို

အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလားကွာတားဖိုင်နယ်အဆင့်တွင် ဆွီဒင်အသင်းနှင့် ထိပ်တိုက်တွေ့ဆုံနေပြီး ယင်းကဲ့သို့သော တွေ့ဆုံမှုမျိုး ထပ်မံရရှိရန်မလွယ်ဟု အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်က ပြောကြားခဲ့သည်။

အင်္ဂလန်အသင်းသည် ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဆွီဒင်အသင်းနှင့် ဇူလိုင် ၇ ရက်ညပိုင်းတွင် ကစားရမည်ဖြစ်သည်။ အင်္ဂလန်အသင်းသည် ၂၀၀၆ ခုနှစ်နောက်ပိုင်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်ကို ပထမဆုံးအကြိမ်ပြန်လည်ယှဉ်ပြိုင်ကစားခွင့်ရရှိခဲ့တာဖြစ်ပြီး ဆွီဒင်အသင်းကို အနိုင်ကစားရန်ဆုံးဖြတ်ထားခြင်းကြောင့် ယခုကဲ့သို့အခွင့်အရေးမျိုး နောက်ထပ်ရရှိရန်မလွယ်ကူကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်အသင်းသည် ဆွီဒင်အသင်းကို အနိုင်ကစားနိုင်ခဲ့မည်ဆိုပါက ဆီမီးဖိုင်နယ်အဆင့်တွင် အိမ်ရှင်ရုရှားအသင်း သို့မဟုတ် ခရိုအေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အင်္ဂလန်အသင်းသည် ဆွီဒင်အသင်းနှင့် ၂၀၀၂ ကမ္ဘာ့ဖလားနှင့် ၂၀၀၆ ကမ္ဘာ့ဖလားတို့တွင် သရေပွဲဖြစ်ခဲ့သည့်ပွဲစဉ်များအပါအဝင် ၁၅ ကြိမ်အထိ တွေ့ဆုံခဲ့ရာတွင် ဆွီဒင်အသင်းကို နှစ်ကြိမ်သာလျှင် ရှုံးပွဲကြုံခဲ့သည်။ ၂၀၁၂ ခုနှစ်က ချစ်ကြည်ရေးခြေစမ်းပွဲစဉ်အဖြစ် ဆွီဒင်အသင်းနှင့် အင်္ဂလန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ဆွီဒင်အသင်းက အင်္ဂလန်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ယင်းပွဲစဉ်တွင် ဆွီဒင်အသင်းမှာ တိုက်စစ်မှူး အီဘရာဟီမိုဗစ်၏ သွင်းဂိုးလေးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် အစဉ်အလာအရ အင်္ဂလန်အသင်းကသာ အနိုင်ရရှိခဲ့ခြင်းကြောင့် နည်းပြဆောက်ဂိတ်အနေဖြင့် ဆွီဒင်အသင်းကို အနိုင်ရရှိမည်ဟု ယုံကြည်ထားခြင်းဖြစ်သည်။

## ပြင်သစ်က ဥရုဂွေးကိုနိုင်ပြီး ဆီမီးဖိုင်နယ်အဆင့်တက်

၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်အဆင့် ပထမဆုံးပွဲစဉ်ဖြစ်တဲ့ ဥရုဂွေးအသင်းနဲ့ ပြင်သစ်အသင်းတို့ပွဲစဉ်မှာ ပြင်သစ်အသင်းက ဥရုဂွေးအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းသွားပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ဥရုဂွေးအသင်းဟာ တိုက်စစ်မှူး ကာဗာနီ ဒဏ်ရာပြဿနာကြောင့် မပါဝင်ခဲ့တာမို့ တိုက်စစ်ပိုင်းအားနည်းချက်များရှိခဲ့ပြီး ကွင်းလယ်ပိုင်းမှာ ကစားသမားကောင်းတွေမရှိခဲ့လို့ တိုက်စစ်နဲ့ ကွင်းလယ် အချိတ်အဆက်မမိဖြစ်ခဲ့ရပါတယ်။

ဥရုဂွေးအသင်းနဲ့ ပြင်သစ်အသင်းတို့ရဲ့ ပွဲစဉ်မှာ ပြင်သစ်အသင်းက ပွဲကစားချိန် မိနစ် ၄၀ မှာရရှိခဲ့တဲ့ ဗာရာနီရဲ့သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့တာဖြစ်ပြီး ပွဲကစားချိန် ၆၁ မိနစ်မှာ တိုက်စစ်မှူး ဂရစ်ဇ်မန်းက အဝေးကန်ချက်နဲ့ သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့၍ ပြင်သစ်အသင်းက ဥရုဂွေးအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ပြင်သစ်အသင်းဟာ အခုပွဲစဉ်မှာ ဥရုဂွေးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီး အခုလို ဆီမီးဖိုင်နယ်တက်လှမ်းနိုင်ခဲ့ခြင်းဟာ ပြင်သစ်အသင်းအတွက် ခြောက်ကြိမ်မြောက်အဖြစ် ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းလာခဲ့ခြင်းဖြစ်ပါတယ်။

ဥရုဂွေးအသင်းအနေနဲ့ အနိုင်ရရှိရေး ခြေကုန်ထုတ်ကစားခဲ့သော်လည်း ပြင်သစ်အသင်းရဲ့ တစ်ဦးချင်းခြေစွမ်းကောင်းမွန်မှုကို မကျော်ဖြတ်နိုင်ခဲ့တာကြောင့် ဥရုဂွေးအသင်းဟာ ကမ္ဘာ့ဖလားကို ကွာတားဖိုင်နယ်အဆင့်မှာပဲ နှုတ်ဆက်ခဲ့ရတာဖြစ်ပါတယ်။




ပြင်သစ်အသင်းဟာ ကမ္ဘာ့ဖလားနောက်ဆုံးဗိုလ်လုပွဲကို ၁၉၉၈ နဲ့ ၂၀၀၆ တို့မှာ နှစ်ကြိမ်တက်လှမ်းခဲ့တဲ့ အသင်းလည်းဖြစ်ပါတယ်။

ပြင်သစ်အသင်းအနေနဲ့ ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်အဆင့်မှာ ဘရာဇီးအသင်း သို့မဟုတ် ဘယ်လ်ဂျီယံအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

## ဆီမီးဖိုင်နယ်အဆင့်တက်ဖို့အခွင့်သာနေတဲ့ အင်္ဂလန်နဲ့ ခရိုအေးရှား

**ဒီကနေ့ညပိုင်းမှာ ယှဉ်ပြိုင်ကစားမယ့် ကမ္ဘာ့ဖလားကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွေထဲမှာတော့ အင်္ဂလန်တစ်သင်းပဲ ကမ္ဘာ့ဖလားရဖူးထားတာဖြစ်ပါတယ်။ အဲဒီမှာ ကျန်တဲ့သုံးသင်းဖြစ်တဲ့ ဆွီဒင်၊ အိမ်ရှင်ရုရှားနဲ့ ခရိုအေးရှားအသင်းတို့ဟာ ကမ္ဘာ့ဖလားကို တစ်ကြိမ်တစ်ခါမှ ရထားတာမရှိတဲ့အတွက် ဒီနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ မျက်နှာသစ်အသင်းတွေထဲက တစ်သင်း ချန်ပီယံဖြစ်သွားမလားဆိုတာကလည်း စိတ်ဝင်စားဖို့ကောင်းနေပါတယ်။**

**ဆွီဒင်-အင်္ဂလန်** **ည ၈း၃၀ နာရီ၊ ၇-၇-၂၀၁၈**

ဆွီဒင်အသင်းဟာ စွမ်းဆောင်ရည်ပိုင်းမှာ အားရစရာမရှိပေမယ့် ဒီအဆင့်အထိတက်လာခဲ့တဲ့အတွက် ဆွီဒင်အသင်းအတွက်တော့ ကမ္ဘာ့ဖလားနောက်တစ်ဆင့်တက်ဖို့ ကြိုးပမ်းလာမှာပါ။ ဆွီဒင်အသင်းဟာ သူတို့ရဲ့ကမ္ဘာ့ဖလားအမြင့်ဆုံးတက်ရောက်နိုင်ခဲ့တာက ၁၉၅၈ ခုနှစ်ကဖြစ်ပြီး အဲဒီကမ္ဘာ့ဖလားမှာဆိုရင် ဒုတိယနေရာနဲ့ ကျေနပ်ခဲ့ရတာလည်းဖြစ်ပါတယ်။ လက်ရှိကမ္ဘာ့အဆင့်သတ်မှတ်ချက်မှာတော့ အဆင့် ၂၄ နေရာမှာရပ်တည်နေတာပဲဖြစ်ပါတယ်။ အင်္ဂလန်အသင်းကတော့ ကမ္ဘာ့ဖလားချန်ပီယံအဖြစ် ၁၉၆၆ ခုနှစ်မှာ အောင်ပွဲခံနိုင်ခဲ့တဲ့အသင်းဖြစ်ပြီး အဲဒီနောက်ပိုင်းမှာတော့ ကမ္ဘာ့ဖလားချန်ပီယံဖြစ်ခွင့်နဲ့ လွဲခဲ့ရတာပဲဖြစ်ပါတယ်။ လက်ရှိမှာ အင်္ဂလန်အသင်းဟာ ကမ္ဘာ့အဆင့် ၁၂ မှာရပ်တည်နေတာဖြစ်ပြီး ဟယ်ရီကိန်း အသင်းခေါင်းဆောင်အဖြစ်ပါဝင်လာတဲ့ အင်္ဂလန်အသင်းအနေနဲ့ ဆွီဒင်အသင်းကို ကျော်ဖြတ်ကာ ဆီမီးဖိုင်နယ်အဆင့်တက်လှမ်းနိုင်ဖို့ အလားအလာကောင်းနေတာဖြစ်ပါတယ်။ ဆွီဒင်အသင်းက နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ သုံးပွဲအနိုင်ကစားနိုင်ခဲ့ပြီး တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ထားပါတယ်။ အင်္ဂလန်အသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေနဲ့ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ထားပါတယ်။ ဒီနှစ်သင်းဟာ ထိပ်တိုက်တွေ့ဆုံမှုနောက်ဆုံးငါးကြိမ်မှာတော့ ဆွီဒင်ကနှစ်ပွဲနိုင်၊ အင်္ဂလန်ကနှစ်ပွဲနိုင်နဲ့ တစ်ပွဲကတော့ သရေရလဒ်ထွက်ပေါ်ထားတာဖြစ်ပါတယ်။ အဲဒါကြောင့် သမိုင်းကြောင်းအရ ထိပ်တိုက်တွေ့ဆုံမှုမှာတော့ ဘယ်အသင်းကမှ အသာရထားတာမရှိပါဘူး။ ဒါပေမယ့် ဆွီဒင်အသင်းမှာ အသင်းခေါင်းဆောင် ဂရန်းဗစ်၊ လင်ဒီလော့ဖ်၊ အော်ဂတ်စတင်ဆန်၊ ဖောစဘာ့တို့လိုကစားသမားတွေရှိနေပြီး တစ်ဦးချင်းခြေစွမ်းပိုင်းအရလည်း ကောင်းမွန်နေပါတယ်။ အင်္ဂလန်အသင်းမှာလည်း ဂိုးအများဆုံးသွင်းယူထားနိုင်ခဲ့တဲ့ တိုက်စစ်မှူးဟယ်ရီကိန်းအပါအဝင် အက်ရှ်လေယန်း၊ လင်ဂတ်၊ ထရစ်ပီယာ၊ ဂျွန်စတုန်း၊ ဝေါ်ကာ၊ ရက်ရှ်ဖို့ဒ်၊ ဗာဒီ၊ ဟန်ဒါဆန်၊ ဒိုင်ယာ၊ ကာဟေးလ် တို့လို ကစားသမားကောင်းတွေရှိနေတာမို့ ပြိုင်ဆိုင်မှုအရပြင်းထန်လာနိုင်ပြီး အင်္ဂလန်အသင်းက အသာစီးရယူသွားဖို့ရှိနေပါတယ်။

**ရုရှား-ခရိုအေးရှား** **နံနက် ၀၀း၃၀ နာရီ၊ ၈-၇-၂၀၁၈**

အိမ်ရှင်ဖြစ်တဲ့ ရုရှားအသင်းကတော့ အင်္ဂလန်အသင်းကမ္ဘာ့ဖလားရရှိခဲ့တဲ့ ၁၉၆၆ ခုနှစ်မှာ ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့တဲ့အသင်းလည်းဖြစ်ပါတယ်။ ဒီနှစ်မှာ အိမ်ရှင်ပရိသတ်ရှေ့မှာ ဆီမီးဖိုင်နယ်အဆင့်ရောက်အောင် စွမ်းဆောင်ပေးသွားနိုင်မလားဆိုတာ စောင့်ကြည့်ရမှာပါ။ လက်ရှိကမ္ဘာ့အဆင့်သတ်မှတ်ချက်မှာတော့ အဆင့် ၇၀ ဖြစ်နေတာမို့ အားရစရာခြေစွမ်းပိုင်ဆိုင်ထားခြင်းမရှိသေးတာကို တွေ့ရမှာပါ။ ဒါပေမယ့် ဒီနှစ်ကမ္ဘာ့ဖလားမှာ ကွာတားဖိုင်နယ်အဆင့်အထိ တက်လှမ်းလာနိုင်အောင် စွမ်းဆောင်နိုင်ခဲ့တာကလည်း အိမ်ရှင်အသင်းအတွက် အားတက်စရာလည်းဖြစ်ပါတယ်။ ခရိုအေးရှားအသင်းကတော့ ၁၉၉၈ ခုနှစ်က ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းခဲ့တာဟာ ကမ္ဘာ့ဖလားမှာ အမြင့်ဆုံးလို့ဆိုပေမယ့် ကမ္ဘာ့အဆင့်မှာ အဆင့် ၂၀ နေရာကနေ ရပ်တည်နေနိုင်တာကြောင့် အိမ်ရှင်ရုရှားထက်တော့ လက်ရှိခြေစွမ်းပိုင်းသာလွန်နေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ရုရှားအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ထားတာဖြစ်ပြီး ခရိုအေးရှားအသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ သုံးပွဲနိုင်ပြီး နှစ်ပွဲသရေရလဒ်ထွက်ပေါ်ထားတာဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့ ထိပ်တိုက်တွေ့ဆုံမှုသုံးကြိမ်မှာတော့ ခရိုအေးရှားအသင်းက တစ်ပွဲနိုင်ပြီး နှစ်ပွဲကသရေကျထားပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ရုရှားအသင်းက စပိန်အသင်းကိုတောင် ၁၆ သင်းအဆင့်မှာ အနိုင်ယူပြီး ကွာတားတက်လာတာမို့ လျှော့တွက်လို့တော့မရပါဘူး။ လက်ရှိမှာ ဂိုလိုဗင်၊ ဇူဘာ၊ ဆာမီဒွေါဖ်တို့လို ကစားသမားတွေခြေစွမ်းပြနေပါတယ်။ ခရိုအေးရှားအသင်းကတော့ မန်ဇူကစ်၊ လူကာမိုဒရစ်၊ ရာကီတစ်၊ ပီရီဆစ် တို့လို ကစားသမားတွေက ခရိုအေးရှားအသင်းကို ဆီမီးဖိုင်နယ်အဆင့်တက်ဖို့ အခွင့်အရေးရှာဖွေသွားမှာဖြစ်လို့ ခရိုအေးရှားဘက်က ရပ်တည်ချင်ပါတယ်။

FIFA WORLD CUP RUSSIA 2018 — ကမ္ဘာ့ဖလားပွဲစဉ်

| | | | |
|---|---|---|---|
| ဆွီဒင် | Vs | အင်္ဂလန် | ဇူလိုင် ၇ ရက် ည ၈း၃၀ |
| ရုရှား | Vs | ခရိုအေးရှား | ဇူလိုင် ၈ ရက် နံနက် ၀၀း၃၀ |

FIFA WORLD CUP RUSSIA 2018 — ကမ္ဘာ့ဖလားရလဒ်

| | | |
|---|---|---|
| ဥရုဂွေး | ၀ - ၂ | ပြင်သစ် |

ငွေကြယ် - ရေးသားသည်

# အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် နယ်စပ် ဝင်၊ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှု နှိုင်းယှဉ်ချက်

| စဉ် | အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်၊ ထွက်ပေါက်များ | ၂၀၁၇ ခုနှစ်၊ ဇွန်လ | | ၂၀၁၈ ခုနှစ်၊ ဇွန်လ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | ကမ္ဘာလှည့် | လုပ်ငန်း | |
| ၁ | ရန်ကုန်လေဆိပ် | ၂၀၉၀၈ | ၁၄၆၃၀ | ၂၂၆၃၄ | ၁၄၉၃၅ | |
| ၂ | မန္တလေးလေဆိပ် | ၄၀၁၄ | ၂၄၃၀ | ၃၅၁၉ | ၂၇၀၃ | |
| ၃ | နေပြည်တော်လေဆိပ် | ၇၄ | ၃၄၆ | ၁၆၈၂ | ၄၃၆ | |
| ၄ | မြိတ်လေဆိပ် | - | - | - | - | |
| ၅ | တာချီလိတ် | ၂၂၀ | ၁၉၄ | ၂၆၇ | ၆၂ | |
| ၆ | မြဝတီ | ၈၂၂ | ၃၆၆ | ၆၂၇ | ၄၀၀ | |
| ၇ | ကော့သောင်း | ၄၇၆ | ၅၄ | ၅၇ | ၆၅ | |
| ၈ | ထီးခီး | ၅၁ | ၁၄ | ၂၉ | ၃၃ | |
| ၉ | မူဆယ် | - | - | - | - | |
| ၁၀ | တမူး | - | - | ၂၉ | ၂ | |
| | စုစုပေါင်း | ၂၆၅၆၅ | ၁၈၀၃၄ | ၂၈၈၄၄ | ၁၈၆၃၆ | |

# အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရေဆိပ်များနှင့် နယ်စပ် ဝင်၊ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှု နှိုင်းယှဉ်ချက်

| စဉ် | လအမည် | ၂၀၁၇ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ | | | ၂၀၁၈ ခုနှစ်၊ ဧပြီလမှဇွန်လအထိ | | |
|---|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း |
| ၁ | ဧပြီ | ၃၄၃၆၇ | ၁၉၆၀၅ | ၅၃၉၇၂ | ၃၁၁၉၈ | ၂၀၃၉၂ | ၅၁၅၉၀ |
| ၂ | မေ | ၂၈၄၄၆ | ၂၀၅၁၈ | ၄၈၉၆၄ | ၂၉၀၉၆ | ၂၁၄၂၅ | ၅၀၅၂၁ |
| ၃ | ဇွန် | ၂၆၅၆၅ | ၁၈၀၃၄ | ၄၄၅၉၉ | ၂၈၈၄၄ | ၁၈၆၃၆ | ၄၇၄၈၀ |
| | စုစုပေါင်း | ၈၉၃၇၈ | ၅၈၁၅၇ | ၁၄၇၅၃၅ | ၈၉၁၃၈ | ၆၀၄၅၃ | ၁၄၉၅၉၁ |

# မြန်မာစံချိန်စံညွှန်းများ သတ်မှတ်ခြင်း

**အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ)ပါ လုပ်ငန်းတာဝန်များအရ အောက်ဖော်ပြပါ စံချိန်စံညွှန်း (၅၀)အား မြန်မာစံချိန်စံညွှန်းများအဖြစ် သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်-**

| စဉ် | မြန်မာစံချိန်စံညွှန်းများ |
|---|---|
| (၁) | MMS 1:2018 စိုက်ပျိုးရေးသုံးပိုးသတ်ဆေးဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၂) | MMS FIP-WHO 961:2011 ကောင်းမွန်သော ဆေးဝါးရောင်းချမှုကျင့်စဉ်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့်အပြည်ပြည်ဆိုင်ရာဆေးဝါးများအသင်းချုပ်တို့၏ ပူးတွဲလမ်းညွှန်ချက်များ - ဆေးဝါးဆိုင်ရာဝန်ဆောင်မှုများ၏ အရည်အသွေးဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၃) | MMS CODEX STAN 36:1981 အမြန်အေးခဲထားသော ဆူးတောင်ပါငါးများ၏မြန်မာစံချိန်စံညွှန်း (ကလီစာထုတ်ပြီး/ကလီစာပါ)။ |
| (၄) | MMS CODEX STAN 190:1995 အမြန်အေးခဲထားသော ငါးအသားလွှာများ၏မြန်မာစံချိန်စံညွှန်း။ |
| (၅) | MMS CODEX STAN 92:1981 အမြန်အေးခဲထားသော ပုစွန်များ၏ မြန်မာစံချိန်စံညွှန်း။ |
| (၆) | MMS CODEX STAN 198:1995 မြန်မာဆန် စံချိန်စံညွှန်း။ |
| (၇) | MMS CODEX STAN 171:1989ပဲစေ့အမျိုးအစား(အချို့)အတွက် မြန်မာစံချိန်စံညွှန်း။ |
| (၈) | MMS ISO 22715:2006 အလှကုန်ပစ္စည်းများ ထုပ်ပိုးခြင်းနှင့် ကုန်အမှတ်တံဆိပ်ရေးသား ရိုက်နှိပ်ခြင်းဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၉) | MMS ISO 15747:2010 သွေးကြောသွင်းဆေးရည်များထည့်ရန် အသုံးပြုသည့် ပလတ်စတစ်ဘူးများ၏ မြန်မာစံချိန်စံညွှန်း။ |
| (၁၀) | MMS ISO 6410-1:1993 နည်းပညာပိုင်းဆိုင်ရာ ရေးဆွဲသောပုံများ-ဝက်အူရစ်များနှင့် အရစ်ပါသော အစိတ်အပိုင်းများ- အပိုင်း(၁)ယေဘုယျ ရေးဆွဲခြင်းများဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၁၁) | MMS ISO 6410-2:1993 နည်းပညာပိုင်းဆိုင်ရာ ရေးဆွဲသောပုံများ-ဝက်အူရစ်များနှင့် အရစ်ပါသောအစိတ်အပိုင်းများ-အပိုင်း(၂) ဝက်အူရစ်ပါသော ဖြည့်သွင်းအစိတ်အပိုင်းများဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |
| (၁၂) | MMS ISO 6410-3:1993 နည်းပညာပိုင်းဆိုင်ရာ ရေးဆွဲသောပုံများ-ဝက်အူရစ်များနှင့် အရစ်ပါသော အစိတ်အပိုင်းများ-အပိုင်း(၃)ရိုးရှင်းလွယ်ကူအောင်ပုံဖော်ရေးဆွဲခြင်းဆိုင်ရာ မြန်မာစံချိန်စံညွှန်း။ |

**(ဆက်လက်ဖော်ပြပါမည်)**

## ပြည်မြို့၌ မီးလောင်မှုဖြစ်ပွား အဘွားအို တစ်ဦးသေဆုံး

**ပြည် ဇူလိုင် ၆**

ပြည်မြို့ ဥယျာဉ်စုဘုန်းကြီးကျောင်းဝင်းအတွင်း၌ ယနေ့နံနက်အစောပိုင်းက မီးလောင်မှုကြောင့် အသက် ၈၁ နှစ်အရွယ် အဘွားအို ဒေါ်ခင်ထားမြင့် သေဆုံးခဲ့သည်။

မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီတွင် မီးငြိမ်းခဲ့ပြီး မီးလောင်မှုအား ပြည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခရိုင်ပြန်/ဆက်**

## ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၆**

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် ဇူလိုင် ၅ ရက်က Probox ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေ့သည ဒသမ ၁၇၀၀ တန်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၅၁၀ သန်း)ခန့်အား သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင် ၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၇၆ စီး၊သွင်းကုန် ၉၆၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၆ စီး၊ သွင်းကုန် ၁၆၇ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၄၈၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၅၅၅ သန်းခန့်) စုစုပေါင်းတားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၀၃၅ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**






## မြန်မာ့ရုပ်မြင်သံကြား

**၇-၇-၂၀၁၈ (စနေနေ့)**

**နံနက်ပိုင်း**

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ Breakfast News
၇း၃၅ Weekly Sport Info
၈း၃၅ "Operatoinal Grievance Mechanism အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်"
၈း၄၅ "မျက်ရည်သွန်လို့ ဘဝင်ညှိုး ဇူလိုင် တစ်ဆယ့်ကိုး"
၉း၀၀ ပန်းပျိုးခင်း (အပိုင်း -၄၄)
၉း၂၀ News Watch TV
၉း၃၅ "မြစ်မခမီဒီယာ" (စာတတ်ဖို့၊ အသက်ရှည်ဖို့ ၊ ဝင်ငွေကောင်းဖို့)
၉း၅၅ "မူလတန်းအဆင့်သင်ရိုးသစ် မိတ်ဆက်"
၁၀း၃၀ လုံမမှတ်စု (အပိုင်း-၄၄)
၁၀း၄၅ ကဗျာရိပ်မြုံ "အပေါင်း"
၁၀း၅၅ NHK Program ကာတွန်းချစ်သူ "ကမ္ဘာ့အကောင်းဆုံးကာတွန်းရဲ့ မူလအစ"
၁၁း၂၅ ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး "လက်တွေ့အသုံးချဆေးနည်းတိုများ" (အပိုင်း -၂၈)
၁၁း၃၅ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၃၀ မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း -၁၂)
၁၃း၃၀ "မျှော်လင့်ခြင်းရဲ့မနက်ဖြန်"

**ညပိုင်း**

၁၅း၄၅ Myanmar National League 2018 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဖွဲ့ကပင် ယူနိုက်တက် Fc အသင်း နှင့် မကွေး FC အသင်း)
၁၈း၂၀ ဇာတ်လမ်းအတိုအထွာပြုံးစရာ "နောက်တီးနောက်တောက်" (ဆလိုင်းလွှမ်း၊ ကံမိုးဆန်း၊ အောင်ကျော်ကျော်၊စန်းစန်းမော်)
၁၈း၃၀ Tasty Trip
၁၉း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း-၃)
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ Big Step (Singer - Phyo Pyae Sone)
- နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ" (အပိုင်း-၁)
- ဂီတသမား၊ ဂီတစကား "မဟာဂီတမိတ်ဆက်" (ဂီတစာဆို-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)
- မြန်မာဗီဒီယိုဇာတ်လမ်း "မျှော်လင့်ခြင်းကမ်းပါးမှာ တစ်တောလုံးပန်းတွေဝေခဲ့ပေါ့" (ဇာတ်သိမ်းပိုင်း) (နေမင်း၊ မိုးဟေကို) (ဒါရိုက်တာ-ဟိန်းစိုး)
၁၂း၀၀ ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ကွာတားဖိုင်နယ်) (ရုရှားအသင်း Vs ခရိုအေးရှားအသင်း)
- အစီအစဉ်ပြီး၏။

# ခံတွင်းပျက်လျှင် မုန့်ဟင်းခါးစားပါ




ရာသီဥတုမကောင်း၍ နေမကောင်းသကဲ့သို့ဖြစ်ပြီး ခံတွင်းပျက် အစားအသောက် မစားချင် ဖြစ်နေသူများအတွက် သင့်တော်သောဓာတ်စာမှာ မုန့်ဟင်းခါးကိုပင်ညွှန်းရမည်ဖြစ်သည်။ မြန်မာ့ရိုးရာ အစားအစာများထဲတွင် အနှစ်သက်ဆုံးအဖြစ် (Traditional Best Food) နိုင်ငံခြားသားများကပင် အနောက်တိုင်းစာစောင်များတွင် ရေးသားဖော်ပြကြသော အစာဖြစ်သည်။

ထိုကဲ့သို့ ရိုးရာအစားအစာတွင် ထိပ်ဆုံးကနေသော မုန့်ဟင်းခါးသည် ယခုအခါတွင် မုန့်ဖတ်တွင်ပါဝင်သော ကြာရှည်ခံသည့် ဖော်မလင် ခေါ် ဓာတုပစ္စည်းနှင့် မုန့်ဖတ်လှစေရန်၊ ဖြူဖွေးစေရန် ထည့်သွင်းသည့် ဗင်ဇင်းခေါ် ဆေးများအသုံးပြုမှုကြောင့် စားသုံးသူများ အစာအိမ်ထိခိုက်ခြင်း၊ အသည်းထိခိုက်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်းစသည့် သတင်းဆိုးများ ထွက်လာသည်ကိုတွေ့ရသည်။

မကြာသေးမီက စာရေးသူ၏ မိတ်ဆွေတစ်ဦး ကျောက်ကပ်ဆေးနေရသည်ဟု သတင်းကြား၍ မေးကြည့်ရာ နေ့စဉ်နံနက်တိုင်း မုန့်ဟင်းခါးကို စားသုံးခဲ့ရာမှ နှစ်ချီလာသောအခါ ခါးကိုက်ပြီး ခြေထောက်များ ရောင်လာသည်။ မျက်နှာလည်း အန်းပြီးရောင်လာသဖြင့် စစ်ဆေးကြည့်မှ ကျောက်ကပ်ပျက်စီးစပြုနေကြောင်း သိရသည်ဟုဆိုသည်။ ထိုသူသည် အရက်မသောက် ကွမ်းမစား မုန့်ဟင်းခါးကိုသာ အကြိုက်ဆုံး အစာအဖြစ် နံနက်တိုင်း စားသုံးသူဖြစ်သည်။

ရှေးယခင်က မြန်မာလူမျိုးများစားသုံးခဲ့ကြသည့် မုန့်ဖတ်မှာ သဘာဝအတိုင်း ဆန်ကိုရေစိမ်အချဉ်ဖောက်ပြီး ညှစ်ယူသဖြင့် နံနက်ကဝယ်ယူထားသော မုန့်ဖတ်သည် ညနေရောက်လျှင် ချဉ်သွားစမြဲဖြစ်သည်။ သဘာဝကို ဆန့်ကျင်၍ မုန့်ဖတ်မချဉ်အောင် ဓာတုဆေးများ သုံးစွဲလာကြသဖြင့် ခန္ဓာကိုယ်အတွင်းသို့ ဆေး၏ ဘေးထွက်ဆိုးကျိုး အဆိပ်များရောက်ရှိပြီး ကိုယ်တွင်းကလီစာများ ပျက်စီးရသည်အထိ ဖြစ်ရလေသည်။

မြန်မာ့ရိုးရာ အကောင်းဆုံးအစာဖြစ်သော မုန့်ဟင်းခါးကို လူအများ မစားရဲဖြစ်လာသည်အထိ အခြေအနေဆိုးလာသည်ကို ဝိုင်းဝန်းထိန်းသိမ်းကြဖို့ လိုပြီဖြစ်သည်။ စာရေးသူကိုယ်တိုင် မိမိအလွန်ကြိုက်သော မုန့်ဟင်းခါးကို မစားဖြစ်သည်မှာ တစ်နှစ်ခန့်ရှိပြီ။ တစ်ခါတစ်ရံ အလွန်စားချင်စိတ်ပေါက်လျှင် ဟင်းရည်ဝယ်ခိုင်းပြီး ထမင်းကြမ်းဖြင့် ဖျော်သောက်ရသည်။ တစ်ခါတစ်ရံ ကတ်ကြေးကိုက်ခေါ် ညှပ်ခေါက်ဆွဲဖတ်ဝယ်ပြီး မုန့်ဟင်းခါးဟင်းရည်ဖြင့်စားရသည်။ စားချင် သောက်ချင်စိတ်မရှိသောအခါ မုန့်ဟင်းခါးသည် ခံတွင်းလိုက်စေသော အစာဖြစ်သည်။

**ဓာတ်စာပေးသောမုန့်ဟင်းခါး**

ရှေးကအစိုးရတိုင်းရင်းဆေးခန်းမှူးကြီးဖြစ်ခဲ့သော သဘာဝဓမ္မ ဆရာသန်း ရေးသားသည့် ကျန်းမာရေးဓာတ်စာစားနည်း နိဿရည်းကျမ်းတွင် အစားပျက်သည့် လူနာများကို မုန့်ဟင်းခါး အိမ်တွင်ချက်စားရန် ဓာတ်စာပေးကုလေ့ရှိသည်ကို တွေ့ရသည်။

မုန့်ဟင်းခါးကို အိမ်တွင်ချက်စေခြင်းမှာ ဆိုင်ရောင်း မုန့်ဟင်းခါးများတွင် ဟင်းခတ်မှုန့်၊ အချိုမှုန့်များ သုံးခြင်းကြောင့် ဓာတ်စာမဖြစ်ဘဲ သွေးတိုး၍ ဘေးဖြစ်မည်ကို စိုးရိမ်၍ ထင်သည်။ ဆရာကြီး၏ ဓာတ်စာမုန့်ဟင်းခါးချက်နည်းတွင် အသုံးပြုသော ငါးသည် ငါးကြင်းလတ်လတ်ဖြစ်ရမည်။ ရေခဲရိုက်ငါးမဖြစ်စေရဟု ရေးသားထားသည်ကိုတွေ့ရသည်။

**မုန့်ဟင်းခါးချက်နည်း**

မုန့်ဟင်းခါး ၂ ပိဿာ ၅၀ ကျပ်သားအတွက် ငါးကြင်း ၇၅ ကျပ်သားကို ငံပြာရည် ငါးကျပ်သားနှင့် ကျက်ရုံပြုတ်ရသည်။ ငါးကြင်း၏ အရိုးများကိုဖယ်ပြီး အသားကို ကြေညက်အောင် ထောင်းရသည်။ ဆီ ၂၀ ကျပ်သားကို ကျက်အောင်ချက်ပြီး ဆန်လွတ် နနွင်းမှုန့် တစ်ကျပ်သားကို ဆီကျက်သောအခါထည့်ပါ။ ငါးကြင်းသားကို ထည့်၍ ဆီပြန်ပြီး စိမ့်လာအောင်ကြော်ပါ။ ကြက်သွန်နီ ၂၀ ကျပ်သားခန့် ပါးပါးလှီး၍ ဆီ ငါးကျပ်သားနှင့် ဆီသတ်ပါ။ ကြက်သွန်ကြွပ်မသွားစေရပါ။ ထို့နောက် ကြက်သွန်ဖြူ ၁၀ ကျပ်သားကို ဆီ ငါးကျပ်သားနှင့် သီးခြားဆီသတ်ပါ။ ထို့နောက် ရေခန်းပြုတ်ထားသော ကုလားပဲခွဲခြမ်း ငါးကျပ်သားကို ညက်အောင်ထောင်းပြီး ဆီ ၁၀ ကျပ်သားနှင့် ကြွပ်လာအောင်ကြော်ပါ။ ဆန်ကို နီလာအောင် လှော်ပြီး အမှုန့်ထောင်းပါ။ (သို့မဟုတ်) အလွယ်တကူ ဝယ်၍ရသော ဆန်လှော်မှုန့် ၁၀ကျပ်သားနှင့်ရောပြီး ရေ သုံးပိဿာထည့်၍ မုန့်ဟင်းခါး ချက်ရပါသည်။ ငါးပြုတ်ရည်၊ ပဲပြုတ်ရည်၊ အုန်းနို့ရည်များလည်း ထည့်ချက်နိုင်သည်။

မုန့်ဖတ်ပြုလုပ်ရာတွင် ရှေးက ဆန်ကို နှစ်ရက်၊ သုံးရက် ရေစိမ်အပုပ်ခံပြီး ပြုလုပ်ကြသည်။ အပုပ်လွန်သော ရောဂါငုပ်သူများနှင့် မသင့်ပါ။ ဆန်အစိမ်းကို တစ်နာရီခန့်ရေစိမ်ပြီး စက်နှင့်ကြိတ်သော မုန့်ဟင်းခါးဖတ်မှာသင့်သည်။ အစိမ်းလုပ်သော မုန့်ဖတ်မှာ ထမင်းထက်ပင် ပို၍ အစာကြေလွယ်သည်။ နန်းကြီး၊ နန်းသေး နှစ်မျိုးရှိရာ နန်းသေးမုန့်ဖတ်မှာ ပိုပြီးအစာကြေလွယ်သည်။ ချင်းနှင့်ငရုတ်ကောင်း ထည့်ချက်သဖြင့် အစာကြေလွယ်သည်။ အခိုးပွင့်ပြီးချွေးကိုထွက်စေသည်။ ထုံကျဉ်ကိုက်ခဲခြင်းဝေဒနာကိုပျောက်၍ ရုပ်ကိုပေါ့စေသည်။ ရင်ကိုပူလောင်လာပြီး မကြာခဏ ဆာလောင်စေသည်။

မုန့်ဟင်းခါးဟင်းရည်တွင်ပါဝင်သော ကြက်သွန်နီသည် ဆီးကောင်းသည်။ အားတိုးသည်။ အခိုးပွင့်သည်။ ကြက်သွန်ဖြူသည် လေကိုသက်စေ၍ အားကိုတိုးစေသည်။ (အနောက်တိုင်းဆေးပညာရှင်များက ကိုလက်စထရော (ခေါ်) သွေးတွင်း အဆီကျစေသည်ဟုဆိုသည်။) ဆီသတ်ရာတွင်ပါဝင်သော နနွင်းသည် လေကိုနိုင်သည်။ အစာကြေလွယ်သည်။ မကောင်းသော သွေးဆိုးသွေးညစ်များကို ပျောက်စေ၍ သွေးကိုသန့်ရှင်းကြည်လင်စေသည်။ ဆားနှင့်ငံပြာရည်သည် လေနှင့် အပုပ်ကို နိုင်သည်။ ဆန်ကိုလှော်သော ဆန်လှော်မှုန့်သည် အားကိုအများဆုံးဖြစ်စေ၍ အစာကြေပြီး အပွင့်ဓာတ်ကို ရစေသည်ဟု သဘာဝဓမ္မ ဆရာသန်း၏ ကျမ်းတွင် ဖော်ပြထားသည်။

**စာရေးသူ၏ ကိုယ်တွေ့မုန့်ဟင်းခါးချက်နည်း**

စာရေးသူငယ်စဉ် ဆယ်တန်းကျောင်းသားဘဝက အဒေါ်၏ စားသောက်ဆိုင်တွင် ကူ၍အလုပ်လုပ်ရင်း ကျောင်းတက်ခဲ့ရသည်။ ထိုဆိုင်တွင် လက်ဖက်ရည်၊ ကော်ဖီ၊ အအေးမျိုးစုံအပြင် နံနက်ပိုင်းတွင် မုန့်ဟင်းခါးပါရောင်းသည်။ အဒေါ်၏ ဆိုင်တွင်ချက်သော မုန့်ဟင်းခါးမှာ ရန်ကုန်ချက်ဟုခေါ်ပြီး ရန်ကုန်သားများအကြိုက် ငံပြာရည်အကောင်းစားသုံးပြီး ငါးအသားဖတ်များ ဟင်းရည်တွင်ပေါ်လွင်အောင် ချက်သောနည်းဖြစ်သည်။

စာရေးသူ၏ ကိုယ်တွေ့မုန့်ဟင်းခါးချက်နည်းတွင် ငါးခူ၊ ငါးကျည်းစသော ရေကျိုငါးများကို ပြုတ်ရာတွင် စပါးလင်ကို ထုံးပြီး ထည့်ပြုတ်သည်။ ငါးခူသည် ရေချိုငါးဖြစ်ပြီး မုန့်ဟင်းခါးနှင့် အလွန်လိုက်ဖက်သော ငါးမျိုးဖြစ်သည်။ သို့သော် အချို့ငါးခူများသည် ညှီစော်၊ ဒိုက်စော်နံတတ်သဖြင့် သတိထားဝယ်ယူရသည်။ ထိုသို့ ညှီစော်မနံစေရန် ငါးလတ်လတ်ကို ရွေးဝယ်ပြီး နနွင်းဖြင့်နယ်၍ ခေတ္တမျှထားပြီးမှ ပြုတ်ရသည်။ ငါးပြုတ်သောအခါတွင် ငံပြာရည်နှင့်နယ်ပြီး ကြက်သွန်အဖြူအနီ ထောင်း၍ထည့်သည့်အပြင် စပါးလင်ကိုပါ ထည့်၍ ရောပြုတ်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ စပါးလင်သည် ငါး၏ အညှီနံ့ကို ပျောက်စေပြီး အခိုးပွင့်စေသည်။ ငါးပြုတ်ပြီးအသားများကို သီးသန့်ခွာယူပြီး အရိုးများကိုလည်း လွှင့်မပစ်ရပါ။ ငါးခေါင်းနှင့်အရိုးကို ငရုတ်ဆုံဖြင့် ညက်အောင်ထောင်းပြီး မုန့်ဟင်းခါး ဟင်းရည် ချက်သောအခါ ထည့်ချက်ရသည်။ ဟင်းရည်ပွက်ခါနီးမှ ငါးအသားဖတ်များကို ထည့်လျှင် ကြေညက်မသွားဘဲ ဟင်းရည်တွင် ငါးဖတ်ကလေးများ ပေါ်လွင်နေသဖြင့် ပို၍စားကောင်းသည်။ ဟင်းရည်အိုးတွင် ပဲမှုန့်၊ ဆန်မှုန့်ကို ကြက်သွန်အဖြူအနီ ဆီသတ်ပြီး




> မုန့်ဟင်းခါးဟင်းရည်တွင် ငှက်ပျောအူထည့်ချက်လျှင် မုန့်ဟင်းခါးစားပြီးနောက် ဝမ်းပျက်ခြင်း၊ ဝမ်းလျှောခြင်း ကို ကာကွယ်သည်ဟုဆို…

ထည့်မွှေလျှင်ပို၍မွှေးသည်။ မုန့်ဟင်းခါးရည် ပွက်အောင်ချက်ရာတွင် စပါးလင်ကို အထုံး လိုက်ထည့်သည်။ စပါးလင်အနံ့သည် မွှေးသဖြင့် ဟင်းရည်အိုးဖွင့်လိုက်လျှင် အနံ့ရသူမှာ စားချင်စိတ်ကို ဖြစ်ပေါ်စေသည်။

ရန်ကုန်မြို့သည် ပင်လယ်မှငါးများ ဝင်ရောက်သော မြို့ဖြစ်သဖြင့် တစ်ခါတစ်ရံ ရေချိုငါးရှားသည့်အခါ ပင်လယ်ငါးကိုလည်း သုံးလေ့ရှိသည်။ ငါးရွှေဟုခေါ်သောပင်လယ်ငါးသည် အသားပေါပြီး အလွန်ချိုသည်။ မုန့်ဟင်းခါးချက်ရန်သုံးနိုင်သည်။ ဖျာပုံစသော အောက်ပိုင်းမြို့များတွင် ပင်လယ်ငါးပုဏ္ဏားဖြင့် မုန့်ဟင်းခါးချက်သည်ကို စားရဖူးသည်။ အလွန်ချိုသော ငါးမျိုးဖြစ်သည်။

မုန့်ဟင်းခါးဟင်းရည်တွင် ငှက်ပျောအူထည့်ချက်လျှင် မုန့်ဟင်းခါးစားပြီးနောက် ဝမ်းပျက်ခြင်း၊ ဝမ်း လျှောခြင်းကို ကာကွယ်သည်ဟုဆိုသည်။ အချို့က ငှက်ပျောအူထည့်ချက်လျှင် ဟင်းရည်အရောင်မည်းသဖြင့် ထည့်မချက်ချင်ကြ။ ငှက်ပျောအူကို မမည်းစေရန်အတွက် ပြုလုပ်နိုင်သောနည်းမှာ ငှက်ပျောအူတိုင်အနုကို အကွင်းလိုက် ပါးပါးလှီးပြီး နနွင်းရည်ဖြင့် စိမ်ထားပါ။ တစ်ညသိပ်စိမ် ထားပြီးမှ မုန့်ဟင်းခါးဟင်းရည် ပွက်သောအခါ ထည့်ပြီး ခေတ္တအုပ်ထားလျှင် နူးပြီးအရောင်မှာလည်း အဝါရောင် ဖြစ်သည်။ အချို့က မုန့်ဟင်းခါးဟင်းရည် သောက်လျှင် ငှက်ပျောအူပါမှ အရသာရှိသည်ဟု ဆိုသည်။ ငှက်ပျောအူသည် အမျှင်များသော အစာဖြစ်သဖြင့် အူမကြီးနှင့် အူနံရံများအတွက် အကျိုးရှိသည်။ ဝမ်းကိုမှန်စေသည်။ အမျှင်များသော အသီးအနှံများသည် အူမကြီးကင်ဆာကို ကာကွယ်သည်ဟု အနောက်တိုင်းဆေးပညာက ဆိုသည်။

**သွေးတိုးရှိသူများမုန့်ဟင်းခါးစားလိုလျှင်**

မုန့်ဟင်းခါးစားလျှင် နံနံပင်ထည့်စားပါဟု အကြံပြုလိုပါသည်။ မုန့်ဟင်းခါးသည် အချဉ်ဖောက်သောအစာဖြစ်ပြီး ငံပြာရည်ကို အဓိကထားချက်သော ဟင်းရည်မျိုးဖြစ်သဖြင့် များစွာစားသုံးလျှင် မူလသွေးတိုးအခံရှိသူများအတွက် သွေးပေါင်တက်စေနိုင်သည်။ ငံပြာရည်အမျိုးအစား မကောင်းလျှင် အပုပ်နံ့ ဝင်နေလျှင် မသုံးသင့်ပေ။

နံနံပင်သည် သွေးတိုးကို ထိန်းပေးနိုင်သော သတ္တိရှိသည်။ တရုတ်နံနံနှင့် ဗမာနံနံဟု နှစ်မျိုးရှိပြီး မုန့်ဟင်းခါးတွင် ဗမာနံနံကိုသာ ထည့်စားကြသည်။ သဘာဝအတိုင်း ပေါက်သော နံနံပင်သေးသေးလေးများသည် ပို၍ ဆေးဖက်ဝင်ပြီး အချို့က နံနံပင်အနံ့ကို မကြိုက်၍ထည့်မစားကြပေ။ သွေးတိုးရောဂါရှိသူများမှာ နံနံပင်ထည့်စားခြင်းဖြင့် သွေးပေါင်တက်ခြင်းမှ ကာကွယ်နိုင်သည်။ အချဉ်နှင့်နံနံပင်သည် သွေးတိုးသမားများနှင့် သင့်သည်။ မုန့်ဟင်းခါးစားပြီးလျှင် လတ်ဆတ်သော သံပရာသီးကို အရည်ညှစ်၍ ဟင်းစားဇွန်း တစ်ဇွန်း သောက်ပေးလျှင် သွေးတိုးခြင်းမှ ကာကွယ်နိုင်သည်။

အချို့အရပ်တွင် မုန့်ဟင်းခါးချက်ရာတွင် ငရုတ်ကောင်းမှုန့် အနည်းငယ်ထည့်ချက်လေ့ရှိသည်ကို တွေ့ရသည်။ အချို့မှာ ငရုတ်ကောင်းစေ့ အနည်းငယ်ကို လှော်ပြီး ကြက်သွန်အဖြူအနီ ဆီသတ်သောအခါ ထည့်၍ ရောသတ်လေ့ရှိသည်။

ငရုတ်ကောင်းသည် အိန္ဒိယဟင်းခတ်အမွှေးအကြိုင်ဖြစ်ပြီး အာယုဗေဒကျမ်းများတွင် ခန္ဓာကိုယ် အစာချေအဖွဲ့ကို အကျိုးပြုသည့် တြိကဋုတ်သုံးပါး (ငရုတ်ကောင်း၊ ပိတ်ချင်း၊ ချင်း)တွင်ပါဝင်သည်။ သွေးကို စင်ကြယ်စေသဖြင့် သွေးတိုးရောဂါမှလည်း ကာကွယ်စေနိုင်သည်။ မုန့်ဟင်းခါးချက်လျှင် ငရုတ်ကောင်းထည့်ချက်ခြင်းဖြင့် အကျိုးရှိနိုင်သည်။

**ဆွဲဆောင်မှုရှိသော ဟင်းရည်ရနံ့**

မုန့်ဟင်းခါးသည် မြန်မာတို့က ရိုးရာအစားအစာ (Traditional Food)အဖြစ် နိုင်ငံခြားသားများကိုပါ ဧည့်ခံကျွေးမွေးသော အစာဖြစ်သည်။ နိုင်ငံခြားသားများသည် အစားအသောက်တစ်ခုကို အရသာထက် အရောင်အဆင်းနှင့် အနံ့ကို ပို၍ အဓိကထားလေ့ရှိသည်။ မုန့်ဟင်းခါးချက်ရာတွင် အရသာ (Delecious) နှင့် အနံ့ကောင်း (Good Smell)ရှိအောင်ချက်ဖို့လိုသည်။

မုန့်ဟင်းခါးဟင်းအိုးကို ရေအိုးပုံဒန်အိုးကို အသုံးပြုပြီး အဖုံးမှာ သစ်သားကို စက်ဝိုင်းသဏ္ဌာန်ပြုလုပ်ထားသော အဖုံးကို အသုံးပြုထားသည့် နာမည်ကြီး မုန့်ဟင်းခါးဆိုင်တစ်ဆိုင်ကို ရန်ကုန်မြို့ရှိ ရုပ်ရှင်ရုံကြီးများအနီးကြားလမ်းတွင် တွေ့ရဖူးသည်။ မုန့်ဟင်းခါး ဟင်းအိုး အဖုံးဖွင့်ပြီး ဟင်းရည်ခပ်လိုက်သည်နှင့် ထွက်လာသော အနံ့မှာ မွှေးကြိုင်ပြီး လမ်းလျှောက်သွားသူပင် စားချင်စိတ်ဖြစ်ပေါ်ကာ ပြန်လှည့်လာရသော ဟင်းရနံ့မျိုးဖြစ်သည်။ ထိုဆိုင်မှ မွှေးကြိုင်သော ဟင်းရည်ရနံ့ကို မည်သို့ပြုလုပ်သည်ကို မကြာခဏ သွားစားရင်း စာရေးသူလေ့လာမိသည်။ ရင်းနှီးလာသောအခါ ဆိုင်ရှင်က ပြောပြသောနည်းမှာ- ကြက်သွန်ဖြူကြော်ကို ညက်အောင်ထောင်းပြီး မုန့်ဟင်းခါးဟင်းရည်အိုးကျက်ပြီးသောအခါအပေါ်မှ ဖြူးပြီး အိုးကို လုံအောင် ပိတ်ထားပါ။ မိနစ် ၂၀ နာရီဝက်ခန့် အုပ်ထားပြီးမှဖွင့် လိုက်သောအခါ လမ်းသွားသူ စားချင်စိတ်ပေါ်အောင် ဆွဲဆောင်မှုရှိသည့် မုန့်ဟင်းခါးဟင်းရည်ရနံ့ရရှိလိမ့်မည်ဟု ပြောပြသည်ကို မုန့်ဟင်းခါး ချက်နည်းကောင်းအဖြစ် ရေးသားတင်ပြလိုက်ရပေသည်။ ။

# အမှိုက်ခွဲခြားစွန့်ပစ်မှုနှင့် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး စနစ်တကျလိုက်နာဆောင်ရွက်သင့်

**ရန်ကုန် ဇူလိုင် ၆**

ရန်ကုန်မြို့၌ ခြောက်သွေ့သည့်ကာလတွင် တစ်နေ့လျှင် အမှိုက်တန်ချိန် ၂၄၀၀ နှင့် စိုစွတ်သည့်ကာလတွင် အမှိုက်တန်ချိန် ၂၆၀၀ အထိ နေ့စဉ်ထွက်ရှိနေပြီး အမှိုက်ထွက်ရှိမှုများပြားခြင်းနှင့်အတူ အမှိုက်ခွဲခြားစွန့်ပစ်မှုမရှိသည့်အတွက် သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးနေသည့်၊ လူသားများအား အန္တရာယ်ပြုနေသည့်၊ မြို့ပြညစ်ညမ်းမှုများဖြစ်နေသည့် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးကို ပြည်သူများအနေဖြင့် စနစ်တကျလိုက်နာဆောင်ရွက်သင့်ကြောင်းကို စာရေးဆရာမ ဒေါ်သန်းမြင့်အောင်က စိန်ခေါ်မှုဖြစ်လာသည့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် ပလတ်စတစ်အန္တရာယ်အကြောင်း စကားဝိုင်းဆွေးနွေးပွဲတွင် ပြောကြားသည်။

စိန်ခေါ်မှုဖြစ်လာသည့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် ပလတ်စတစ်အန္တရာယ်အကြောင်း စကားဝိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ လမ်းမတော်သံဈေးရှိ Yangon Book Plaza ၌ Info Digest ဂျာနယ်မှ ၁၀ ကြိမ်မြောက် စီစဉ်ကျင်းပခြင်းဖြစ်ပြီး ဆွေးနွေးပွဲတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် ငါးဦး၊ စာရေးဆရာမ ဒေါ်သန်းမြင့်အောင်၊ စာရေးဆရာ ကိုရင်လှနှင့် Info Digest ဂျာနယ်မှ လက်ထောက်အယ်ဒီတာ အောင်ဖြိုးဇော်တို့က ပါဝင်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်သည့် အကြောင်းအရာများကို အဓိကထားဆွေးနွေးခဲ့ကြပြီး စာရေးဆရာမဒေါ်သန်းမြင့်အောင်က "ရန်ကုန်မြို့မှာ အမှိုက်စွန့်ပစ်မှုအင်မတန်များပြားနေတယ်၊ ပလတ်စတစ်နဲ့ပတ်သက်ပြီး မြန်မာမှာတင်မကဘူး ကမ္ဘာမှာပါ ခြိမ်းခြောက်မှုတွေဖြစ်နေတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ပလတ်စတစ်နဲ့ ဖော့ဘူးတွေရဲ့ အန္တရာယ်ကို လျှော့ချရမယ်။ တစ်အိမ်ချင်းစီကအမှိုက်ကို လျှော့နည်းအောင်လုပ်ရမယ်။ ပြန်သုံးလို့ရမယ့်ဟာတွေကို ပြန်သုံးရမယ်။ လူတစ်ဦးချင်းစီကထွက်တဲ့အမှိုက် လျှော့သွားရမယ်။ လူတစ်ဦး အမှိုက်ထွက်ရှိမှုက သုည ဒသမ ၄၁၃ ကီလိုဂရမ်(တစ်ပေါင်)လောက်ရှိတယ်။ အမှိုက်စွန့်ပစ်တဲ့နေရာမှာ ခွဲခြားစွန့်ပစ်မှုမရှိဘူး။ အမှိုက်အိတ် အစိမ်းဆိုရင် အစို၊ အမှိုက်အိတ်အပြာ ဆိုရင် အခြောက်ထည့်မယ်။ အဲဒီစွန့်ပစ်အမှိုက်ထဲမှာမှ ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေတဲ့ ဖော့ဘူး၊ ပလတ်စတစ်တွေ အများဆုံးပါနေတယ်။ တစ်ခါသုံး ကော်ဖီမစ်အိတ်၊ ခေါက်ဆွဲခြောက်ထုပ်အိတ် စတဲ့ဟာတွေကလည်း ပတ်ဝန်းကျင်ကို ထိခိုက်စေပါတယ်"ဟု ဆွေးနွေးပွဲတွင် ပြောသည်။

စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် ပလတ်စတစ်အန္တရာယ်အကြောင်းများနှင့် ပတ်သက်၍ ဇူလိုင်လလယ်မှစတင်ကာ အခြေခံပညာစာသင်ကျောင်းများရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူများအား Clean Yangon အဖွဲ့က အသိပညာပေးသင်ကြားမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး လမ်းပျော်ကလေးသူငယ်များနှင့် အလုပ်လက်မဲ့အမျိုးသမီးများကိုလည်း လူ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်တတ်ရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတတ်ရန် ရည်ရွယ်၍ လက်မှုပညာများသင်ကြားပေးကာ ဝင်ငွေရရှိစေရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်မှုများကို လှိုင်သာယာမြို့နယ်ရှိ အခြေခံပညာစာသင်ကျောင်းများရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူများ၊ လမ်းပျော်ကလေးသူငယ်များနှင့် အလုပ်လက်မဲ့အမျိုးသမီးများကို ဇူလိုင်လလယ်မှစ၍ ပြုလုပ်သွားမည်ဖြစ်ပြီး လှိုင်သာယာမြို့နယ်အား ပထမဦးဆုံး ရွေးချယ်ရသည့်ရည်ရွယ်ချက်သည် ထိန်ပင်အမှိုက်ပုံမီးကြောင့် ဆိုးကျိုးကို နီးကပ်စွာ ခံစားခဲ့ရကြောင်း၊ ကျောင်း အားဖြင့်လည်း ၅၈ ကျောင်းရှိပြီး ကျောင်းသား ကျောင်းသူဦးရေ တစ်သိန်း နီးပါးရှိကြောင်း၊ ရန်ကုန်တစ်မြို့လုံးအတိုင်းအတာဖြင့် ကျောင်းသားဦးရေ ထက်ဝက်ခန့်နီးပါးသည် လှိုင်သာယာမြို့နယ်တွင်ရှိကြောင်း၊ ထို့ကြောင့် ပထမဆုံးအနေဖြင့် လှိုင်သာယာမြို့နယ်ကို အခြေခံပြီး တခြားမြို့နယ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

**အေးမင်းသူ၊ဇာနည်မောင်**

---

# ကျောက်ဖြစ်ရုပ်ကြွင်းများအား ထိန်းသိမ်းနိုင်ရန်နှင့် ဆက်လက်ရှာဖွေနိုင်ရန် တင်ပြသွားမည်

**မန္တလေး ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ဒေသ ကိုးကွေ့ကြိုးဝိုင်းအနီးတွင် တွေ့ရှိခဲ့သည့် အင်ကြွင်းကျောက်ဖြစ်ရုပ်ကြွင်းအား ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် ဆက်လက်ရှာဖွေမှုများ လုပ်ဆောင်နိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြသွားမည်ဖြစ်ကြောင်း ကျောက်ပန်းတောင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်က ပြောကြားသည်။

အဆိုပါကျောက်ဖြစ်ရုပ်ကြွင်းမှာ မြန်မာနိုင်ငံတွင်တွေ့ရှိခဲ့ဖူးသည့် အင်ကြွင်းကျောက်ဖြစ်ရုပ်ကြွင်းများအနက် အရှည်ဆုံးကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ပြီး မြေပြင်တွင်တွေ့ရှိသည့် အနေအထားအရ လုံးပတ် ၁၃ ပေနှင့် အရှည် ပေ ၁၄၀ ရှိကာ လက်ရှိတွင် ပုပ္ပားတောင်ချစ်သူများအသင်းက ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။

"တွေ့ရှိခဲ့တဲ့ အင်ကြွင်းကျောက် ကျောက်ဖြစ်ရုပ်ကြွင်းကို မှတ်တမ်းတွေပြုစုနေတယ်၊ လိုအပ်တဲ့အချက်တွေအားလုံးကို လုပ်ပြီးသွားပါပြီ၊ လက်ရှိတွေ့ရှိတဲ့နေရာဝန်းကျင်မှာ အခြားကျောက်ဖြစ်ရုပ်ကြွင်းတွေကို တွေ့နိုင်သေးတာကြောင့် ရှာဖွေမှုတွေ ဆက်လက်လုပ်ဆောင်နိုင်အောင်နဲ့ ထိန်းသိမ်းစောင့်ရှောက်နိုင်အောင် တစ်ပတ်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြသွားမှာပါ" ဟု ၎င်းကပြောသည်။

ယခုကျောက်ဖြစ်ရုပ်ကြွင်းတွေ့ရှိသော ကိုးကွေ့ကြိုးဝိုင်းဝန်းကျင်တွင် ဆင်ရိုး၊ ဆင်အံ၊ ဆင်စွယ်၊ လိပ်ခေါင်း စသည့်တိရစ္ဆာန်ကျောက်ဖြစ်ရုပ်ကြွင်းများကိုလည်း တွေ့ရှိခဲ့ဖူးသဖြင့် အဆိုပါကြိုးဝိုင်းတွင် ပုဂ္ဂလိကစိုက်ခင်းများ လျှောက်ထားမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ခွင့်မပြုရန် တင်ပြသွားမည်ဖြစ်ကြောင်း ပုပ္ပားတောင်ချစ်သူများအသင်း အတွင်းရေးမှူး ဦးအောင်ဟိန်းက ပြောကြားသည်။

"ယခုတွေ့ရှိရတဲ့ ကျောက်ဖြစ်ရုပ်ကြွင်းက သဘာဝအရ ပျက်စီးမှုအနည်းငယ်ပဲရှိခဲ့ပြီး သစ်ပင်အလုံးလိုက် လက်ရာမပျက်ရှိနေတာက ဘယ်သူမှ မတူးမခုတ်ရသေးတဲ့အတွက်ဖြစ်ပါတယ်၊ ဒါကြောင့် မပျက်စီးအောင် ဝိုင်းဝန်းထိန်းသိမ်းဖို့ ဆွေးနွေးနေတယ်၊ ဒါ့အပြင် ပုပ္ပားတောင်ကိုလည်း ယူနက်စကိုဝင်ဖို့လည်းလုပ်နေပါတယ်" ဟု ၎င်းကပြောသည်။

ပုပ္ပားဒေသများကို ယူနက်စကိုအသိအမှတ်ပြု Global Geopark အဖြစ် သတ်မှတ်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ကျောက်ပန်းတောင်းမြို့နယ် သံဘိုကျေးရွာအနီးရှိ ကိုးကွေ့ကြိုးဝိုင်းဒေသအား သဘာဝအမွေအနှစ်တစ်ခုအဖြစ် ဒေသခံများက ယုံကြည်စွာ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

# အထပ်မြင့်အဆောက်အအုံ မီးငြိမ်းသတ်မှုနှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်



**ချမ်းအေးသာစံ ဇူလိုင် ၆**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက် သီရိမင်္ဂလာ ၁၀ ထပ်ကွန်ဒိုတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်းနှင့် ရှာဖွေကယ်ဆယ်ခြင်း သရုပ်ပြလေ့ကျင့်မှုကို ဇူလိုင် ၅ ရက်မွန်းလွဲ ၁ နာရီက ဆောင်ရွက်ခဲ့သည်။

သရုပ်ပြလေ့ကျင့်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရေးယာဉ်များအသုံးပြုပြီး မီးငြိမ်းသတ်ခြင်း၊ အထပ်မြင့်အဆောက်အအုံအတွင်း ပိတ်မိနေသူများအား အဆင့်မြင့်အသက်ကယ်ကိရိယာများအသုံးပြု၍ ရှာဖွေကယ်ဆယ်ခြင်းများကို သန္တေနှင့်ဒေသ အရန်မီးသတ်တပ်ဖွဲ့ဝင် ၈၅ ဦး၊ မီးသတ်ယာဉ် ၂၀ ဖြင့် ရပ်ကွက်ပတ်လည်တွင် စုပေါင်းလေ့ကျင့်ခဲ့ကြသည်။

တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး (ညွှန်ကြားရေးမှူး) ဦးသန်းဇော်ဦး၊ မန္တလေးခရိုင်မီးသတ်ဦးစီးမှူး ဦးထက်အောင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ မန္တလေးခရိုင် အရန်မီးသတ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဗိုလ်မင်းနှင့်ကော်မတီဝင်များ၊ တပ်ခွဲမှူးများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့်လူမှုကယ်ဆယ်ရေးအဖွဲ့များ တက်ရောက်ကြသည်။

**သီဟကိုကို(မန္တလေး)**

---

# မကွေးမြို့တောင်ဘက်ခြမ်းရပ်ကွက်၊ ကျေးရွာများဖွံ့ဖြိုးရေး မြင်ကင်းလမ်းမကြီးနှင့် လမ်းပိုင်းများ အဆင့်မြှင့်တင်မည်

**မကွေး ဇူလိုင် ၆**

မကွေးမြို့တောင်ဘက်ခြမ်းရှိ အောင်စေတနာရပ်ကွက်၊ အောင်မေတ္တာရပ်ကွက်နှင့် မြင်ကင်း၊ ချောင်းဖြူကျေးရွာတို့ သွားလာမှု အဆင်ပြေစေရန် မြင်ကင်းလမ်းမကြီးနှင့် လမ်းပိုင်းများအား အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

မကွေးတက္ကသိုလ်ပညာရေးဇုန်ကြီးတစ်ခုအပါအဝင် တိုင်းရင်းဆေးရုံနှင့် ဌာနဆိုင်ရာရုံးအသစ်များ တည်ရှိနေသည့် မကွေးမြို့တောင်ဘက်ခြမ်းတွင် မြင်ကင်းလမ်းမကြီးမှာ အဓိကဆက်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်နေပြီး ကျောင်းသားကျောင်းသူများ၊ ဈေးရောင်းဈေးဝယ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဆေးဝါးကုသလိုသူများအားထားအသုံးပြုနေရကြောင်း သိရသည်။

"တောင်တွင်းကြီး လမ်းထိပ်ကနေ မြင်ကင်းကျေးရွာအဝင် မန်ကျည်းနှစ်ပင်အထိ ၁၈ ပေအကျယ်၊ ကိုးလက်မဒု ကတ္တရာခင်းမှာပါ၊ အောင်မေတ္တာ ဃ ရပ်ကွက် အဝေရာလမ်းထိရောက်အောင် ကွန်ကရစ်လမ်းခင်းပါမယ်" ဟု မကွေးမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဖိုးနီက ပြောသည်။

မြင်ကင်းလမ်းမကြီး၏ မူလကတ္တရာလမ်းအား ကတ္တရာထပ်ပိုးလွှာခင်းခြင်း ( တောင်တွင်းလမ်းထိပ်မှ ဇက်ဆိပ်လမ်းထိ) ပေ ၆၉၀၀၊ မူလမြေသားလမ်းအား အသင့်ဖျော်ကွန်ကရစ်လမ်းခင်းခြင်း (ဇက်ဆိပ်လမ်းထိပ်မှ ရေတင်မြောင်းလမ်းဆုံထိ) ပေ ၁၀၀၀ ၊ ရေတင်မြောင်းလမ်းဆုံမှ အောင်မေတ္တာ (ဃ) ၆ လမ်းထိပ်ထိ ပေ ၂၆၆၀၊ အဝေရာလမ်းမကြီး၌ အောင်မေတ္တာ ၆ လမ်းထိပ်မှ ၁၄ လမ်းထိ ပေ ၂၂၆၀ စုစုပေါင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ပေ ၅၉၂၀ အား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မှတ်တမ်းများအရ သိရသည်။

လက်ရှိလမ်းတွင် ကတ္တရာလမ်းသားကျဉ်းမြောင်းမှုများရှိနေရုံသာမက လမ်းပျက်စီးမှုအချို့လည်းရှိနေကြောင်း၊ တိုင်းဒေသကြီးအစိုးရဘတ်ဂျက် ကျပ်သိန်း ၄၀၀၀အသုံးပြု ဆောင်ရွက်မည်ဖြစ်ကာ လုပ်ကိုင်ခွင့်ရမည့်ကုမ္ပဏီကို ရွေးချယ်သွားမည်ဖြစ်ကြောင်း မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

**ဇေယျာတု(မကွေး)**

---

## တိုတိုထွာထွာဖတ်စရာ

### စစ်ကိုင်းတိုင်းဒေသကြီး၌ ကျေးရွာ ၁၇၂ ရွာမီးလင်းရေးဆောင်ရွက်

**မုံရွာ**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တစ်အိမ်ထောင်သုံး ဆိုလာမီးလင်းရေးကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ကျေးရွာပေါင်း ၁၇၂ ရွာတွင်လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းကျော်မျိုး၏ ပြောကြားချက်အရ သိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တပ်ဆင်ပေးမည့် တစ်အိမ်ထောင်သုံးဆိုလာမီးလင်းရေးအဖြစ် ကလေးခရိုင်အတွင်းရှိ ကျေးရွာ ၃၂ ရွာ၊ ကသာခရိုင်အတွင်းရှိ ကျေးရွာ ၂၇ ရွာ၊ ကန့်ဘလူခရိုင်အတွင်းရှိ ကျေးရွာရှစ်ရွာ၊ ခန္တီးခရိုင်အတွင်းရှိ ကျေးရွာ ၁၈ ရွာ၊ မုံရွာခရိုင်အတွင်းရှိ ကျေးရွာခြောက်ရွာ၊ မော်လိုက်ခရိုင်အတွင်းရှိ ကျေးရွာ ၄၃ ရွာ၊ ယင်းမာပင်ခရိုင်အတွင်းရှိ ကျေးရွာခုနစ်ရွာ၊ ရွှေဘိုခရိုင်အတွင်းရှိ ကျေးရွာ ၃၁ ရွာတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် လုပ်ဆောင်ပေးမည်ဖြစ်သည်။

**ဝင်းဦး(ဇေယျာတိုင်း)**

### တာလေမြို့တွင် ကွန်ကရစ်လမ်းသစ်ဖွင့်

**တာချီလိတ်**

ရှမ်းပြည်နယ် (အရှေ့ပိုင်း)သတ္တုလုပ်ငန်းရှင်များအသင်းနှင့် ရွှေသတ္တုတူးဖော်ထုတ်လုပ်သူများကော်မတီတို့ စုပေါင်းလှူဒါန်းမှုဖြင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်ခဲ့သည့် တာလေမြို့ နားယောင်းကျေးရွာအုပ်စု နားအွန်ကျေးရွာအဝင်လမ်းကို ဇူလိုင်လ ပထမပတ်က ဖွင့်လှစ်ခဲ့သည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က အဖွင့်အမှာစကား ပြောကြားပြီး ရှမ်း(အရှေ့)သတ္တုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် ရွှေသတ္တုထုတ်လုပ်သူများကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်တို့က ဒေသဖွံ့ဖြိုးရေးအတွက် ကွန်ကရစ်လမ်းခင်းပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်မှာ အရှည် ၂၉၈၆ ပေ၊ အကျယ် ၁၃ ပေ၊ ဒုရှစ်လက်မဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

### ချင်းပြည်နယ် လူငယ်ရေးရာကော်မတီ အစည်းအဝေးကျင်းပ

**ဟားခါး**

ချင်းပြည်နယ်လူငယ်ရေးရာကော်မတီက ဦးဆောင်ကျင်းပသည့် လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာရေးဆွဲရေး (ပထမအကြိမ်) ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၅ရက် နံနက် ၁၁ နာရီက ဟားခါးမြို့ မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် ပြည်ထောင်စုအဆင့် လူငယ်ကော်မတီဝင် ဆလိုင်းထန်းနိုင်းက တိုင်းဒေသကြီး၊ ပြည်နယ် လူငယ်ကိုယ်စားလှယ်များ၏ အစည်းအဝေးဆုံးဖြတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများက ပြည်နယ်နှင့်ကိုက်ညီသော မူဝါဒနှင့် ရှေ့လုပ်ငန်းစဉ်များ၊ လူငယ်ရေးရာကော်မတီဝင်များ၏ တာဝန်ဝတ္တရားများ ရေးဆွဲခြင်း၊ ဆပ်ကော်မတီများဖွဲ့စည်းခြင်း အစီအစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

### ဟိုပန်ကျေးရွာ၌ ဘက်စုံသုံးကျေးရွာခန်းမဆောင်ဖွင့်ပွဲ ကျင်းပ

**ဆီဆိုင်**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် လူထုဗဟိုပြုစီမံကိန်း (ဒုတိယနှစ်စက်ဝန်း) တွင် စီမံကိန်းထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော ဘက်စုံသုံးကျေးရွာခန်းမဆောင်ဖွင့်ပွဲကို ဇူလိုင် ၅ ရက် နံနက် ၉ နာရီက ဆီဆိုင်မြို့နယ် တဘက်ကျေးရွာအုပ်စု ဟိုပန်ကျေးရွာခန်းမဆောင်၌ ကျင်းပသည်။ အဆိုပါဘက်စုံသုံးကျေးရွာခန်းမဆောင်သည် အလျားပေ ၅၀၊ အနံပေ ၃၀၊ အမြင့်ပေ ၂၀ ဖြစ်ပြီး စီမံကိန်းထောက်ပံ့ငွေကျပ် သိန်း ၁၅၀၊ ကျေးရွာလူထုထည့်ဝင်ငွေကျပ် ၆၉၀၀၀၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိ ဘော်လခဲနှင့် ဖားဆောင်းမြို့နယ်ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး



**လွိုင်ကော် ဇူလိုင် ၆**
ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိသည် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အတူ ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီခွဲက ဘော်လခဲနှင့် ဖားဆောင်းမြို့နယ်တို့တွင် ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေး လုပ်ငန်းများ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ ဆောင်ရွက်နေမှု အခြေအနေများအပေါ် ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန်အတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဖားဆောင်းမြို့နယ်ဆေးရုံ (RC တစ်ထပ်) အဆောက်အအုံ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုသော အဆောက်အအုံ ဖြစ်သဖြင့် ရေရှည်တည်တံ့နိုင်စေရေးအတွက် စေတနာထား၍ ကြိုးပမ်း ဆောင်ရွက်ပေးကြရန်မှာကြားပြီး ဆေးရုံတက်ရောက်ကာဆေးကုသမှုခံယူနေသော လူနာများအား ကြည့်ရှု၍ အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခဲမဖြူ(အမက)ကျောင်း အဝင်လမ်း ပေ ၁၂၀၀ ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်နေမှု အခြေအနေကို လည်းကောင်း၊ ခဲမဖြူ ဘော်ဒါ ဆောင်သွားလမ်း ပေ ၂၀၂၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို လည်းကောင်း၊ ဘော်လခဲမြို့နယ်ဆေးရုံသို့ လည်းကောင်း၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့ (FDA)ရုံးနှင့် နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်း (၉၀× ၉၀)ပေ တည်ဆောက်နေမှု အခြေအနေကို လည်းကောင်း၊ ဘော်လခဲမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ လည်းကောင်း သွားရောက်၍ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံခဲ့ကြောင်း သိရသည်။

**စိုင်းညဏ်လင်းထွဋ်**



## သန်လျင်မြို့နယ်တွင် ရေဘေးကာကွယ်ရေးသရုပ်ပြ

**ရန်ကုန် ဇူလိုင် ၆**
ရန်ကုန်တောင်ပိုင်းခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ကြီးမှူး၍ ဒေသခံပြည်သူများ မိုးရာသီရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသိပညာပြန့်ပွားစေရေးအတွက် ရေဘေးကာကွယ်ရေး သရုပ်ပြပွဲကို ဇွန်လနောက်ဆုံးပတ်က သန်လျင်မြို့နယ် ညောင်လေးပင် ကျေးရွာအနီးရှိ ပဲခူးမြစ်ရေကန်တား ဘော့ချောင်းတာပေတိုင် ၂၆၀၀၀၌ ပြုလုပ်သည်။

ရေဘေးကာကွယ်ရေး သရုပ်ပြပွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်အောင် က ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ရေဘေးအန္တရာယ်ကျရောက်ပါက အရေးပေါ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ တာတမံနှင့်ရေနုတ်မြောင်းများကို ရေရှည် တည်တံ့ခိုင်မြဲရန်အတွက် ထိန်းသိမ်းရမည့်ဆောင်ရန် ရှောင်ရန်အချက်များနှင့် ဆည်မြောင်းတာတမံဥပဒေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော အဖွဲ့အစည်းအသီးသီးနှင့် ဒေသခံများက ဆည်မြောင်းဝန်ထမ်းများနှင့် ပူးပေါင်း၍ ရေဘေးကာကွယ်ရေးလုပ်ငန်းများကို သရုပ်ပြလုပ်ဆောင်ခဲ့ကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် ပရဟိတအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ သန်လျင်နှင့် ခရမ်းမြို့နယ်တို့သည် ပဲခူးမြစ် ကမ်းဘေးကပ်လျက်တည်ရှိပြီး ဒီရေအတက်အကျရှိသော ဒေသဖြစ်သည့်အပြင် မိုးများသော ဒေသဖြစ်၍ မြစ်ရေဝင်ရောက်မှုကာကွယ်ရန်အတွက် ရေကန်တားတာ ခုနစ်ခုနှင့် မိုးသည်းထန်စွာရွာသွန်းသဖြင့် ကွင်းအတွင်းမှ ပိုလျှံကွင်းရေများ ထုတ်နုတ်နိုင်ရန် အဆိုပါ တာတမံများပေါ်တွင် ရေတံခါး ခုနစ်ခု တပ်ဆင်ဆောက်လုပ်ထားပြီး စိုက်ပျိုးမြေ ဧရိယာဧက ၁၀၀၀၀၀ ခန့်ကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးလျက်ရှိကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း မြစ်ရေကြီးခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းစသည့် သဘာဝဘေးအန္တရာယ်များကြောင့် တာတမံများ ထိခိုက်ပျက်စီးမှုမရှိစေရန်နှင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များဆုံးရှုံးမှု မဖြစ်ပေါ်စေရန် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းသစ်**(MNA)

## သစ်တောထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ကြသူများ တစ်ရက်လုပ်အားခနည်း၍ အခက်ကြုံ

**ရေတာရှည် ဇူလိုင် ၆**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သစ်တောကြိုးဝိုင်းတောင်ပေါ်ဒေသနေသူများအနေဖြင့် သစ်တောများပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် နံနက် ၆ နာရီ မှ ညနေ ၅ နာရီ အထိ ပေါင်းမြက်ရှင်းလင်းခြင်းနှင့် အပင်များမြေဆီဩဇာကျွေးသည့် လုပ်ငန်းများကို လုပ်ကိုင်ကြရသော်လည်း တစ်ရက်လျှင် နေ့စားခ ကျပ် ၄၀၀၀ သာရရှိကြောင်း ယနေ့နံနက်ပိုင်းက သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်ကားလမ်း ၁၅ မိုင် ဇရဲပေါက်ကျေးရွာတွင် နေ့စားလုပ်ကိုင်သူများက ပြောပြသည်။

"သစ်တောစိုက်ခင်းတွေမှာ နေ့စားဝင်လုပ်ကြတာက ညောင်ကိုင်း၊ ဝါးရဲ၊ သစ်ခါးမ ကျေးရွာတွေကပါတယ်၊ ကျွန်မတို့လည်း အလုပ်အကိုင်မရှိကြတော့ နေ့စားဝင်လုပ်ကြတာ တစ်ရက်ကို ကျပ် ၃၅၀၀ ပဲရတယ်၊ ရွာတွေကနေလာရတာ အဝေးကြီးတွေ ဒီကျတော့ ကားကြုံစီးပြီးသွားရတော့ အသွားအပြန် နှစ်ထောင်ကုန်တယ်၊ ထမင်းထုပ်ရတာနဲ့ဆိုတော့ ဘာမှမကျန်တော့ဘူး၊ နေ့စားခကိုတိုးပေးပါလို့ပြောလို့ ၅၀၀ ထပ်တိုးပေးတာ နှစ်ရက်လောက်ပဲရှိသေးတယ်" ဟု ညောင်ကိုင်းကျေးရွာနေ ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**

## ၁၁ ကေဗွီဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**ဘားအံ ဇူလိုင် ၆**
ကရင်ပြည်နယ် ကမမောင်းမြို့ရှိ ၃၃ ကေဗွီ လျှပ်စစ်ဓါတ်အားခွဲရုံသို့ လှိုင်းဘွဲမြို့နယ် ကမ်းနီကျေးရွာမှတစ်ဆင့် လျှပ်စစ်ဓာတ်အားလိုင်းပို့လွှတ်ချိန်တွင် မြို့ပေါ်ရပ်ကွက်များနှင့်အတူ တစ်ပြိုင်တည်း လျှပ်စစ်မီးလိုင်းရရှိနိုင်စေရေးအတွက် ပတ်ဝန်းကျင်ကျေးရွာများသို့ ၁၁ ကေဗွီဓာတ်အားလိုင်းအတွက် ကွန်ကရစ်ဓာတ်တိုင်ထူခြင်းလုပ်ငန်းများ ပြီးစီးသွားသည့်အတွက် ဓာတ်အားလိုင်းကြိုးများကို သတ်မှတ်ရက်အတွင်း ပြီးစီးနိုင်ရေးအတွက် တာဝန်ခံအင်ဂျင်နီယာများက အနီးကပ်ကြီးကြပ်ပေးလျက်ရှိကြောင်း သိရသည်။

**ကမမောင်း(ပြန်/ဆက်)**

## တိုတိုထွာထွာဖတ်စရာ

### အာဇာနည်နေ့အထိမ်းအမှတ်ပန်းချီပြိုင်ပွဲကျင်းပ

**နတ်တလင်း**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် (၇၁)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်(မူလတန်းအဆင့်)ပန်းချီပြိုင်ပွဲကို ဇူလိုင် ၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ပြိုင်ပွဲသို့ အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းလွန်ကျောင်းနှင့် မူလတန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၆ ဦးတို့ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်းသိရသည်။ **ဝင်းမြင့်(နတ်တလင်း)**

### ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကွင်းဆင်းစစ်ဆေး

**ဘော်လခဲ**
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းသည် ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးကျော်သူအောင်နှင့် တာဝန်ရှိသူများသည် ဇူလိုင် ၆ ရက်က ဘော်လခဲမြို့နယ်အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဆက်လက်ပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် ပထမခြောက်လ ခွင့်ပြုရန်ပုံငွေကျပ် ၅ ဒသမ ၉၆ သန်းဖြင့် ရေနီပေါက်ကျေးရွာ အိမ်တိုင်ရာရောက်ရေပေးဝေရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီးနန်းဖဲကျေးရွာ မြစိမ်းရောင်ကော်မတီဝင်များ၊ ကျေးရွာပြည်သူများနှင့် တွေ့ဆုံ၍ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆွေးနွေးပြီး မြစိမ်းရောင် စီမံကိန်းဖြင့်ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဝတ်ရည် (ပြန်/ဆက်)**

### ယာဉ်အန္တရာယ်ကင်းဝေးစေရေး ရှောင်တခင်စစ်ဆေး

**ပုသိမ်**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမရှေ့၌ ယာဉ်အန္တရာယ်ကင်းဝေးစေရေးရှောင်တခင်စစ်ဆေးခြင်းကို ဇူလိုင် ၅ ရက် မွန်းလွဲ ၂ နာရီ စစ်ဆေးခဲ့ကြသည်။

ပုသိမ်မြို့တွင် တနင်္လာနေ့မှ စနေနေ့အထိ နေ့စဉ် စစ်ဆေးလျက်ရှိပြီး သုံးဘီးဆိုင်ကယ်များနှင့်မော်တော်ယာဉ်များကိုလည်း ယာဉ်မှတ်ပုံတင်များ၊ ယာဉ်မောင်းလိုင်စင်များ စစ်ဆေးခဲ့ကြကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

### သက်ငယ်မုဒိမ်းမှုကျဆင်းရေးအသိပညာပေးဟောပြော

**ထားဝယ်**
ထားဝယ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်း၊ စခန်းမှူး ဒုရဲမှူးအောင်နိုင်မိုး၊ တနင်္သာရီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီနီရွှေနှင့် အထက ၁ ကျောင်း အုပ်ဆရာမကြီး ဒေါ်စန်းမွှေးတို့သည် ထားဝယ်မြို့ အထက ၁ ခန်းမ၌ ဇူလိုင် ၅ ရက် နံနက်ပိုင်းက သက်ငယ်မုဒိမ်းမှုကျဆင်းရေး ပညာပေးဟောပြောပွဲပြုလုပ်ရာ ကျောင်းသား ကျောင်းသူ ၄၀၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။ **၅၂၆**

**ရန်ကုန်**
ရန်ကုန် တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ကမာကလုတ်နယ်မြေစခန်းမှူး ရဲအုပ်စည်သူအောင်သည် ဇူလိုင် ၃ ရက် မွန်းတည့် ၁၂ နာရီတွင် ကုလားတန်းကျေးရွာအုပ်စု ရွှေပြည်သစ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူ ၅၀ ကိုလည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် ကမာကလုတ် ကျေးရွာ အထက ကျောင်းခန်းမ၌ ကျောင်းသား ကျောင်းသူ ၃၀၀ နှင့်ဆရာ ဆရာမ ၁၀ ဦးတို့အားလည်းကောင်း မူးယစ်ဆေးဝါး၏ဆိုးကျိုးများနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ လူကုန်ကူးမှုအန္တရာယ်တားဆီး ကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများနှင့် မှုခင်းမဖြစ်ပွားရေး အသိပညာ ပေးဟောပြောခဲ့ကြောင်း သိရသည်။ **နိုးတူး(ကျောက်တန်း)**

**ရန်ကုန်**
ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ကတိုင်စိန်ရဲကင်းစခန်းမှ စခန်းမှူးရဲအုပ်မျိုးမြင့်သည် လော့သော့ကျေးရွာအုပ်ချုပ်ရေးမှူးနေအိမ်၌ ကျေးရွာနေပြည်သူများအား မှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုမဖြစ်စေရေး အသိပညာပေးဆွေးနွေးခဲ့သည်။ **ကိုကြည်**

**ရန်ကုန်**
ကော့မှူးမြို့နယ် ဝါးဘလောက်သောက်ရဲကင်းစခန်းမှူး ရဲအုပ်မျိုးမင်းဟန်နှင့်အဖွဲ့က ဇူလိုင် ၄ ရက် နံနက် ၉ နာရီခွဲခန့်က ဝါးဘလောက်သောက်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ အမှုကြီးများ မဖြစ်ပွားစေရေး၊ သက်ငယ်မုဒိမ်းမှုများ မဖြစ်စေရေး၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး မှုခင်းအသိပညာပေး ဟောပြောခဲ့ရာ ပြည်သူ ၆၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

# အသက်(၁၀၀) ပြည့် သမိုင်းပညာရှင်၊ စာပေပညာရှင် ဆရာမကြီး ဒေါ်ကြန် (မကြန်)

■ စိုးမြင့်သန်းမောင် (စာပေဗိမာန်)

ဆရာမကြီးဒေါ်ကြန် (မကြန်)၏ မွေးနေ့ပွဲအခမ်းအနား တစ်ရပ် ကျင်းပမည်ဆိုသည့်သတင်းက မြန်မာ့ပညာရေးလောက အထူးသဖြင့် မြန်မာ့သမိုင်းဘာသာရပ်နယ်ပယ်နှင့် စာပေလောကမှာ အထူးတလည် သတိပြုမိစရာ ရှိလာပါသည်။ အကြောင်းမှာ ဆရာမကြီး၏ မွေးနေ့ပွဲသည် အသက် ၁၀၀ ပြည့် (ရာပြည့်ပွဲ) ဖြစ်နေသောကြောင့်ပင်။ ယခုခေတ်ကြီးထဲမှာက အသက် ၁၀၀ ပြည့် နေရသည်ဆိုသည်မှာ အတော်ပင်ရှားပါးသော နေထိုင်မှု ဘဝဖြစ်သည်။ ယနေ့လူတစ်ယောက်၏ ပျမ်းမျှနေထိုင်မှု သက်တမ်းက ၇၀ ဝန်းကျင်သာရှိသည်ဟု ဆေးသိပ္ပံပညာရှင်တို့၏ ဆန်းစစ်ထားမှုအောက်တွင် အသက် ၁၀၀ ပြည့်ဆိုသည်မှာ ဒုလ္လဘတရားတစ်ခုပင်။ ထိုတွင် ဆရာမကြီးဒေါ်ကြန်ဆိုသည်ကလည်း ပညာအဖွဲ့အစည်းထဲမှာ ထင်ရှားကျော်ကြားသူဖြစ်နေပြီး ထိုပညာဖြင့် နိုင်ငံနှင့်လူမျိုးအကျိုး၊ လောကအကျိုးစီးပွားများကို စွမ်းဆောင်ခဲ့သူအဖြစ် ခြေရာလက်ရာကောင်းရှိခဲ့သူမို့ လူတို့၏အထူးတလည် အာရုံပြုခံနေရမှု ရှိနေခဲ့သည်။

အာရုံပြု၍ ကြည်နူးနေသူတွေထဲမှာတော့ ပညာသင်ဆိုလည်းဟုတ်၊ တပည့်ဆိုလည်း ပြောလို့ရသည့် ကျွန်တော်လည်း တစ်ယောက်အပါအဝင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဆရာမကြီးနှင့်ကျွန်တော်ကလည်း ဖြတ်သန်းမှု အနည်းငယ် ရှိခဲ့သောကြောင့်ပင်။

တစ်ချိန်တစ်ခါက မိမိဌာနတွင် ကျွန်တော်သည် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (Year Book) စာအုပ်ကို ဦးဆောင်ထုတ်ဝေရသည့် တာဝန်တစ်ခုကို ယူခဲ့ရပါသည်။ ထိုအခါတွင် လုပ်ငန်းသဘောအရ "မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့"တွင် ပါဝင်သော ဆရာမကြီးဒေါ်ကြန်နှင့် တွေ့ဆုံပြောဆိုခဲ့ရဖူးပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်စာအုပ်ဆိုသည်ကလည်း တစ်နှစ်အတွင်း ထူးခြားထင်ရှားကျော်ကြားသော အကြောင်းအရာများကို ထည့်သွင်းဖော်ပြရပြီး ကျမ်းငယ်လေးတစ်ခု၏အသွင်ကို ဆောင်သည့် သဘောသဘာဝရှိသည်။ သမိုင်းသဘောလည်း သက်ဝင်သည်။ ထို့ကြောင့် ကျွန်တော်ဦးဆောင်ရသည့် စာတည်းအဖွဲ့အပြင်၊ လမ်းညွှန်မှုကို ခံယူရန်ဖြစ်သော ပြင်ပပညာရှင်များပါဝင်သည့် "မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့" နှင့်ပူးပေါင်း၍ ထိုကျမ်းငယ်ကို ပြုစုရသည်။

ထိုအခါ ကျွန်တော်တို့က ပြင်ပပညာရှင်များကို ချဉ်းကပ်ရသည်။ အစည်းအဝေးခေါ်ယူခြင်း၊ စာမူများကို တင်ပြခြင်း၊ ပညာရှင်များ၏ လမ်းညွှန်မှုခံယူခြင်းကဲ့သို့သော လုပ်ငန်းများကို လုပ်ရသည်။ ထိုသောအခါ ကျွန်တော်သည် ဆရာမကြီးအိမ်သို့လည်း နှစ်ခေါက်ထက်မနည်း ရောက်ဖူးခဲ့ရသည်။ ဆရာမကြီးထံ ဆက်သည့် တယ်လီဖုန်းဆိုသည်မှာလည်း အကြိမ်နှစ်ဆယ်ထက်မနည်းဘဲ ရှိခဲ့သည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်စာအုပ်ကို ပီဘိ ရည်ညွှန်းကျမ်းတစ်စောင်ဖြစ်စေရေးအတွက် စာမူများကို သေချာဖတ်ရှုစိစစ်ပြီး ပြင်သင့်သည်ကိုပြင်၊ ဖြည့်သင့်သည်ကိုဖြည့်ပေးခဲ့သည်။ ကျွန်တော်တို့လည်း ရည်ညွှန်းစာပေ၏ လေးနက်မှုကို နားလည်သဘောပေါက်ရပါသည်။ ထိုစဉ်က အခြားသော ရည်ညွှန်းကျမ်းပညာရှင်များဖြစ်သည့် ဆရာကြီး ဒေါက်တာသော်ကောင်း၊ ဒေါက်တာကျော်စိန်၊ ပါရဂူ၊ ဒေါက်တာခင်မောင်ညွန့်၊ မောင်ဆုရှင်၊ ဦးမင်းနိုင်တို့နှင့်အပြိုင် အစည်းအဝေးတိုင်းမှာ အားတက်သရော ဆွေးနွေးခဲ့သည်များကို ကျွန်တော်ပြန်လည် မြင်ယောင်နေမိပါသည်။ ဆရာမကြီးကတော့ လက်သင် အယ်ဒီတာလေးများဖြစ်သည့် ကျွန်တော်တို့ကို မှတ်မိသည့်အခါမှတ်မိပြီး မမှတ်မိသည့်အခါလည်း မမှတ်မိ။ မှတ်မိသည်ဖြစ်စေ၊ မမှတ်မိသည်ဖြစ်စေ၊ ဆရာမကြီး၏ ကျေးဇူးကတော့ ကျွန်တော်တို့ဆီမှာ ရှိနေသည်ဟု ခံယူရပါသည်။ ယခုလို နှစ်တစ်ရာပြည့် မွေးနေ့ပွဲကျင်းပပြီဆိုတော့ မဖြစ်မနေကို ပါဝင်ဆင်နွှဲရပါလိမ့်မည်။ ဆုတောင်းပေးရပါလိမ့်မည်။ သည်တော့ နှစ်တစ်ရာပြည့်မွေးနေ့ပွဲမှာ ကျွန်တော်သည် ဆရာမကြီးအတွက် ဘာတွေလုပ်ပေးနိုင်မလဲဆိုသည်ကို စဉ်းစားပြီး အနိမ့်ဆုံးအားဖြင့်တော့ ယခုလိုစာမျိုးကို ရေးမိရခြင်းလည်း ဖြစ်ပါသည်။

တကယ်တော့ ယခု ကျွန်တော်အလုပ်လုပ်နေသော စာပေဗိမာန်ရုံးသည်ပင် ဆရာမကြီး ဒေါ်ကြန် အခေါက်ခေါက်အခါခါ သွားလာခဲ့သောနေရာ ဖြစ်ခဲ့ပါသည်။ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ဖို့၊ စာပေဗိမာန် စာမူဆုတွေ ရွေးချယ်စိစစ်ဖို့၊ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်စာအုပ်အတွက် ဆွေးနွေးပေးဖို့ အစရှိသဖြင့် စာပေဗိမာန်လုပ်ငန်းများအတွက် အားဖြည့်ကူညီရန် ဆရာမကြီး စာပေဗိမာန်သို့ ရောက်လာခဲ့ပါသည်။ ထိုအခါ စာပေဗိမာန်ဝန်ထမ်းအားလုံးနီးနီးလောက်နှင့်လည်း ဆရာမကြီးနှင့် ခင်မင်ရင်းနှီးခဲ့ကြပါသည်။ သည်တော့လည်း ဆရာမကြီး၏ ပညာခံယူမှုသဘောတရားတွေကို ကျွန်တော်တို့ တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ကြားခဲ့ရသည်။ ကိုယ်တိုင်လည်း မြင်တွေ့ခဲ့ရသည်များရှိသည်။ ဆရာမကြီးသည် စာပေဆုများနှင့်ပတ်သက်၍ ရွေးချယ်မည်ဆိုပါက အတော်ပင် စနစ်တကျရှိပြီး ပညာရပ်စံနှုန်းများနှင့် အကြိမ်ကြိမ်ညှိနှိုင်းကာ ပေးသင့်ပေးထိုက်မှ ပေးလေ့ရှိသည်ဟူသော သဘော၊ သမိုင်းကျမ်းကဲ့သို့ စာအုပ်၊ စာမူများကို ရွေးချယ်ပါက ရည်ညွှန်းကိုးကား အထောက်အထားမပါလျှင် ကိုင်လို့ပင် မကြည့်တတ်ဘူးဆိုသည့် သဘော၊ ပညာမာနအရာမှာတော့ သူမတူဘူးဆိုသည့် သဘော စသည့် ထူးခြားသော လက္ခဏာများရှိသူအဖြစ် ကျွန်တော်တို့ ရိုသေလေးစားခဲ့ရပါသည်။ စံပြုစရာ ပညာများစွာ ရရှိခဲ့ပါသည်။

၎င်းတို့က ကျွန်တော် လက်တွေ့ဘဝမှာ သိရှိခဲ့သော ဆရာမကြီး ဒေါ်ကြန်ဖြစ်သည်။ စင်စစ်ဆရာမကြီးသည် ငယ်စဉ်ကတည်းက ၎င်း၏ဘဝကို 'ပညာ' ဖြင့်သာ နေထိုင်ခဲ့သူဖြစ်သည်ကို ဆရာမကြီး 'ကိုယ်ရေး' ကြည့်ရုံနှင့် သိနိုင်ပါသည်။ ဘွဲ့၊ ဒီဂရီအဆင့်ဆင့်ကို ရရှိပြီးနောက် သမိုင်းသုတေသနဦးစီးဌာနကဲ့သို့သော နေရာမျိုးမှာ ကျမ်းပြုအရာရှိအဖြစ် ဆောင်ရွက်ခဲ့သည်။ အင်္ဂလန်၊ ဩစတြေးလျ စသောနိုင်ငံများမှာ သမိုင်းဘာသာရပ်နှင့် ပတ်သက်၍ အမှုထမ်းခဲ့ဖူးသည်။ လေ့လာရေး သွားရောက်ခဲ့ဖူးသည်။ ထိုအခါ ဆရာမကြီး ကိုယ်တိုင် စာတမ်းများစွာရေးသည်။ ကျမ်း စာအုပ်၊ သမိုင်း စာအုပ်များစွာ ပြုစုခဲ့သည်။ ၎င်းတွင် ကိုလိုနီခေတ်ဦး ကျေးရွာအုပ်ချုပ်ရေး (၁၈၈၆-၉၇)၊ ကုန်းဘောင်ခေတ် အခွန်တော်ရေးရာ၊ ကုန်းဘောင်၏ နောက်ဆုံးအားမာန်၊ မဟာဝန်ရှင်တော် မင်းကြီး၏အုပ်ချုပ်ရေး (၁၈၈၆-၉၇)၊ ကျမ်းသုတေသနပြုခြင်း၊ သမိုင်းဟူသည်နှင့် အခြားစာတမ်းများ၊ သမိုင်းရှာပုံတော်ခရီးနှင့် အခြားစာတမ်းများ၊ ဘာသာစကားနှင့် စာပေ၌ အသုံးလှယ်ခြင်းစာတမ်း၊ ပဒေသရာဇ် မြန်မာနိုင်ငံ၏ဇာတ်သိမ်း၊ မြန်မာနိုင်ငံအခြေအနေ (၁၈၈၅-၈၆)၊ Selected Writings of Daw Kyan (အင်္ဂလိပ်-မြန်မာနှစ်ဘာသာ)တို့က ထင်ရှားသည်ဟု မှတ်တမ်းများတွင် တွေ့ရသည်။ ၎င်းတို့အထဲမှာမှ အမျိုးသားစာပေဆုနှင့် ထွန်းဖောင်ဒေးရှင်းစာပေဆုများကိုလည်း ရရှိခဲ့သေးသည်။ ထို့ပြင် အမျိုးသားစာပေတစ်သက်တာစာပေဆု၊ ပခုက္ကူဦးအုံးဖေ စာပေတစ်သက်တာ စာပေဆုနှင့် ထွန်းဖောင်ဒေးရှင်းစာပေဆု၊ တစ်သက်တာစာပေဆုများသာမက ဝိဇ္ဇာပညာထူးချွန်ဆု (ပထမအဆင့်) ထူးချွန်အမျိုးသမီးဆုများလည်း ရရှိခဲ့သည်။ ဆရာမကြီးသည် ထိုကဲ့သို့ ဆုများရရှိခဲ့သော်လည်း ပညာအတွက် အလုပ်နှင့်လည်း ပြတ်သည်မရှိခဲ့ပါ။ အင်္ဂလိပ်၊ မြန်မာ အဘိဓာန်လုပ်ငန်း၊ မြန်မာ-အင်္ဂလိပ် အဘိဓာန်လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခဲ့ပါသည်။

၎င်းတို့ကို ကြည့်၍ ဆရာမကြီး ဘယ်လောက်အလုပ်လုပ်ခဲ့သလဲ၊ ပညာအဖွဲ့အစည်းအတွက် ဘယ်လောက် အကျိုးပြုခဲ့သလဲဆိုသည်ကို ကျွန်တော်တို့ အလွယ်တကူပင် သိရှိနိုင်ပါသည်။ ပညာဖက်လို့ အသက်ရှည်သလားပင် ထင်ရလောက်အောင် အစွမ်းအဟုန်ကြီးမားလွန်းခဲ့ပါသည်။

အမှန်တော့ အဲသလိုမျိုးပုဂ္ဂိုလ်အတွက် ကျွန်တော်တို့ကသာ ဘာသိဘာသာနေမိခဲ့ခြင်းဖြစ်ပြီး ဘာသိဘာသာမနေတတ်သည့် ဆရာသူရဇော်၊ ဆရာဦးအေးချို၊ ဆရာအောင်မိုးဆောင်း (ဦးမြင့်ကြိုင်)၊ ဆရာမ ဒီဇင်ဘာမွန်း (စာပေဗိမာန်၊ စာတည်းမှူး)တို့က ကမကထပြုကာ ယခုမွေးနေ့ပွဲကို အကောင်အထည်ဖော်လိုက်ခြင်းဖြစ်သည့်အတွက် အနှီဆရာ၊ ဆရာမများကိုတော့ ကျေးဇူးတင်ရပါသည်။ ပညာအဖွဲ့အစည်းထဲမှာနေသည့် ကျွန်တော်တို့ကိုယ်စား ဆောင်ရွက်ပေးသည့်အတွက်လည်း လှိုက်လှဲစွာကျေးဇူးတင်ရပါသည်။

ထို ဦးဆောင်ဦးရွက်ပြု ဆရာ၊ ဆရာမများနှင့်တကွ မွေးနေ့ပွဲကို တက်ရောက်လာသူ၊ ဆရာမကြီးကို ချစ်သူခင်သူများ၊ ဂုဏ်ပြုပေးလိုသူများကို ကျေးဇူးတင်ရပါသည်။ တစ်ဆက်တည်းဆိုသလို ဆရာမကြီး ဒေါ်ကြန်သည်လည်း နှစ်တစ်ရာပြည့်မှစပြီး နှစ်ပေါင်းများစွာကြာသည့်တိုင်အောင် သမိုင်းပညာအကျိုး၊ စာပေအကျိုးမှစ၍ လူမျိုးအကျိုးအတွက် ဆက်လက်သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းကာ ရေးသားလိုက်ရပါသည်။ ။



> ဆရာမကြီးသည် စာပေဆုများနှင့်ပတ်သက်၍ ရွေးချယ်မည်ဆိုပါက အတော်ပင် စနစ်တကျရှိပြီး ပညာရပ်စံနှုန်းများနှင့် အကြိမ်ကြိမ်ညှိနှိုင်းကာ ပေးသင့်ပေးထိုက်မှ ပေးလေ့ရှိသည်ဟူသော သဘော၊ သမိုင်းကျမ်းကဲ့သို့ စာအုပ်၊ စာမူများကို ရွေးချယ်ပါက ရည်ညွှန်းကိုးကား အထောက်အထားမပါလျှင် ကိုင်လို့ပင် မကြည့်တတ်ဘူးဆိုသည့် သဘော၊ ပညာမာနအရာမှာတော့ သူမတူဘူးဆိုသည့် သဘော စသည့် ထူးခြားသော လက္ခဏာများရှိသူအဖြစ် ကျွန်တော်တို့ ရိုသေလေးစားခဲ့ရပါသည်။ စံပြုစရာ ပညာများစွာ ရရှိခဲ့ပါသည်။

## ဖိုးကျားအပန်းဖြေဆင်စခန်း ဝန်ဆောင်ခနှုန်းထားများ မိုးရာသီအတွက် လျှော့ချကောက်ခံရန် စီစဉ်

**ရေတာရှည် ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရမြို့အနောက်ဘက် ၁၀ မိုင်ရှိ ဖိုးကျားအပန်းဖြေ ဆင်စခန်းသို့လာရောက်လည်ပတ်ကြသူများအား မိုးရာသီ အထူးအစီအစဉ်ဖြင့် ဝင်ကြေးနှင့်ဝန်ဆောင်ခများ လျှော့ချကောက်ခံရန် စီစဉ်ထားကြောင်း မြန်မာ့သစ်လုပ်ငန်း(တောင်ငူ)မှ လက်ထောက်မန်နေဂျာ ဦးညီမင်းလတ်က ပြောကြားသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဖောက်လုပ်ခဲ့ပြီးသည့် နောက်ပိုင်း ရိုးမဖြတ်ကျော်ကားလမ်းအတိုင်း လေးမိုင်ခန့်သာဝင်ရောက်ရသည်ဖြစ်၍ မြန်မာနိုင်ငံဒေသအနှံ့အပြားမှ ခရီးသွားဧည့်သည်များနှင့် ပြည်ပခရီးသွားများ နှစ်စဉ် လာရောက်လည်ပတ်သူ တစ်နှစ်ထက်တစ်နှစ်ပိုမိုများပြားလာခြင်း ဖြစ်သည်။

အပန်းဖြေဆင်စခန်းသို့ ရုံးပိတ်ရက်အခါကြီးနေ့ရက်များတွင် လာရောက်လည်ပတ်သူအများဆုံးဖြစ်ပြီး သရုပ်ပြသခြင်းနှင့် ဆင်စီးခြင်းတို့အတွက် ဆင် ၁၄ ကောင်ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်ကို တွေ့ရှိရသည်။

ထို့အတူ ဆင်စခန်းအတွင်း နှစ်ပေါင်း ၁၂၀ သက်တမ်းရှိ ကျွန်းပင်ကြီး ၁၈၉ ပင်ရှိပြီး ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မိုးရာသီကာလ ချောက်ကမ်းပါးဘေးကပ်လျက်ရှိသည့် ကျွန်းပင်ကြီးများအား လဲကျသွားခြင်းမရှိစေရန် မြေကာနံရံများပြုလုပ်ထားသည့် အခြေအနေများကို ဇူလိုင် ၅ ရက် နေ့လယ်ပိုင်းတွင် မြန်မာ့သစ်လုပ်ငန်းရုံးချုပ်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဂျွန်ရွှေဘနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုခဲ့ပြီး နှစ်ရှည်ကျွန်းပင်ကြီးများတွင် ဆင်များကို ချည်နှောင်ခြင်းမပြုရန် ဆင်ထိန်းကျောင်းသူများအား အသိပေးထားရန်ပြောကြားသည်။

ကိုလွင်(ဆွာ)

# ဆောင်းဟေကိုနဲ့ ပါ့ခ်ဘိုဂန်းတို့ရဲ့ ရုပ်ရှင်သစ်ကို ဒီဇင်ဘာလအတွင်း ထုတ်လွှင့်မည်



တောင်ကိုရီးယားမင်းသမီး ဆောင်းဟေကိုဟာ မင်္ဂလာပွဲကျင်းပပြီးနောက် သူ့ရဲ့ ပထမဆုံးသော ဇာတ်လမ်းတွဲရုပ်ရှင်ကို လက်ခံရိုက်ကူးပေးဖို့ရာ သဘောတူလိုက်ပြီဖြစ်ပါတယ်။ လပေါင်းများစွာ အဆိုပါ ဇာတ်လမ်းတွေမှာ ပါဝင်မှာဖြစ်တယ်လို့ ကောလာဟလတွေ ပေါ်ထွက်ခဲ့ပြီးနောက် လတ်တလောမှာတော့ လက်ခံလိုက်ပြီဟု ပြောကြားလာတာဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာတော့ ဆောင်းဟေကိုဟာ မင်းသားပါ့ခ်ဘိုဂန်းနဲ့ တွဲဖက်ပါဝင်သွားရမှာဖြစ်တယ်လို့ ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်အရ သိရပါတယ်။

ဒီဇာတ်လမ်းတွဲရဲ့အမည်ကိုတော့ “Boyfriend”လို့ ပေးထားပြီး ဆောင်းဟေကို ပါဝင်သွားမှာဖြစ်ပြီး လာမယ့် ဒီဇင်ဘာလအတွင်း စတင်ထုတ်လွှင့်သွားမှာ ဖြစ်တယ်ဟု ရုပ်ရှင်အဖွဲ့သား တစ်ဦးက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

“Boyfriend” ဟာ ဘဝမှာ အရာရာပြည့်စုံတဲ့ အမျိုးသမီး တစ်ဦးနဲ့ ပိုင်ဆိုင်မှုမရှိတဲ့ သာမန် အမျိုးသား တစ်ဦးအကြားက ဇာတ်လမ်းကို ပုံဖော်သွားမှာပါ။ အဓိက ဇာတ်ကောင်တွေဟာ သူတို့ရဲ့ဘဝတွေကို ဆက်လက် ထိန်းသိမ်းထားရမှာလား၊ သာမန်လူ တစ်ဦးကဲ့သို့ နေထိုင်သွားရမှာလား ဆိုတာ ဆုံးဖြတ်ရဖို့ရှိနေပြီး သူတို့ နှစ်ဦးစလုံးရဲ့ တူညီတဲ့ ဆန္ဒကတော့ သူတို့ရဲ့ဘဝတွကို တစ်ရက်လေးဖြစ်ဖြစ် ပြောင်းလဲနေထိုင်လိုတာ ဖြစ်တယ်လို့လည်း သိရပါတယ်။

ဒီဇာတ်လမ်းတွဲမှာ ဆောင်းဟေကို ပါဝင်သွားမယ့် ဇာတ်ကောင်ကတော့ ချာဆိုးဟွန်ဖြစ်ပြီး သူဟာ ခင်ပွန်းနဲ့ ကွာရှင်းထားတဲ့ ကလေးတစ်ယောက်မိခင်ဖြစ်ကာ ချမ်းသာတဲ့ မိသားစုမှ မွေးဖွားလာသူပါ။ မိခင်ရဲ့ စီစဉ်မှုကြောင့် ချမ်းသာတဲ့သူတစ်ဦးနဲ့ အိမ်ထောင်ကျခဲ့ပြီး ဘဝရဲ့ ပျော်ရွှင်မှုတွေကို ခင်ပွန်းသည်ရဲ့ အလုပ်ကိစ္စတွေကြား မြှုပ်နှံထားခဲ့ရသူလည်း ဖြစ်ပါတယ်။ တစ်နေ့မှာ ခင်ပွန်းသည်က သူနဲ့ ကလေးကို ထားခဲ့တာဖြစ်ပါတယ်။

ပါ့ခ်ဘိုဂန်းရဲ့ ဇာတ်ကောင် ကမ်ဂျီဟွတ်ကတော့ အချိန်ပိုင်းအလုပ်တွေ များစွာလုပ်ကိုင်နေသူတစ်ဦးဖြစ်ပြီး အလုပ်တွေကိုလည်း ရှာဖွေနေသူ သာမန်လူတစ်ဦးဖြစ်ပါတယ်။ သူဟာ အလုပ်လျှောက်ထားခဲ့တဲ့ ကုမ္ပဏီတွေရဲ့ ငြင်းဆိုမှုကို ခံခဲ့ရပြီးနောက် နိုင်ငံခြားခရီးသွားခဲ့စဉ် အမျိုးသမီးတစ်ဦးနဲ့ ဆုံတွေ့ခဲ့တာဖြစ်ပါတယ်။

ဒီဇာတ်လမ်းတွဲဟာ ပရိသတ်တွေရဲ့ အာရုံကို အတော်လေးဆွဲဆောင်ထားနိုင်ပါတယ်။ ဒီရုပ်ရှင်ဟာ ဆောင်းဟေကိုနဲ့ ပါ့ခ်ဘိုဂန်းတို့ရဲ့ အလွန်ကို အောင်မြင်ခဲ့တဲ့ ဇာတ်လမ်းတွဲတွေဖြစ်ကြတဲ့ “Descendants of the Sun (DOTS)” နဲ့ “Love in the Moonlight” အပြီး ပြန်လည်ပါဝင်ခဲ့တဲ့ ရုပ်ရှင်ဖြစ်တာကြောင့်ပါ။ ဒ့ါအပြင် ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း မင်္ဂလာပွဲ ဆင်နွှဲပြီးနောက် ပထမဆုံးအကြိမ် ပြန်လည်ရိုက်ကူးမယ့် ဆောင်းဟေကိုရဲ့ ဇာတ်လမ်းတွဲလည်းဖြစ်ပြီး ဆောင်းဟေကိုရဲ့ ခင်ပွန်း ဆောင်ဂျွန်ကီနဲ့ ဒီဇာတ်လမ်းတွဲရဲ့ အဓိကဇာတ်ဆောင်မင်းသား ပါ့ခ်ဘိုဂန်းတို့ဟာလည်း အလွန်ကို ရင်းနှီးခဲ့ကြသူတွေဖြစ်ပါတယ်။

ဒီလို သတင်းတွေ ထွက်လာခဲ့ပေမယ့် ဒီဇာတ်လမ်းတွဲကို ထုတ်လွှင့်ပြသသွားမယ့် tvN ရုပ်သံလိုင်းကတော့ လတ်တလောမှာ ဆွေးနွေးနေဆဲဖြစ်ကာ ဆောင်းဟေကို ပါဝင်မှာဖြစ်ကြောင်း အတည်ပြုနိုင်ခြင်းမရှိသေးဘူးလို့လည်း တုံ့ပြန်ခဲ့တယ်လို့ သိရပါတယ်။

# ချစ်သူနဲ့ လမ်းခွဲပြီးနောက် ပထမဆုံးအကြိမ် သူ့ရဲ့ဓာတ်ပုံတွေကို လီဒေါင်ဝတ် ထုတ်ဖော်ပြသ

တောင်ကိုရီးယားမင်းသားတစ်ဦးဖြစ်တဲ့ လီဒေါင်ဝတ်ဟာ နာမည်ကျော်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ဆူဇီနဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း မကြာသေးမီက အေဂျင်စီတွေကနေတစ်ဆင့် ထုတ်ဖော်ပြောကြားလာခဲ့ပါတယ်။ ဒီလို ချစ်သူနဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ပရိသတ်တွေကို အသိပေးခဲ့ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် လီဒေါင်ဝတ်က သူ့ရဲ့ ဓာတ်ပုံတွေကို အင်စတာဂရမ် စာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြသလာတာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



လီဒေါင်ဝတ်ဟာ ချစ်သူနဲ့ လမ်းခွဲခဲ့ပေမယ့် အသည်းကွဲသူတစ်ဦးဖြစ်မနေဘဲ အလုပ်တွေကို ကြိုးစားနေတယ်လို့ သူ့ရဲ့ ပရိသတ်တွေကို အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် အသိပေးလိုက်တာဖြစ်ပါတယ်။ လတ်တလော ထုတ်ဖော်ပြသလာတဲ့ ဓာတ်ပုံတွေမှာတော့ လီဒေါင်ဝတ်ဟာ စတူဒီယိုတစ်ခုအတွင်း ဇာတ်ညွှန်းကို ကြိုးကြိုးစားစား ကျက်မှတ်နေတာကိုလည်း တွေ့ရပါတယ်။ လီဒေါင်ဝတ်ဟာ သူ့ရဲ့ ဇာတ်လမ်းတွဲရုပ်ရှင်သစ် "Life"ကို လက်ခံရိုက်ကူးပေးနေတာ ဖြစ်ပါတယ်။

လီဒေါင်ဝတ်ရဲ့ ဓာတ်ပုံတွေအောက်မှာတော့ မင်းသားဟာ ကြော်ငြာရိုက်ကူးရေးခေတ္တရပ်နားထားစဉ် ယခုလို ကြိုးစားပမ်းစား ဇာတ်ညွှန်းကျက်နေတာဖြစ်ကြောင်း ရေးသားဖော်ပြထားတာကိုလည်း တွေ့ရပါတယ်။ လီဒေါင်ဝတ်နဲ့ ဆူဇီတို့ လမ်းခွဲလိုက်တဲ့ သတင်းအပေါ် ပရိသတ်တွေက အွန်လိုင်းပေါ်ကနေတစ်ဆင့် တုံ့ပြန်ခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ အချို့ကတော့ ချစ်သူနဲ့ လမ်းခွဲပြီးနောက် အလုပ်ကြိုးစားနေတဲ့ လီဒေါင်ဝတ်ကို တွေ့ရတဲ့အတွက် ဝမ်းသာကြောင်း ရေးသားဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

# TWICE ရဲ့ တေးဗီဒီယိုသစ် စမ်းသပ်ထုတ်လွှင့်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "TWICE"ရဲ့ တေးသီချင်းသစ် "Dance the Night Away"အတွက် ဗီဒီယိုကို လတ်တလောမှာ စမ်းသပ်ထုတ်လွှင့်ပေးခဲ့တာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"Dance the Night Away"ဟာ အဖွဲ့ရဲ့ ဒုတိယမြောက် တေးအယ်လ်ဘမ်မှာပါဝင်မယ့် ခေါင်းစီးတေးဖြစ်ပါတယ်။ လတ်တလောထုတ်လွှင့်ခဲ့တဲ့ အစမ်းတေးဗီဒီယိုဟာ ယင်းတေးသီချင်းအတွက် နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ အစမ်းတေးဗီဒီယိုဖြစ်ပြီး ဒီတေးဗီဒီယိုမှာလည်း နွေရာသီကို ရည်ရွယ်ထုတ်လုပ်တဲ့ တေးအယ်လ်ဘမ်ဖြစ်တာနဲ့အညီ နွေရာသီနဲ့ လိုက်ဖက်တဲ့ ပြင်ဆင်မှုတွေနဲ့ ဖန်တီးရိုက်ကူးထားတာ တွေ့ရပါတယ်။

တေးဗီဒီယိုတစ်ခုလုံးကိုတော့ လာမယ့် ဇူလိုင် ၉ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

# ၁၉ နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည် ပြုလုပ်ခဲ့တဲ့ ဒေးဗစ်ဘတ်ခမ်း နဲ့ ဗစ်တိုးရီးယား



ဟောလိဝုဒ်ရဲ့ နာမည်ကျော်ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ဘောလုံးကြယ်ပွင့် ဒေးဗစ်ဘတ်ခမ်းနဲ့ ဒီဇိုင်နာတစ်ဦးဖြစ်သူ ဗစ်တိုးရီးယားဘတ်ခမ်းတို့ဟာ လတ်တလောမှာတော့ ၁၉ နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်ကို ပြုလုပ်ခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

သူတို့ရဲ့မင်္ဂလာနှစ်ပတ်လည်နေ့ဟာ ဇူလိုင် ၄ ရက်နဲ့လည်း တိုက်ဆိုင်နေတာကြောင့် သူတို့နှစ်ဦးရဲ့ သမီးငယ်လေး အသက် ခုနစ်နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဟာပါရဲ့ကျောင်းမှာ အားကစားပြိုင်ပွဲ ကျင်းပတဲ့နေ့လည်းဖြစ်ပါတယ်။ ဒီနေ့မှာတော့ ဒေးဗစ်ဘတ်ခမ်းဟာ အခြားသော ကလေးဖခင်တွေနဲ့အတူ အပြေးပြိုင်ပွဲဝင်ခဲ့တာကို ရိုက်ကူးထားတဲ့ ဗီဒီယိုဖိုင်ကိုလည်း ဗစ်တိုးရီးယားဘတ်ခမ်းက သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာ တွေ့ရပါတယ်။ ဒီလိုအပြေးပြိုင်ရာမှာ ဘတ်ခမ်းဟာ ခေါင်းပေါ်မှာ ပဲစေ့အိတ်ကို တင်ထားရင်း ပြုတ်မကျအောင်ထိန်းကာ ပြေးနေတာကိုလည်း တွေ့ရပါတယ်။

အဲဒီနေ့ရဲ့ မွန်းလွဲပိုင်းမှာတော့ မင်္ဂလာသက်တမ်း ၁၉ နှစ်ပြည့်ခဲ့ပြီဖြစ်ကာ ကလေး လေးဦးရဲ့ မိဘတွေဖြစ်နေကြပြီဖြစ်တဲ့ ဒေးဗစ်နဲ့ ဗစ်တိုးရီးယားတို့နှစ်ဦး စားသောက်ဆိုင်တစ်ဆိုင်မှာ နေ့လယ်စာ အတူစားခဲ့ကြပါတယ်။ နေ့လယ်စာစားခဲ့ကြတဲ့ သူတို့နှစ်ယောက်ရဲ့ ဓာတ်ပုံကိုလည်း လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြခဲ့တာ တွေ့ရပါတယ်။ ဓာတ်ပုံရဲ့ အောက်မှာတော့ ဒေးဗစ်ဘတ်ခမ်းက ၁၉ နှစ်တောင် ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ ပထမဆုံးနေ့လေးမှာ သူဟာ ဆံစမှ ခြေဖျားအထိ ခရမ်းရောင်တွေနဲ့ ပြင်ဆင်ထားခဲ့တာကို ယခုထိမှတ်မိနေကြောင်းနဲ့ ဗစ်တိုးရီးယားကိုလည်း မိခင်ကောင်း၊ ဇနီးကောင်းအဖြစ် ရှိနေပေးခဲ့တဲ့အတွက် ကျေးဇူးတင်တဲ့အကြောင်း ရေးသားဖော်ပြထားတာကိုလည်း တွေ့ရပါတယ်။ ဗစ်တိုးရီးယားကလည်း ၁၉နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်အတွက် အမှတ်တရစာသားတွေ ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ဗစ်တိုးရီးယားနဲ့ ဒေးဗစ်ဘတ်ခမ်းတို့ဟာ ဒီလို မင်္ဂလာနှစ်ပတ်လည် မကျင်းပမီမှာ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ကောလာဟလတွေ ပေါ်ထွက်လာခဲ့ပါတယ်။ ဒီလိုသတင်းတွေ ပေါ်ထွက်ခဲ့ပြီးနောက် မကြာမီမှာပင် ကြယ်ပွင့်စုံတွဲက သတင်းတွေ မှန်ကန်မှုမရှိကြောင်း တုံ့ပြန်ခဲ့ပါတယ်။ ပြီးခဲ့တဲ့လအတွင်းကလည်း မိသားစုတွေအတူ အပြင်မှာ စားသောက်ခဲ့ကြတဲ့ ပုံတွေကို လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ဖော်ပြခဲ့ပါသေးတယ်။ လတ်တလောမှာလည်း မင်္ဂလာနှစ်ပတ်လည်ကို ပြုလုပ်ခဲ့တာကြောင့် လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေဟာ လုံးဝမှန်ကန်မှုမရှိဘူးလို့ ဆိုရမှာဖြစ်ပါတယ်။

အေးပြည့် ရေးသားသည်

**Star Zone** Travels & Tours — STAR ZONE ပြည်ပ အထူးခရီးစဉ်များ

| | | | |
|---|---|---|---|
| သီရိလင်္ကာ+ သန်တောက် ခရီးစဉ် | 6N/7D | 20 AUG | 1,390 USD |
| စင်ကာပူ (Champions Cup) ခရီးစဉ် | 2N/3D | 26 JUL | 690 USD |
| စင်ကာပူ ခရီးစဉ် | 3N/4D | 19 JUL | 690 USD |
| ဗီယက်နမ် (ဟနွိုင်း+ဟလောင်း Sun World) ခရီးစဉ် | 3N/4D | 4 AUG / 1 SEP | 425 USD |
| သန်တောက်-ပဋ္ဌာရား ခရီးစဉ် | 3N/4D | 19 JUL | 399 USD |

2 to Go (Beach Package) 2 ယောက်ရှိရုံနှင့်သွားနိုင်ပြီ

| | | | |
|---|---|---|---|
| မော်ဒိုက် ခရီးစဉ် | 2N/3D | Travel Period: Until 30 SEP | 1,220 USD |
| ဘာလီ ခရီးစဉ် | 3N/4D | Travel Period: Until 30 SEP | 210 USD |
| ကော့စမွေ ခရီးစဉ် | 2N/3D | Travel Period: Until 30 SEP | 425 USD |
| ဖူးခက် ခရီးစဉ် | 2N/3D | Travel Period: Until 31 AUG | 186 USD |

ဆက်သွယ်ရန်ဖုန်း - 01 230 1511, 230 1522, 230 0106, 09 250 64 74 72

# စီးပွားပန်းခင်း

ပညာရေးဝန် ဆောင်မှုလုပ်ငန်း

**LCCI** စာရင်းကိုင်သင်တန်း Level 1+2+3 | **AutoCount** Computerised Accounting

2018 December Series(July) တန်းခွဲသစ်များ (7.7.2018) စပြီ။

သင်တန်းကြေး (၃) ကြိမ်ခွဲသွင်းနိုင်သည်။ (15.7.2018) အတွင်းအပ်နှံသူများ 10% Discounts ရမည်။

မြို့ထဲ ။ (၁၀၃)(ရာသွာ)၊ ၅၂ -လမ်းထိပ်ယောကမ္ဘာလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ၊

လှည်းတန်း ။ တိုက် (၂၃)၊ အခန်း(A. 4) လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ် ရန်ကုန်မြို့

09-5118647-73009869-73013432-73028433

## July မောင်နှမအတွက် မွေးနေ့မင်္ဂလာဆုတောင်းလွှာ

မခင်စန္ဒာ(အင်္ဂလန်)နှင့် ကိုအေးမင်းကျော်(စင်ကာပူ)တို့၏ (၇-၇-၂၀၁၈) ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် အောင်မြင်မှုများစွာ ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ဖေဖေ- ဦးသိန်းထွန်း(ဆေးတက္ကသိုလ်၊ သတ္တဗေဒဌာနမှူး-ငြိမ်း)
မေမေ- ဒေါ်ခင်လှရီ(စင်ကာပူ)
မကြီး- ကိုကျော်ဝင်းထွန်း-မခင်ချောစု၊ တူမလေး မေသော်တာထွန်း
ကိုကိုကြီး- ဒေါက်တာပန်ထွန်းအောင်-မဝင်းမင်းနိုင်၊ တူလေး Ethan Koe
ကိုကိုလေး- ကိုတင်အောင်ကျော်-Jenny Chen
ချစ်ခင်ပွန်း- ဒေါက်တာ လွင်ဦးမောင်
သားလေး- Hayden Lwin Maung
ချစ်နီး- ဒေါက်တာ စကားနီမင်းစု
သားလေး- Johnathan Min
သမီးလေး- May Thi Min San

**တရုတ်** | **ENGLISH** Conversation Practice

စကားပြောခုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။ — Sayar.Yang

ပြောလို့ပြီးပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း

Great Wall စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 420230133

**GNC** LIVE WELL

အရပ်ရှည်ဖြီး ဉာဏ်ရည်ထက်ဖို့

# Mega Teen

သောက်ကြစို့။



အသက် (၉) နှစ်မှ (၂၄) နှစ်အတွင်း
ကျား / မ မရွေး
တစ်နေ့ (၁) လုံးမှ (၃) လုံးအထိ
သောက်သုံးနိုင်ပါသည်။

ဆယ်ကျော်သက် အားဆေး **Mega Teen**

**TNC** THE NUTRITION CENTRE — GNC BRANDED အရည်အသွေးမြင့် ဖြည့်စွက်အာဟာရများကို အောက်ပါ TNC Showroom များတွင် ရရှိနိုင်ပါပြီ။

- ဗဟန်း - ၀၉ - ၄၅၇ ၄၀၉ ၉၉၁
- အလုံ - ၀၉ - ၄၅၇ ၄၀၉ ၉၉၂
- ရွှေဂုံတိုင် - ၀၉ - ၄၅၇ ၄၀၉ ၉၉၃
- လှည်းတန်းစင်တာ - ၀၉ - ၄၅၇ ၄၀၉ ၉၉၆
- Junction City - ၀၉ - ၄၃၁ ၅၄၀၀၄
- Junction Mawtin - ၀၉ - ၉၅၅ ၁၃၁ ၂၁၇
- မန္တလေး - ၀၉ - ၄၅၇ ၄၀၉ ၉၉၄
- နေပြည်တော် Junction - ၀၉ - ၄၅၇ ၄၀၉ ၉၉၅
- မော်လမြိုင် - ၀၉ - ၄၅၇ ၄၀၉ ၉၉၇
- Order များ မှာယူလိုလျှင် ၀၉ - ၄၅၉ ၁၉၃ ၁၁၄ သို့ တိုက်ရိုက်ဖုန်းဆက်မှာယူနိုင်ပါသည်။ အမြို့မြို့ အနယ်နယ်ရှိ Citymart ဆိုင်ခွဲတိုင်းနှင့် ဆေးဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါပြီ။

**BRAND'S** Unlocking Greatness

# အားအင်ဖြည့်တင်း
# ဘာရင်းငှက်သိုက်ကျင်စင်း




နိုင်ငံကျော်ထိုင်းရုပ်ရှင်သရုပ်ဆောင်

ဘာရင်း ကျန်းမာလှပ မျိုးထာဝရ

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။**
မော်ဘီမြို့နယ် အ.ထ.က(၁)ကျောင်း အနောက်ဖက်၊ လှပါးရွာ၊ လယ်မြေ (၆)ဧက၊ ပုံစံ(၇)ကျပြီး တစ်ဧက သိန်း(၂၅၀) ညှိနိုင်း
ပြည်လမ်းမှ ကားဖြင့် (၇)မိနစ်ခန့်
09-421117007

**မြေကွက်များ ဈေးကောင်းပေးဝယ်လိုသည်**
ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင် မြေကွက်များဝယ်လိုသည်။
**အိမ်အရောက် ငွေချေမည်၊ ပွဲခပေးရန်မလို**
ဖုန်း 01-2339310,01-2339355,01-578044

PUN HLAING + SILOAM HOSPITALS

အရိုးပြဿနာပေါ်ပေါက်လာ
ချက်ချင်းကာကွယ်ကုသပါ

Trauma within 4 hours



အရိုးနှင့်ပတ်သက်သောအရေးပေါ်
ထိခိုက်ဒဏ်ရာအမျိုးမျိုးအတွက်
(၄) နာရီအတွင်းကုသခြင်း

24 HOUR EMERGENCY
013684411

အရေးပေါ် အရိုးထိခိုက်ဒဏ်ရာ ကုသမှုများအပြင်
- ဒူး၊ တင်ပါးဆုံရိုး အစားထိုးကုသခြင်း
- ကျောရိုးအဆစ်နှင့်ဆိုင်သော ရောဂါများကုသခြင်း
- အဆစ်အတွင်းရှိ ရောဂါများအား မှန်ပြောင်းဖြင့် ကြည့်ရှု ကုသပေးလျက်ရှိပါသည်။

ပန်းလှိုင်ဆေးရုံ(ရန်ကုန်)
၀၁ ၃၆၈ ၄၃၂၂၊ ၀၉ ၄၂၁ ၀၄၂ ၆၇၉

ပန်းလှိုင်ဆေးရုံ(မန္တလေး)
၀၂ ၄၀၆ ၉၂၀၃ (၄ ၅ ၆)

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၇ခုနှစ်(သို့မဟုတ်)၂၀၁၈ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆို အောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၈ခုနှစ်၊ ဇွန်လ (၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၈ခုနှစ်**တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၈ခုနှစ်၊ ဇွန်လ (၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၈ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့်ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၈ခုနှစ်၊ ဇွန်လ (၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များသို့** ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီးအရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၇)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

SNN
# ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်
ရွှေချစ်သူများအတွက် ကံစမ်းရန်မလိုပါ။ ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင် မှ
မိုးရာသီ Promotion အထူးအစီအစဉ် (1.7.2018 မှ 31.7.2018) အတွင်း
ငွေကျပ် (၅)သိန်းနှင့်အထက် ကြိုက်နှစ်သက်သော ရွှေထည်ပစ္စည်းများဝယ်ယူအားပေးသော
မိတ်ဟောင်း၊ မိတ်သစ် Customer များကို ဘေးထိုးရွှေကလစ် (၁)ခု မေတ္တာလက်ဆောင်ပေးသွားပါမည်။
အမှတ်(၃၉)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ။ ၀၁-၅၃၆၀၀၀၊ ၅၃၉၅၁၂၊ ၅၂၃၈၈၈
PH; ၀၉-၄၄၃၀၀၂၆၉၇၊ ၀၉- ၂၅၄၂၈၀၀၂

## တက္ကသိုလ်ဝင်တန်း ကျောင်းသား/သူများအတွက်




၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ စစ်မေးမည့်
မေးခွန်းပုံစံသစ်နှင့်အညီ ရေးသားထားသော...
ပါမောက္ခ ဒေါက်တာခင်ဆန်းဦး
တက္ကသိုလ်ဝင်တန်း
# မြန်မာစာလမ်းညွှန်
(သင်ရိုးကုန်)
ဆက်သွယ်မှာကြားရန် - ဂုဏ်ထူးမော်ကွန်းစာပေ
အမှတ်(၃၅၉)၊ ပထမထပ်၊ ဗိုလ်အောင်ကျော်လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၉ ၂၅၃ ၅၃၇ ၁၃၆
၀၉ ၇၃၀ ၁၁၂၂၉ ၊ ၀၉ ၄၁၁ ၄၁၂၂၉
အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

## မင်္ဂလာပါ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

ဉပဒေကျောင်းသား/သူများ အားထားရာ
## ဂုဏ ဥပဒေနည်းပြ
ပထမနှစ်(ဥပဒေ)အဝေးသင်
၁၊ ၁၊ ၈၊ ပဉ္စမ သင်တန်းများ ဖွင့်ပြီ
အမှတ်-၃၂၅(ဗ-ထပ်)၊ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်
ဆရာဦးစိုးမြင့် 09-73235553,09-443235553

## နန်းထိုက်အောင်
အိမ်ပြောင်း/အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်ခန်း
ရုံးခန်း ဆိုင်ခန်းများ
ပြောင်းရွှေ့ခြင်းအတွက်
အလုပ်သမားနှင့် ကားစီစဉ်ပေးသည်။
09 3128 2593
09 3128 2594
09 3128 2595

## MBA
BBA . EMBA . PhD
- Master of Business Administration
- 18 Months (5 Semesters)
- 11 Subjects + 1 Project Paper
- အတန်းများကို ပြပတ်တစ်ကြိမ်သာတက်ရောက်ရပါမည်။
- အသိမှတ် အသိအမှတ်ပြု AeU, Malaysia မှ ဘွဲ့ကို ရရှိပါမည်။
- Education Loan from CB BANK Available

MYANMAR INSTITUTE OF EDUCATION



START YOUR MBA JOURNEY TODAY
FROM AS LOW AS MMK320,000!
August လပတ်ဝင်ခွင့် လာရောက်အပ်နှံ နိုင်ပါသည်။
Terms and conditions apply.
09952101011/ 09254045682 / 01667009
Official Offshore Campus of Asia e University, Malaysia. www.aeu.edu.my

# SGH CAR TRADING
SGH
အိမ်သုံးကား၊ လုပ်ငန်းသုံးကား ၊ မြေသယ်ကားများကို လက်ငင်း (သို့) အရစ်ကျ
စနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။



☞ အမှတ်(၂၆)၊ ကျောက်တုန်းလမ်းနှင့် အောင်ဇေယျလမ်းထောင့်၊ရန်ကင်းမြို့နယ်။
☞ အမှတ်(၅၁၁)၊ ဓာလာမြိုင်လမ်းသွယ်၊ လှည်းတန်း(AGD ဘဏ်ဘေး)၊ ကမာရွတ်မြို့နယ်။
☞ အမှတ်(၄၂၃)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
Ph: 01-220502 , 09-955030336 , 09-785030336 , 09-765030336 , 09-784551277



sein and mya mattress
# စိန် နှင့် မြ မွေ့ရာ ပရိဘောဂ
## အဟောင်းလှူမယ်အသစ်ယူမယ်
## ၂၀% အထူးအစီအစဉ်
09-455552626
09-455552828
ဇွန်လ (၁၅) ရက်မှ ဩဂုတ်လ (၁၁) ရက်ထိ




**ညှိနှိုင်းဈေးနှုန်းဖြင့် မြေကွက်ကျယ်အမြန်ရောင်းမည်**

စီးပွားရေးလုပ်ငန်းတိုးချဲ့ရန်အလွန်ကောင်း

နေပြည်တော်-ပျဉ်းမနား-တောင်ညိုလမ်းမကြီး ဆင်ရတနာ-မြင်းရတနာအနီး 440 ပါဝါမီတာရရှိပြီး မြေအကျယ် ၈၀၀' x ၂၅၀' အမည်ပေါက်ရှိပြီး ချိုသာသောဈေးနှုန်းဖြင့် အမြန်ရောင်းမည်။ ဦးရာလူရမည်။

စုံစမ်းရန် - ၀၉၅၀၀၀၀၆၇၃၊ ၀၉၅၁၅၁၅၇၆၊ ၀၉၅၁၅၄၁၆၄

**ညှိနှိုင်းဈေးနှုန်းဖြင့် မြေကွက်ကျယ်အမြန်ရောင်းမည်**

စီးပွားရေးလုပ်ငန်းတိုးချဲ့လုပ်ကိုင်ရန်အကောင်းဆုံး

လှိုင်သာယာ၊ အနော်ရထာစက်မှုဇုံ၊ မြစိမ်းရောင်အိမ်ယာစီမံကိန်း ရန်ကုန်-ပုသိမ်လမ်းမကြီးအနီး အနောက်ပိုင်းနည်းပညာ တက္ကသိုလ်အဝင်လမ်းဘေး မြေအကျယ် ၁၃၀ပေ x ၁၂၀ပေ အုတ်တံတိုင်း ကာရံပြီး အားစီ(၂)ထပ်တိုက်သစ်(၃)လုံး ရေ မီးအစုံ ပါမစ် ရရှိပြီး ချိုသာသောဈေးနှုန်းဖြင့် အမြန်ရောင်းမည်။ ဦးရာလူရမည်။

စုံစမ်းရန် - ၀၉၅၀၀၀၀၆၇၃၊ ၀၉၅၁၅၁၅၇၆၊ ၀၉၅၁၅၄၁၆၄

**ထိပ်တန်း**

အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း

မြို့တွင်း / နယ်ဝေး

09-254256969

09-971322259

**ဆိုင်ခန်းကျယ်အမြန်ငှားမည်**

နေပြည်တော်-ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်ကွက်၊ ပျဉ်းမနား-တောင်ညိုလမ်းမကြီး၊ အမှတ် ၇/၁၊ ဆင်ရတနာ-မြင်းရတနာအနီး၊ လူစည်ကားပြီး အချက်အချာ ကျသောနေရာ၌ ၂၀ပေx၅၀ပေ မှန်လုံ အဲယားကွန်းများတပ်ဆင်ပြီး ဆိုင်ဖွင့်ရန်အသင့် (မြေညီအပါအဝင် နှစ်ထပ်) ဆိုင်ခန်းကျယ်အမြန်ငှားမည်။

Ph : 09 5000 673, 09 5151576, 09 5154164



## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခိုင်ဦး (စက်ရုံမှူး)
**အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)**
## အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၇)၊ မြို့သစ်(၁)လမ်း၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ တာမွေမြို့နယ်နေ ဒေါ်စုစုစိန်၏ ချစ်လှစွာသော ခင်ပွန်း ဦးခိုင်ဦးသည် ၆-၇-၂၀၁၈ရက် (သောကြာနေ့) ညနေ ၄း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းခိုင်နှင့် ဇနီး ဒေါ်လှလှမူ**
**ပြည်ထောင်စုဝန်ကြီး**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခိုင်ဦး (စက်ရုံမှူး)
**အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)**
## အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၇)၊ မြို့သစ်(၁)လမ်း၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ တာမွေမြို့နယ်နေ ဒေါ်စုစုစိန်၏ ချစ်လှစွာသောခင်ပွန်းသည် ၆-၇-၂၀၁၈ရက် (သောကြာနေ့) ညနေ ၄း၃၅ နာရီတွင် မင်္ဂလာဒုံတပ်မတော်အသည်းအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်မြင့်**
**ဦးဆောင်ညွှန်ကြားရေးမှူး**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခိုင်ဦး (စက်ရုံမှူး)
**အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)**
## အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၇)၊ မြို့သစ်(၁)လမ်း၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ တာမွေမြို့နယ်နေ ဒေါ်စုစုစိန်၏ ချစ်လှစွာသောခင်ပွန်းသည် ၆-၇-၂၀၁၈ရက် (သောကြာနေ့) ညနေ ၄း၃၅ နာရီတွင် မင်္ဂလာဒုံတပ်မတော်အသည်းအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်**
**ဝန်ထမ်းများ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်သိန်း (၇၂)နှစ်

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နေ (ဦးငခြာအောင်-ဒေါ်မမ)တို့၏ သား၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္တေပင်ကျေးရွာ မြောက်ပိုင်းနေ (ဦးအောင်တင်-ဒေါ်ငွေကြည်)တို့၏ သားသမက်၊ မင်္ဂလာဒုံမြို့နယ် ဝါယာလက်နေ ဦးညွန့်အောင်-ဒေါ်တင်ထွေး၊ သန္တေပင်မြောက်ပိုင်းနေ ဦးသန်းအောင်၊ ဦးအေးအောင်၊ ဦးသင်းအောင်၊ (ဦးဟန်အောင်)-ဒေါ်တင်တင်ဝင်း၊ ဦးအောင်စိုး-ဒေါ်နွယ်နွယ်အောင်တို့၏ အစ်ကို၊ လှိုင်မြို့နယ်နေ ဦးမြင့်ဆွေ-ဒေါ်နှင်းမျိုးအောင်၊ မင်္ဂလာဒုံမြို့နယ်နေ ဗိုလ်ကြီးအောင်မျိုးထိုက်(ငြိမ်း)-ဒေါ်မိုးမိုးအောင်၊ သန္တေပင်မြောက်ပိုင်းနေ ဦးဇော်ဌေးဦး-ဒေါ်သက်မျိုးအောင်၊ ဦးမြင့်ဇော်ဦး-ဒေါ်စုစုမျိုးအောင် တို့၏ မွေးသဖခင် ကျေးဇူးရှင်၊ သန္တေပင်မြောက်ပိုင်း၊ မင်္ဂလာလမ်း၊ အမှတ်(၂၂၂)နေ ဒေါ်ခင်မျိုးကြည်၏ ခင်ပွန်း၊ မြေးခုနစ်ယောက်တို့၏ အဘိုးဖြစ်သူ ဦးအောင်သိန်း အသက်(၇၂)နှစ် သန္တေပင်မြောက်ပိုင်းလူမှုရေးအသင်း၊ သံချပ်ကာလူမှုရေးအသင်း မြင့်မြတ်စေတနာအလှူရှင်သည် ၄-၇-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၈)မှ ကျောင်းဆင်း အရာရှိများနှင့် မိသားစုဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ပြင်ဦးလွင်မြို့နေ ဒုတိယဗိုလ်မှူးကြီးကြည်အေး(ငြိမ်း)- ဒေါ်ချယ်ရီတို့၏ မြေး၊ ဒေါ်ဆွေဆွေအေး၏ သားငယ် မောင်သော်ဇင်ထက် အသက်(၁၅)နှစ်သည် ၂၃-၆-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါ၍ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အန်တီ**
**ဒေါ်ချိုချိုသန်း**
**ရန်ကုန်မြို့**

**ဘုရား၊ အရုဏ်ခံမွှာရုံ၊ ဇရပ် ဒါယကာကြီး**
## ဦးကျော်ခင်
## အသက်(၆၅)နှစ်
**(ရသေ့တောင်မြို့)**
**(Chief Engineer, Swire Pacific OffShore)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သရက်တောလမ်း၊ လင်း/မြောက်၊ အမှတ်(၂)၊ မြေညီနေ (ဆရာကြီးဦးလှကျော်-ဒေါ်မမြဦး)တို့၏ သားလတ်၊ [(ဦးစိန်ထွန်းဦး - ကျန်းမာရေးပြတိုက်မှူး-ဒေါ်သန္တာဖြူ)] တို့၏ သားသမက်၊ ဦးဖြူထွန်းစိန် - (ဒေါ်ဦးခင်သိန်း အထပြ-ငြိမ်း)၊ ဆရာကြီးဦးသိန်းဝင်း-ဒေါ်သန်းတင် (အထပြ-ငြိမ်း)တို့၏ မောင်၊ (ဦးသံတိုင်)-ဒေါ်မသာနု တို့၏ ညီ၊ (ရွှေနေဦးထွန်းဝင်း)-ဒေါ်သိန်းဟန် (အလပြ-ငြိမ်း)၊ ဒေါက်တာဦးတင့်ဆွေလတ်-ဒေါ်နွဲ့တင်၊ ဦးထွန်းတင်၊ ဦးဝင်းညွှန့်-ဒေါ်သိန်းညွှန့်(U.S.A) တို့၏ အစ်ကို၊ ဒေါ်သန်းသန်းနွဲ့ ၏ ခင်ပွန်း၊ ဦးကျော်ခင်(Chief Engineer)သည် ၅-၇-၂၀၁၈ ရက်တွင် စင်ကာပူနိုင်ငံ Feer Park Hospital ဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြား အပ်ပါသည်။ သင်္ဂြိုဟ်မည့်နေ့ကို ထပ်မံကြေညာပါမည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
## ဒေါ်နုနုကြည် (တောင်ကြီး)
## အသက် (၇၅) နှစ်

တောင်ကြီးမြို့၊ ညောင်ဖြူစခန်း ရပ်ကွက်၊ စဝ်စံထွန်းဈေးလမ်း၊ အမှတ်(ည/၃၈)နေ (ဦးထွန်းကြည်)-ဒေါ်ခင်ကြည်(အဖွားကြည်)တို့၏သမီးကြီး၊ (ဦးမြင့်သန်း) ၏ ဇနီး၊ ဦးကျော်သက် (ညွှန်ကြားရေးမှူး-မြို့ပြ၊ လမ်းဦးစီးဌာန၊ ရုံးချုပ်၊ နေပြည်တော်)-ဒေါ်အေးမြတ်မွန် (ဒေါ်ချောစု)၊ ဦးမျိုးကြွယ်-ဒေါ်ခင်စန္ဒာ၊ ဦးစိုင်းဆိုင်ဝမ်း-ဒေါ်ထားထားဖြူ (ကြွယ်ကြွယ်ဖိနပ်ဆိုင်)၊ ဒေါက်တာမိမိကြွယ်(ကြွယ်ကြွယ်အထည်ဆိုင်)တို့၏ ချစ်လှစွာသောမွေးသမိခင်၊ မြေး ကိုးယောက်တို့၏ အဘွား ဒေါ်နုနုကြည်သည် ၅-၇-၂၀၁၈ (ကြာသပတေးနေ့) မြန်မာစံတော်ချိန် ညနေ ၆း၂၀ နာရီတွင် ဘန်ကောက် ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် တောင်ကြီးမြို့၊ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီး သင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအား ရည်စူး၍ ၉-၁-၂၀၁၈ (တနင်္လာနေ့) နံနက် ၆ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
## ဟာဂျီမ ရစ္စူဘီကာစင်စူရတီ (ခ) ဒေါ်ခင်မကြီး
## အသက် (၉၆) နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းမင်းရဲကျော်စွာလမ်း၊ အမှတ်(၁၉/က)နေ ကာစင်မိုဟာမက်စူရတီ(ခ)ဦးမောင်မောင်(သမာဓိမြို့ဝန်ဟောင်း)-ဟာဂျီမဒေါ်ခတီဇာဘီ ဟာရှင်ရာတွတ်အလီ(ခ)ဒေါ်တီတို့၏သမီးကြီး၊ ဟာဂျီမဒေါ်ခင်မကလေး၊ (ဟာဂျီမဒေါ်ခင်ခင်ကြီး)၊ (ဟာဂျီမ ဒေါ်ခင်ခင်ကလေး)၊ (ဟာဂျီမဒေါ်ခင်ခင်လတ်)၊ (ဟာဂျီမဒေါ်ခင်လေးကြီး)၊ ဟာဂျီမဒေါ်ခင်လေးငယ်တို့၏အစ်မကြီး ဟာဂျီမရစ္စူဘီကာစင်စူရတီ(ခ)ဒေါ်ခင်မကြီးသည် ၅-၇-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၅း၃၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၆-၇-၂၀၁၈ ရက် ဂျွန်မာပြီးချိန်တွင် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဖိုးရာဇာလမ်း၊ အမှတ်(၇)နေအိမ်မှ ရေဝေးစွန္နီမွတ်စလင် ကဘာရ်စတန်သို့ ပို့ဆောင်ဒါဖနာ ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး**
## ဒေါ်လှမြင့် (သခွပ္ပင်)
## အသက် (၉၃) နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၇၉)၊ ရတနာပုံလမ်းနေ (ဦးဖိုးသိုက်-ဒေါ်လှရှင်)တို့၏ သမီး၊ (ဦးသိန်းအောင်)၏ဇနီး၊ (ဦးအေးသွင်)-ဒေါ်သိန်းသိန်း၊ ဒေါ်ခင်ခင်ဆွေ(အထက-၁၊ ကြည့်မြင်တိုင်-ငြိမ်း)၊ ကိုအောင်ကြွယ်တို့၏ မွေးသမိခင်၊ မြေး ငါးယောက်တို့၏အဘွားသည် ၆-၇-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့၌ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၁၈ရက် နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကြည်ခိန် (မြန်အောင်)
**(မြန်မာ့ကုန်တိုက်)**
## အသက်(၇၆)နှစ်

(ဦးရွှေအောင်-ဒေါ်ကျင်လွမ်)တို့၏ သား၊ မြန်အောင်မြို့ အမှတ်(၄၁/၂)၊ စကားဖြူလမ်း၊ ၁၄/၃ ရပ်ကွက်နေ ဒေါ်အေးအေး(စားဖျော်ဟိုတယ်ခရီး-ငြိမ်း)၏ ခင်ပွန်း၊ မောင်နေအောင်၊ မသီသီအောင် (CB ဘဏ်)၊ မောင်အောင်သော်၊ မသန့်ဇင်လှဲ့ဝင်း (ရန်ကုန်တိုင်းစည်ပင်)တို့၏ မွေးသဖခင်သည် ၅-၇-၂၀၁၈ ရက် နံနက် ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၈ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်းအမ**
## ဒေါ်လှတင်
**(သန်လျင်-ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ)**
## အသက် (၉၃) နှစ်

သန်လျင်မြို့၊ ဗိုလ်ချုပ်ရွာနေ (ဦးစံရွှေ-ဒေါ်စောနု)တို့၏သမီးကြီး၊ (ဦးဝင်းကြိုင်)၊ (ဦးမောင်မောင်ငွေ)-ဒေါ်ညွှန့်ညွှန့်၊ဦးသန်းဝင်း-(ဒေါ်ခင်ထွေးမူ)တို့၏ အစ်မကြီး၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၄) ရပ်ကွက်၊ ရေနံ့သာလမ်း၊ အမှတ်(၁၄၀)၊ အခန်း(၆)နေ [ဦးလှရွှေ(တပ်မတော်-ရေ)]၏ဇနီး၊ ဦးဉာဏ်နွံ(ဆားတောင်) ၏ မယ်တော်၊ (ဦးရဲမြင့်)-ဒေါ်နီနီရွှေ၊ ဗိုလ်ကြီးတင်မောင်ရွှေ(ငြိမ်း)-ဒေါ်နီနီသန်း၊ ဦးလွင်မောင်ရွှေ-ဒေါ်လှလှဌေး၊ (ဒေါ်နီလာရွှေ)တို့၏ ချစ်လှစွာသော မိခင်ကြီး၊ ဒေါ်မေမြတ်မွန်-ဦးဝင်းသူရိန်လင်း၊ ဒေါ်သီရိရဲမြင့်-ဦးစိုးနိုင်ဦး (3/E Raffle Shipping Co.,Ltd)၊ ဦးကျော်စွာဟိန်း-ဒေါ်မိမိခိုင်၊ ဦးဇင်လင်းထွန်း၊ ဒေါ်သက်ထားဆွေဇင် (Petronas-Carigali Hong Kong Co.,Ltd)၊ ဒေါ်ဇွန်နှင်းပွင့်နွေး (AYA Bank) တို့၏ ဘွားဘွားကြီး၊ မြစ်လေးယောက်တို့၏ အဘွားသည် ၆-၇-၂၀၁၈ (သောကြာနေ့) နံနက် ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၁၈ (ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ရှောဘတ်သန်းဌေး(ခ)
## ဦးမျိုးဆက်နိုင် (၈၄)နှစ်
**(စလင်း၊ မေမြို့)**
**တရားလွှတ်တော်ရှေ့နေ**

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ ဒေါ်တင်ရွှေ၏ ခင်ပွန်း၊ ဦးဇော်ဖြိုးသိန်း-ဒေါ်မေချောစု၊ ဗိုလ်ကြီးတေဇာမျိုး-ဒေါ်ဆွေဆွေဆက်နိုင်၊ ဒေါ်သွယ်သွယ်ဆက်နိုင်တို့၏ မွေးသဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၅-၇-၂၀၁၈ (ကြာသပတေးနေ့) ည ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၁-၇-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ တာမွေမြို့နယ် နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဆွမ်း(ခ)ဦးစုထူးရင်
## အသက်(၈၈)နှစ်
**ဆွမ်းအပ်ချုပ်ဆိုင်**
**(မြန်မာ့လက်ရွေးစင်ဘတ်စကက်ဘော)**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၉) လမ်း၊ အမှတ်(၂၁၉/ညီ)နေ ဒေါ်ချိုဂုတ်ဟိန် (ခ) ဒေါ်မြင့်မြင့်သိန်း ၏ ခင်ပွန်း၊ ကိုညွန့်ရီ(ခ)ကောက်ချန်-မသင်းသင်း၊ ကိုဝင်းလွင်(ခ)ကောက်ဖူး-မခင်ခင်အေး၊ မဝေဝေလွင်တို့၏ မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုး ဦးဆွမ်း(ခ)ဦးစုထူးရင်သည် ၅-၇-၂၀၁၈ ရက် ည ၁၀း၀၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၈ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဝင်းနိုင်ဦး
## အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်နေ ဦးညွှန့်ဝေ-ဒေါ်အေးသိန်းတို့၏ သားကြီး၊ (ဦးဖိုးဆိတ်-ဒေါ်အေးကြွယ်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ဦးဝိဇ္ဇာလမ်း၊ အမှတ်(၁၀)ခြောက်လွှာနေ ဒေါ်အေးအေးအောင်(ခ)ဒေါ်ပိုက် (အိမ်ခြံမြေ အကျိုးတော်ဆောင်) ၏ ခင်ပွန်း၊ မောင်သက်ဘုန်းဝေ (SIAM University BANGKOK, THAILAND)၊ မချောကေခိုင် [YUFL SE COND YEAR(Japan)] တို့၏ ဖခင် ဦးဝင်းနိုင်ဦးသည် ၆-၇-၂၀၁၈ ရက် နံနက် ၈း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁၂း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**မာန်အောင်မြို့နယ်အသင်း (ရန်ကုန်)**
## ကျော်တေဇာသန်း
## အသက် (၃၉) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ သုခုမလမ်း၊ အမှတ်(၃၁၁)နေ မာန်အောင်မြို့နယ်အသင်း (ရန်ကုန်)၏ ရာသက်ပန်အသင်းဝင် ဦးသန်းဖေ-ဒေါ်ကြင်တည်တို့၏ သားသည် ၅-၇-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၈ (စနေနေ့) ညနေ ၃ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ အသင်းသူ/သားများ လိုက်ပါပို့ဆောင်ကြပါရန်နှိုးဆော်အပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

# အနိစ္စ

## ဗိုလ်မှူးဒေါ်ခင်ခင်(ငြိမ်း)
**ကြည်း(၃၄၈၂)**
## အသက်(၈၁)နှစ်
**ကလေးအထူးကုပါရဂူ**
**(သ-မ-က/၃၀၀)**

ရန်ကုန်မြို့၊ ငွေကြာယံရိပ်သာ၊ တောင်ဥက္ကလာ၊ နှင်းဆီလမ်း၊ ခြံအမှတ်(၅)နေ (ဦးအုန်းစိန်-ဒေါ်ကြည်ကြည်)တို့၏ သမီး၊ ဒေါက်တာဦးစိုးသန်း၏ ဇနီး၊ စပ်ဝ်ကျော်ဖ-ဒေါ်ဝင့်ခင်သန်း (စင်ကာပူ)တို့၏မိခင်၊ မစင်ဒီ၊ မောင်ဂျိုရှား(စင်ကာပူ)တို့၏ အဘွား ဗိုလ်မှူး ဒေါ်ခင်ခင်သည်၆-၇-၂၀၁၈ (သောကြာနေ့) နံနက် ၁၀း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေများအားအသိပေးအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၇-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်းဒါယကာကြီး**
## ဦးတိုနီ
**လ/ထ မန်နေဂျာ-ငြိမ်း၊**
**မြန်မာ့သစ်လုပ်ငန်း**
## အသက် (၇၉) နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ အမှတ် (၂၄)၊ သုံးလွှာ(အေ)၊ ရတနာပုံလမ်းနေ (ဦးအိုင်ဒင်-ဒေါ်ကြီးခင်)တို့၏ သား၊ (ဦးကျင်မောင်-ဒေါ်စန်း) တို့၏ သားသမက်၊ ဒေါ်ခင်သူရ၏ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်စမ်းစမ်းဝင်း(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဦးတင်မောင်လေး၊ ဒေါ်စမ်းစမ်းမင်း-ဦးအေးကြည်၊ ဦးဝေမိုး - ဒေါ်အေးမြတ်စိုး၊ ဒေါ်ဖြူဖြူဟန်-ဦးနေမျိုးအောင်၊ ဦးပြည်စိုး-ဒေါ်တိုးတိုးအောင်တို့၏ချစ်လှစွာသောဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၆-၇-၂၀၁၈ (သောကြာနေ့) နံနက် ၂း၃၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**
## ဒေါ်သိန်းကွန့်(ခ)ဒေါ်လုံး
## အသက်(၇၉)နှစ်
**(မအူပင်)**

ရန်ကုန်မြို့၊ မာလာမြိုင်(၄)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ အမှတ် (၇၃/B)နေ (ဦးညို-ဒေါ်သန်းရင်)တို့၏ သမီး၊ (ဦးကျင်တိတ်)၏ ဇနီး၊ (ဦးခင်မောင်ထွန်း)-ဒေါ်ခင်ညွှန့်ဆွေ၊ (ဦးကျင်စိန်း)-ဒေါ်သန်းသန်းဦးတို့၏ မွေးသမိခင်၊ မြေးခြောက်ယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၆-၇-၂၀၁၈ ရက် ညနေ ၄း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစိုးလွင် (သန်လျင်)
## အသက်(၆၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မြို့မမြောက်ရပ်ကွက်၊ ကောင်စီလမ်း၊ အမှတ်(၂၄)နေ (ဦးကျွန်းလင်း-ဒေါ်ညိုညို)တို့၏ သားလတ်၊ ဒေါ်တင်တင်ဆွေ-(ဦးအေးတင့်)၊ ဒေါ်အုန်းမြင့်-ဦးမြခိုင်၊ ဒေါ်ဌေးဌေး၊ ဒေါ်မွေးမွေးမြင့်၊ (ဦးအုန်းသွင်-ဒေါ်ခင်ညွှန့်ဝေ)တို့၏ မောင်၊ ဦးသိန်းဆွေ(စ-စ-စ၊Cadet-17)၊ ဦးလှအောင် - ဒေါ်သန်းသန်းအေး (လသာ)တို့၏အစ်ကိုဗိုလ်ကြီးဇော်ထက်ကို-မစန်းစန်းရီ၊ (မောင်ဝင်းမင်းအောင်)-မနီနီအောင်တို့၏ ဦးလေးသည် ၅-၇-၂၀၁၈ ရက် နံနက် ၇း၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် သန်လျင်မြို့၊ အမိုးနီသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးပိန်(ဒို့ခေတ်စာပေ)
## အသက် (၈၃) နှစ်

(ဦးအေးမောင်-ဒေါ်ထွန်း)တို့၏သား၊ (ဦးဘစံ-ဒေါ်ညွှန့်)တို့၏သားသမက်၊ (ဒေါ်တင်တင်)၏ခင်ပွန်း၊ (ဦးဌေးဝင်း)-ဒေါ်ညိုညိုခင်၊ ဒေါ်မာလာခင်၊ ဦးတင်လတ်(နှင်းဖြူဖြူစာပေ)-ဒေါ်ဖြူဖြူခင်(အလယ်တန်းပြ-ငြိမ်း)၊ ဒေါ်ငြိမ်းငြိမ်းခင်၊ ကိုစိုးမင်း-မဝေလွင်ဦး၊ မထိုက်ထိုက်ဝင်းတို့၏ဖခင်၊ မြေးငါး ယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၆-၇-၂၀၁၈ (သောကြာနေ့) နံနက် ၇း၂၀ နာရီတွင် ဗဟန်းမြို့နယ်၊ ဆရာစံတောင် (စံပြ)ရပ်ကွက်၊ ငွေလရောင်လမ်း၊ အမှတ်(၄၀)နေအိမ်၌ ကွယ်လွန်သွားပါဖြင့် ၈-၇-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်လှ(ခ)ဒေါ်ခင်လှ (ကွမ်းခြံကုန်း)
## အသက်(၈၂)နှစ်

ကွမ်းခြံကုန်းမြို့နေ (ဦးဘမောင်-ဒေါ်အေးကျင်)တို့၏ သမီး၊ (ဦးတင်နွဲ့-ဒေါ်ဟန်)၊ (ဦးခင်သက်-ဒေါ်ခင်စိန်)တို့၏ ညီမ၊ (ဦးတင်မြ)-ဒေါ်ချိုချို၊ ဒေါ်ဥ၊ (ဦးမြင့်လှိုင်)-ဒေါ်သန်းသန်းရီ၊ ဦးလှသိန်း-ဒေါ်ခင်အေးကြူတို့၏အစ်မ ဒေါ်လှသည် ၅-၇-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၈ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရွှေဘုံသာအောက်လမ်း၊ အမှတ်(၉၉)နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
## ဒေါ်ဆန်းညွှန့် (ခ) မဆန်း (မြိတ်မြို့)
## အသက် (၈၁) နှစ်

မြိတ်အရှေ့မြို့နယ်၊ ဝန်ဖို့ရွာနေ (ဖိုးအောင်ဆင်-ဖွားအေးမယ်)၊ ကျောက်ဖျာရွာနေ (ဖိုးချိန်း-ဖွားစုမ)တို့၏မြေး၊ ကွဲကူး-ကျောက်ဖျာ၊ ကူးတို့လိုင်ရှင်ရပ်နေ (ဦးထွန်းရင်-ဒေါ်ဝန်ရွှေ)တို့၏သမီးငယ်၊ ကော့သောင်းမြို့နေ (ဦးမြင့်ဦး-ဒေါ်နုနု)၊ မြိတ်မြို့နေ (ဦးထွန်းတင်-ဒေါ်စောညွှန့်)၊ (ဦးချစ်မောင်)-ဒေါ်သန်းကြွယ်တို့၏ညီမငယ်၊ [(ဦးညွှန့်တင်)မြိတ်အနောက်၊ ဘုတ်ပြင်းမြို့၊ မြန်မာ့စီးပွားရေးဘဏ်၊ မန်နေဂျာ(ငြိမ်း)]၏အစ်မငယ်၊ ရန်ကုန်မြို့နေ (ဦးသိန်းမောင်)၏ဇနီး၊ ဦးအောင်ကို-ဒေါ်သူဇာမြင့်၊ ဦးအောင်မျိုး-ဒေါ်ခင်မာချိုတို့၏ မွေးသမိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ ချစ်လှစွာသော ဘွားဘွားသည် ၅-၇-၂၀၁၈ (ကြာသပတေးနေ့) ည ၆း၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့၊ တိုက်(၁၉/၀၀၆)၊ အေးရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်၊ (၄)ရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်နုနုဆွေ (M.Sc-Zoo, B.Ed)
**အထပြ-ငြိမ်း၊ ကမာရွတ် TTC**
## အသက် (၆၅) နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မိကျောင်းကန်(၂)ရပ်ကွက်၊ အမှတ်(၂၉-ခ)၊ မေတ္တာလမ်းနေ (ဗိုလ်မှူးမောင်မောင်ကွန့်)-ဒေါ်အေးသွင်တို့၏သမီး၊ (ဦးမြအုန်း-ဒေါ်ခင်ကြည်)တို့၏သမီးချွေးမ၊ ဦးရဲမြင့်၏ချစ်လှစွာသောဇနီး၊ Capt ကျော်မြင့်ဦး-ဒေါ်ရွှေဝတ်မှုံမြင့်၊ ဦးဖြိုးမင်းကို (Sojitz City Food-Arctic Sun Co.,Ltd)တို့၏မိခင်၊ ဖွဲ့ဉာဏ်ထွဋ်၏ဘွားဘွား ဒေါ်နုနုဆွေသည် ၅-၇-၂၀၁၈ (ကြာသပတေးနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၈ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွ ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်နုနုဆွေ (M.Sc-Zoo, B.Ed)
**အထပြ-ငြိမ်း၊ ကမာရွတ် TTC**
## အသက် (၆၅) နှစ်

ရန်ကုန်မြို့နေ (ဗိုလ်မှူးမောင်မောင်ကွန့်)-ဒေါ်အေးသွင်တို့၏သမီး၊ Dr. အောင်မြင့် (မျက်စိအထူးကုဆရာဝန်ကြီး)-ဒေါ်ခင်စန်းတင့်၊ ဦးရဲမြင့် (ဌာနမှူး သင်တန်းရေးရာ-ငြိမ်း၊ MIEGA)-ဒေါ်ခင်စောအေး၊ ပါမောက္ခ Dr. မျိုးမင်း(မှူခင်းဆရာဝန်ကြီး-ငြိမ်း)-Dr.ခင်မမ၊ ဗိုလ်မှူးသိန်းဒန်(ငြိမ်း)-ဒေါ်သင်းသင်းမူ၊ ဒေါ်ယုယုမေ(အလပြ-ငြိမ်း)တို့၏ချစ်လှစွာသောညီမ၊ ပါမောက္ခ ဒေါက်တာဌေးဌေးလွင်(တာဝန်ခံပါမောက္ခချုပ်-ငြိမ်း၊ သမဝါယမ တက္ကသိုလ်၊ သန်လျင်)၊ ဒေါ်မိမိခင်၊ ပါမောက္ခဒေါက်တာမာမာမြင့်(ဌာနမှူး၊ မြန်မာစာဌာန၊ ပညာရေးတက္ကသိုလ်၊ ရန်ကုန်)၊ ဦးဌေးမင်း၊ ဦးနွေမိန်-ဒေါ်မြစုထွေးတို့၏ချစ်လှစွာသောအစ်မ ဒေါ်နုနုဆွေသည် ၅-၇-၂၀၁၈ (ကြာသပတေးနေ့) ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၈ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမျိုးကိုကိုစိုး
**AGTI (Civil), Samsung-Koh**
**Brother JV, Land Surveyor**
## အသက် (၄၈) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ အနောက်ဦးချစ်မောင်လမ်း၊ အမှတ်(၁၂၃/စီ)နေ ဦးအောင်စိုး(မြို့နယ်ပညာရေးမှူး၊ ငြိမ်း)-ဒေါ်သန်းနုတို့၏သား၊ (ဦးမင်းသိန်း)-ဒေါ်ခင်မြင့်တို့၏သားသမက်၊ ဒေါ်ဖြိုးဖြိုးမင်း၏ချစ်လှစွာသောခင်ပွန်း၊ Captain ညီညီစိုး (MAI)-ဒေါ်လှိုင်စုခင်(ရတနာပုံတယ်လီပို့)၊ ဒေါ်မျိုးသီတာစိုးတို့၏အစ်ကို၊ မဆုမြတ်ပွင့်ဝေ(ပ-နှစ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်)၊ မဆုပြည့်ရတီ(Grade V, TTC၊ ကမာရွတ်)တို့၏ဘကြီးသည် ၄-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၈း၃၅ နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ် သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၇-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မြန်မာ-အစ္စရေး ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် အစ္စရေးဆက်သွယ်ရေးဝန်ကြီး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၆**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် အစ္စရေးနိုင်ငံသို့ အလုပ်သဘောခရီးသွားရောက်ခဲ့ပြီးနောက် ဇူလိုင် ၆ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

**ကဏ္ဍပေါင်းစုံတိုးမြှင့်ရေး**

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ဇူလိုင် ၄ ရက်တွင် အစ္စရေးနိုင်ငံ ဆက်သွယ်ရေးဝန်ကြီး Mr. Ayoob Kara အား ဂျေရုဆလင်မြို့ရှိ အစ္စရေးလွှတ်တော် အဆောက်အအုံ၌ တွေ့ဆုံပြီး မြန်မာ-အစ္စရေး နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် နှစ်ဖက်အဆင့်မြင့် ကိုယ်စားလှယ်များ အပြန်အလှန်လည်ပတ်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးအား အစ္စရေးနိုင်ငံ ဆက်သွယ်ရေးဝန်ကြီး Mr. Ayoob Kara က အဆိုပါနေ့ ညပိုင်း၌ ဂျေရုဆလင်မြို့ရှိ King David Hotel ၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

**အသီးသီးဆွေးနွေး**

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ခရီးစဉ်အတွင်း အစ္စရေးနိုင်ငံဝန်ကြီးချုပ်ရုံး ဒုတိယဝန်ကြီး Mr. Michael Oren၊ အစ္စရေးနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာလေ့လာရေး သုတေသနအဖွဲ့အစည်း(INSS)၏ အကြီးအကဲ ဗိုလ်ချုပ်(ငြိမ်း) Mr. Amos Yadlin တို့နှင့်လည်း အသီးသီးတွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် အစ္စရေးဆက်သွယ်ရေးဝန်ကြီး Mr. Ayoob Kara တို့ တွေ့ဆုံစဉ်။**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးအတွက် ကဏ္ဍအလိုက်လုပ်ငန်းကော်မတီများဆွေးနွေးပွဲ တတိယနေ့ ကျင်းပ

နေပြည်တော် ဇူလိုင် ၆

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးအတွက် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍများဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် ဆွေးနွေးပွဲများ၏ တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပသည်။**



**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးအတွက် စီးပွားရေးကဏ္ဍဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် ဆွေးနွေးပွဲကျင်းပစဉ်။**

နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ လုပ်ငန်းကော်မတီများ၏ ဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးသို့ တင်ပြမည့် အချက်များကို အပြီးသတ်ဆွေးနွေး အတည်ပြုကြသည်။

**လူမှုရေးကဏ္ဍ**

လူမှုရေးကဏ္ဍ လုပ်ငန်းကော်မတီ ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ဦးဇော်ဌေးက "လူမှုရေးကဏ္ဍဖြစ်တဲ့အတွက် ကြီးကြီးမားမား အငြင်းအခုံဖြစ်စရာနည်းပါတယ်။ ကျန်တဲ့ကဏ္ဍတွေနဲ့ယှဉ်ရင် ကျွန်တော်တို့ကဏ္ဍက ဆွေးနွေးဖက်တွေကြားမှာ ပြေပြေလည်လည် ဆွေးနွေးနိုင်ခဲ့ပါတယ်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻**

## ကမ္ဘောဒီးယားကို ဂိုးပြတ်သွင်းပြီး မြန်မာ ယူ-၁၉ အသင်း ပထမဆုံးနိုင်ပွဲရရှိ

**ပလန်ဘမ် ဇူလိုင် ၆**

၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲ အုပ်စု(ခ) တတိယနေ့ကို ယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပရာ မြန်မာ ယူ-၁၉ အသင်းက ကမ္ဘောဒီးယား ယူ-၁၉ အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အဖွင့်ပွဲတွင် မထင်မှတ်ဘဲ သရေကျခဲ့သည့် မြန်မာအသင်းသည် ယခုပွဲတွင် ခြေစွမ်းပြပြီး နိုင်ပွဲရယူနိုင်ခဲ့သည်။ ယခုပွဲအနိုင်ရမှ ဆီမီးဖိုင်နယ်တက်ရောက်ရန် မျှော်လင့်နိုင်မည်ဖြစ်သောကြောင့် မြန်မာအသင်းသည် ပွဲစကတည်းက ဖိကစားခဲ့ပြီး ပထမဆုံးနိုင်ပွဲ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ○**

GRAND HANTHA INTERNATIONAL HOSPITAL
GREEN. GRAND. CARE FOR THE PEOPLE

စင်္ကာပူနိုင်ငံမှ
အရိုး၊ အကြော၊ အဆစ် ခွဲစိတ်အထူးကုဆရာဝန်ကြီး
Dr. Chin Pak Lin
M.B.,B.S (Singapore), MRCSEd, M.Med (Ortho), FRCSEd (Ortho)
(၁၃.၇.၂၀၁၈)နှင့် (၁၄.၇.၂၀၁၈) နေ့များတွင် နံနက် (၉း၃၀)နာရီမှစ၍

စင်္ကာပူနိုင်ငံမှ
အသည်းနှင့် သည်းခြေလမ်းကြောင်းဆိုင်ရာ
အထွေထွေနှင့် ခွဲစိတ်အထူးကုဆရာဝန်ကြီး
Dr. Tan Kai Chah (Dr. K C Tan)
D.P.M.P., MBBS (MAL), FRCS (EDIN), FAMS Surgeon
(၂၁.၇.၂၀၁၈) ရက်နေ့ နံနက် (၁၀း၀၀)နာရီမှစ၍

ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီးတွင် ပြင်ပလူနာများကို တိုင်ပင်ဆွေးနွေး ကုသပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အမှတ်(၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ✆ 01 523000, 01 523111, 01 523222, 09 5202282, 09 5202283, 09 5202284

# မုံလူမျိုး (ခေါ်) မြောင်ဇီးတိုင်းရင်းသားတို့အကြောင်း တစေ့တစောင်း

● စိုင်းဇော်လတ်(လင်းခေး)

စာရေးသူသည် ပထမအကြိမ် ရှမ်းတိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော် (တောင်ကြီးမြို့)၌ မှတ်တမ်းတင် ရိုက်ကူးရေးတာဝန် သွားရောက်ထမ်းဆောင်ခဲ့စဉ်က ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် မြောင်ဇီးတိုင်းရင်းသားလူမျိုးစု စာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ ဆရာမ ဒေါ်မိဆွာ(Suav Vaaj )တို့အဖွဲ့နှင့် တွေ့ဆုံ၍ မုံလူမျိုး (ခေါ် )မြောင်ဇီးတိုင်းရင်းသားလူမျိုးစုတို့၏အကြောင်းကို လေ့လာမေးမြန်းခွင့်ရရှိခဲ့ပါသည်။

ထိုသို့တွေ့ဆုံမေးမြန်း လေ့လာသိရှိခဲ့ရသည်များမှ မုံလူမျိုး(ခေါ်) မြောင်ဇီးတိုင်းရင်းသားလူမျိုးစုတို့အကြောင်း တစေ့တစောင်း ရေးသားတင်ပြလိုက်ရပါသည်-

**မြောင်ဇီးလူမျိုးစုတို့၏ နောက်ခံသမိုင်း**

ရှေးယခင်နှစ်ပေါင်းများစွာကပင် မြောင်ဇီးတိုင်းရင်းသားလူမျိုးစုတို့သည် တရုတ်ပြည်ကြီးအတွင်းရှိ ကွေကျင်းဒေသမှ ပေါ်ပေါက်လာခဲ့ကြသော လူမျိုးစုတစ်စုဖြစ်ကြောင်း မုံလူမျိုးခေါ် မြောင်ဇီးတိုင်းရင်းသားလူမျိုးစုတို့၏ နောက်ခံသမိုင်းအရ သိရသည်။

**မြောင်ဇီးတို့၏ ခံယူချက်**

မြောင်ဇီး တိုင်းရင်းသားလူမျိုးတို့၏ သဘောထားခံယူချက် ထားရှိခဲ့ကြပုံနှင့်ပတ်သက်၍ မြောင်ဇီးတိုင်းရင်းသူ ဆရာမ ဒေါ်မိဆွာ(Suav Vaaj )က "ရှေးယခင်ဘိုးဘေးတို့ လက်ထက်အချိန်ကစပြီး ကျွန်မတို့ မြောင်ဇီးလူမျိုးတွေဟာ ကိုယ့်ကိုယ်ကိုယ် မုံလူမျိုးလို့ပဲ ခံယူခဲ့ကြပါတယ်။ မြောင်ဇီးဆိုတာက တရုတ်လူမျိုးတွေက ကျွန်မတို့ မုံအမျိုးအနွယ်တွေကို နှိမ့်ချခေါ်ဆိုခဲ့ကြတဲ့ အမည်ဖြစ်ပါတယ်၊ ဒါကြောင့် မြောင်ဇီးအခေါ်ကို မုံလူမျိုးနွယ်တွေက မနှစ်သက်ခဲ့ကြပါဘူး၊ ဒါပေမယ့် မြန်မာနိုင်ငံမှာတော့ မြောင်ဇီးလူမျိုးလို့ပဲ လူသိများတဲ့ တိုင်းရင်းသားလူမျိုးစုတစ်စုဖြစ်ပါတယ်"ဟု ဆရာမ ဒေါ်မိဆွာက ဆိုသည်။

**မြောင်ဇီးတို့ ပျံ့နှံ့လာပုံနှင့် ဆွေမျိုးတော်စပ်ပုံ**

မုံ (ခေါ်) မြောင်ဇီးလူမျိုးစုတို့သည် မွန်ဂိုလီးယန်းမျိုးနွယ်စုဝင်များဖြစ်ကြပြီး မွန်ဂိုလီးယား(Mongolia)ဒေသမှ စတင်ပေါ်ပေါက်လာခဲ့ကြသည်။

တရုတ်ပြည် ယူနန်ပြည်နယ်ရှိ ပန်းသေးစော်ဘွားတို့က စစ်နိုင်သောကြောင့် မွန်ဂိုလီးယန်းမျိုးနွယ်ဝင် မြောင်ဇီးလူမျိုးအိမ်ထောင်စုကြီးပေါင်း ၃၀၀ ကျော်တို့က မြန်မာနိုင်ငံဘက်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြကာ တဖြည်းဖြည်း ကိုးကန့်နယ်မြေဒေသသို့ ရောက်ရှိလာခဲ့ကြခြင်းဖြစ်ကြောင်း မြောင်ဇီးလူမျိုးစုသမိုင်းမှတ်တမ်းတွင် လေ့လာတွေ့ရှိရသည်။

ဖော်ပြပါ မြောင်ဇီးအိမ်ထောင်စုကြီး ၃၀၀ ကျော်တို့ကို ခေါ်ဆောင်အုပ်ချုပ်လာခဲ့ကြသူများမှာ မြောင်ဇီးစော်ဘွားကြီး ရှဝ်စုဝေါ၊ မြောင်ဇီးတိုက်သူကြီး ရှဝ်လုပ်ရန်၊ မြောင်ဇီးစစ်ဗိုလ်ချုပ် ရှဝ်ကျန်းဝူးနှင့် မြောင်ဇီးစစ်ဗိုလ်ကြီး ရှန့်ပလတို့ဖြစ်ကြောင်း ကိုးကန့်နယ်မြေဒေသသို့ မြောင်ဇီးတို့ စတင်ရောက်ရှိလာသောအချိန်၌ တာရွှေနှင့် ကွယ်ပါးဒေသတို့တွင် ဝင်ရောက်အခြေချနေထိုင်ခဲ့ကြသည်။ သို့သော် ယင်းဒေသ၌ ကိုးကန့်လူမျိုးများ များပြားစွာ နေထိုင်လာကြသောကြောင့် မြောင်ဇီးတို့သည် ရေကြည်ရာ မြက်နုရာဒေသများသို့ တဖြည်းဖြည်း ပြောင်းရွှေ့လာခဲ့ကြခြင်းဖြစ်သည်။

မျက်မှောက်ကာလ၌ မိုးနိုက်ဒေသနှင့် ကာမိန်းဒေသတို့တွင် မြောင်ဇီးတိုင်းရင်းသားလူမျိုးစုများ အများဆုံးနေထိုင်လျက်ရှိကြောင်း လေ့လာသိရှိခဲ့ရသည်။



မုံ (ခေါ်) မြောင်ဇီးတိုင်းရင်းသား တိုင်းရင်းသူများကို တွေ့ရစဉ်။

**မြောင်ဇီးတို့၏ ဆွေမျိုးတော်စပ်ပုံများ**

မြောင်ဇီးလူမျိုးတို့သည် အများအားဖြင့် သီးခြားရွာတည်နေလေ့ရှိကြသူများဖြစ်ကြသော်လည်း မိသားစုစိတ်ဓာတ်ပြင်းပြသူများဖြစ်ကြောင်း၊ အခြားတိုင်းရင်းသားလူမျိုးစုများနှင့်လည်း ရောနှောနေထိုင်ခြင်း၊ ထိမ်းမြားလက်ထပ်ခြင်းများ ပြုလေ့ရှိကြသည်ဟု မြောင်ဇီးတို့က ဆိုသည်။ အမျိုးအနွယ်ထိန်းသိမ်းမှုရှိကြသည်။ မွန်ဂိုလီးယန်းအနွယ်ဝင်မှ ဆင်းသက်လာခဲ့ကြသည့် မြောင်ဇီးအမျိုးအနွယ်ဝင်များမှာ

၁။ ကျန်လူမျိုးနွယ်
၂။ ရှုံ့လူမျိုးနွယ်
၃။ ရန့်လူမျိုးနွယ်
၄။ မားလူမျိုးနွယ်
၅။ ဝန့်လူမျိုးနွယ်
၆။ လီးလူမျိုးနွယ်
၇။ ထောင်လူမျိုးနွယ်နှင့်
၈။ စူးလူမျိုးနွယ်စုတို့ ဖြစ်ကြသည်။

ဆွေမျိုးတော်စပ်ပုံမှာ ယို( အဘိုး)၊ ပေါ (အဘွား)၊ ဆိုင်ကူး(မြေးမ)၊ ညီကူး(မြေး)၊ ဖခင်ဘက်မှ ယိုလော (ဦးကြီး)၊ ကျင်းကျယ် ( ဦးလေး)၊ မိခင်ဘက်မှ ဖိလန့်ရှို (ဦးကြီး)၊ နာတယ်လော (အဒေါ်ကြီး)၊ နာလွှား(အဒေါ်လေး)၊ ကို့ဒီလုံး(အစ်ကို)၊ ကိုးမွှာအား(အစ်မ)၊ တုန့်ဒို(တူ)၊ ဆိုင့်ဒူ(တူမ)၊ ကူးလိဝို့(သမက်)၊ ကူးလိည့်(ချွေးမ)၊ ဗို(အဖေ)၊ နာ(အမေ)၊ တော(သား)၊ ဆယ်(သမီး)၊ ကိုးလိကူး(ညီ)၊ မန်ဂျိုး (ညီမ)၊ ယိုယီး(ယောက်ဖ)၊ နာကျေ(ယောက်မ)၊ ကူးနာတိုင်း(ယောက္ခမ)၊ ကူရိဗို(ယောက္ခထီး) ဟု တော်စပ်ခေါ်ဆိုကြသည်။

**မြောင်ဇီးတို့၏ စာပေ၊ ရိုးရာဝတ်စား ဆင်ယင်မှုနှင့် စိုက်ပျိုးမွေးမြူရေး**

မြောင်ဇီးတိုင်းရင်းသားတို့တွင် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်စကားရှိသည်။ မြောင်ဇီးတိုင်းရင်းသားလူမျိုးတို့သည် မိမိတို့လူမျိုးမှာ နေ၊ လတို့မှ ဆင်းသက်သည်ဟု အယူရှိကြသည်။ ထိုသို့အယူရှိခဲ့ကြသောကြောင့် ရိုးရာအဝတ်အစားများဝတ်ဆင်ရာတွင် ၎င်းတို့ယုံကြည်ချက်အမှတ်အသားများအား သရုပ်ဖော် ဝတ်ဆင်ကြသည်။

မြောင်ဇီးအမျိုးသားတို့၏ ခေါင်းပေါင်းတွင် လဝန်းပုံသဏ္ဍာန်ဖော်ဆောင်ထားသည်။ မြောင်ဇီးအမျိုးသမီးတို့မှာမူ ၎င်းတို့ခေါင်းပေါင်းကို ထောင့်ချွန်များပြုလုပ်ကာ နေထွက်လာသည့်ပုံစံနှင့်တူအောင် ခေါင်းပေါင်းထားကြသည်မှာ မြောင်ဇီးတိုင်းရင်းသားလူမျိုးတို့၏ ထူးဆန်းသော ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှု တစ်ခုဟု ဆိုရပေမည်။

အထူးကဏ္ဍ [ ခ ] သို့ »»



အထူးကဏ္ဍ [ က ] မှ »»»

မြောင်ဇီးတို့ရိုးရာအင်္ကျီများကို အနီ၊ အစိမ်း၊ အဝါ၊ အပြာ စသောအရောင်တို့ဖြင့် ဆင်ယင်ဝတ်စားလေ့ရှိသည်။

မြောင်ဇီးတို့ ရိုးရာအစားအစာများမှာ ထမင်းနှင့် ဖရုံရွက်ချက်၊ အခြားအသီးအရွက်ပြုတ်၊ အသား၊ ငါးတို့အပြင် ကျပန်း အစားအစာများကို ကြိုက်နှစ်သက်ကြသည်။ တချို့က ရှမ်းတိုင်းရင်းသားအစာဆန်ဆန် ပြုလုပ်စားသောက်ကြသည်။

မြောင်ဇီးအမျိုးသားများ အရွယ်ရောက်လျှင် ဆေးပေါ့လိပ်၊ အသက်ကြီးလျှင် ဆေးတံသောက်လေ့ရှိကြပြီး ကွမ်းစားခြင်းမပြုကြ။ အရက်ကိုသာ သောက်သုံးတတ်ကြကြောင်းနှင့် ဘိန်းရှူကြသူများလည်း အချို့ ရှိပါကြောင်း ၎င်းတို့ကဆိုသည်။

တောင်ယာလုပ်ငန်းကို အဓိက လုပ်ကိုင်ကြသည်။ တောင်ယာစပါး၊ ဝါ၊ ပြောင်း၊ နှမ်း၊ ငရုတ်၊ မြေပဲ၊ ပဲမျိုးစုံ၊ အာလူး၊ ဟင်းသီးဟင်းရွက်မျိုးစုံတို့ကို စိုက်ပျိုးလုပ်ကိုင်စားသောက်ကြပြီး ခြံယာအငှားလိုက်အလုပ်များကို လုပ်ကိုင်ခြင်းဖြင့်လည်း အခြားဝင်ငွေတစ်ဖက်တစ်လမ်းအဖြစ် လုပ်ကိုင်နေထိုင်လျက်ရှိကြကြောင်း လေ့လာတွေ့ရှိရသည်။

**မြောင်ဇီးတို့၏ ရိုးရာဓလေ့တူရိယာ**

မြောင်ဇီးတို့၏ ရိုးရာတူရိယာမှာ ဘင်ဂျို၊ ပလွေနှင့် လင်းကွင်းတို့ဖြစ်သည်။ အထင်ကရတူရိယာဖြစ်သော ကိမ်း ခေါ် ဝါးချောင်းကလေးများ များစွာတပ်ဆင်ထားသည့် လေမှုတ်တူရိယာကို မြောင်ဇီးတို့၏ သက်ကြီးရွယ်အိုများ ကွယ်လွန်ချိန်၊ နှစ်သစ်ကူးပွဲတော်၊ မင်္ဂလာဆောင်ပွဲများနှင့် အပျိုလူပျိုကာလသားလှည့်သောအခါများ၌ တီးမှုတ်ကြသည်။

မောင်ဘွဲ့၊ မယ်ဘွဲ့၊ တောတောင်ဘွဲ့ တေးသီချင်းများသီဆိုခြင်းဖြင့်လည်း တီးမှုတ်ကြကြောင်း လေ့လာသိရှိခဲ့ရသည်။

**မြောင်ဇီးတို့ရိုးရာဓလေ့ပွဲများနှင့် ယုံကြည်ကိုးကွယ်မှု**

မြောင်ဇီးတို့သည် အများအားဖြင့် နတ်ကိုးကွယ်ကြပြီး ခရစ်ယာန်ဘာသာကိုးကွယ်ကြသူများလည်း ရှိကြသည်။ နှစ်သစ်ကူးပွဲတော်၊ လမင်းတင်ပွဲတော်၊ ကောက်ညှင်းထုပ်ပွဲနှင့် သင်္ချိုင်းပူဇော်ပွဲများ ကျင်းပလေ့ရှိသည်။ ကိုးကန့်အမျိုးသားတို့၏ ပွဲတော်များကဲ့သို့ အလားတူပွဲတော်များကို မြောင်ဇီးတို့ ကျင်းပလေ့ရှိကြသည်ဟု ၎င်းတို့ကဆိုသည်။

သင်္ချိုင်းပူဇော်ပွဲသည် မြောင်ဇီးလူမျိုးစု၏ အခြားတိုင်းရင်းသားလူမျိုးများနှင့်မတူ တစ်မူထူးခြားသောပွဲဟု သတ်မှတ်ထားကြသည်။ ထိုပွဲကျင်းပမည့်အချိန်ရောက်လျှင် သင်္ချိုင်းကို အရေးတယူပြုပြင်ထားရသည်။

အချိန်အခါအားလျော်စွာ သုသာန်ရှိ အဘိုး၊ အဘွား၊ ဆွေမျိုးများကို ပူဇော်ကန်တော့ရသည့်ပွဲဖြစ်ကြောင်း မြောင်ဇီးတို့က ပြောကြားသည်။ ထိုသို့ပူဇော်ပွဲတွင် အစားအသောက်၊ အသား၊ ငါး၊ ထမင်း၊ ဟင်းလျာများကို ချက်ပြုတ်၍ သုသာန်သို့ သယ်ဆောင်သွားကြရပြီး ပွဲတော်တင်လှူပူဇော်ပြီးသော် အစားအစာများကို အိမ်သို့ယူဆောင်စားသောက်လေ့ရှိကြသည်။

ငွေကြေးတတ်နိုင်သော မြောင်ဇီးလူမျိုးတို့၏ အသုဘတွင် နွားသတ်၍ ကျွေးမွေးရသည်။ အသုဘကို လူငယ်များသာ သင်္ချိုင်းသို့ ထမ်းပို့ကြရသည်။



ပထမအကြိမ် ရှမ်းတိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော် (တောင်ကြီးမြို့)၌ မြောင်ဇီးတို့၏ ရိုးရာတူရိယာဖြင့် ဖျော်ဖြေစဉ်။

အခြားသူများ မပို့ကြရ။ အိမ်ထောင်စုတစ်စုစီအတွက် သီးသန့်သင်္ချိုင်းတစ်ခုစီထားရှိကာ မိသားစုအလိုက် အလောင်းကို သင်္ဂြိုဟ်ကြရကြောင်း သိရသည်။

**မြောင်ဇီးတို့၏ အိမ်ထောင်ပြုမှုနှင့် သဘောသဘာဝများ**

မြောင်ဇီးအမျိုးသား လူပျိုများသည် အပျိုအိမ်သို့ သွားလေ့သွားထမရှိ။ တောင်ပေါ်ယာတောခင်းများသို့ သွားရောက်ပြီး ကာလသားလှည့် စကားဆိုလေ့ရှိကြသည်။ ကာလသမီးပျိုတို့၏ မိဘများက စည်းကမ်းကြီးကြသည်။ တစ်နည်းအားဖြင့် မြောင်ဇီးသမီးပျို မိဘများသည် လွန်စွာစည်းကမ်းတင်းကျပ်လေ့ရှိကြသည်ဟုဆိုသည်။ နှစ်ဦးမေတ္တာမျှကြလျှင် လူကြီးစုံရာဖြင့် သတို့သမီး၏မိဘထံ တောင်းယူ လက်ထပ်ခြင်းပြုကြသည်မှာ မြောင်ဇီးလူမျိုးတို့၏ ရှေးအစဉ်အလာမပျက်သည့် ရိုးရာသဘာဝဓလေ့ထုံးစံတစ်ခုဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ မြောင်ဇီးအပျို မိဘများထံသို့ အောင်သွယ်မှတစ်ဆင့် နားဖောက်စေရသည်။ မိဘများက သဘောတူလျှင် သတို့သားဘက်မှ နွားနှစ်ကောင်၊ ငွေကျပ် ၈၀ တင်တောင်းရသည်။

အပြည့်မပေးနိုင်သေးပါက လက်ထပ်ပြီးမှ တဖြည်းဖြည်းပေးဆပ်နိုင်သည်။ ငွေကြေးမတတ်နိုင်လျှင် လူကြီးနှစ်ဦး၊ သုံးဦးကို ခေါ်၍ ကျွေးမွေးဧည့်ခံခြင်းဖြင့် ပြီးစီးနိုင်သည်။ တတ်နိုင်လျှင် တစ်ရွာလုံးဖိတ်ခေါ် ကျွေးမွေးရသည်။ အဝတ်အစားများကို လက်ဖွဲ့ကြပြီး ဆွေမျိုးနည်းရာဘက်သို့ လိုက်နေကြကြောင်း လေ့လာမှတ်သားရပါသည်။

မြောင်ဇီးအမျိုးသမီးတို့သည် အိမ်ထောင်ပြုပြီးနောက် ကိုးလအထိ ကိုယ်ဝန်ဆောင်သော်မှ မွေးဖွားလာခြင်းမရှိလျှင် ဆေးစား၍ သားဖျက်ချကြရကြောင်း၊ သားသမီးမွေးဖွားသော အမျိုးသမီးများကို မြတ်သည်ဟု ယူဆကြကြောင်း၊ အမြုံအမျိုးသမီးတို့ မျက်နှာငယ်ရကြောင်း၊ မွေးဖွားစဉ် မီးလှုံခြင်းမပြုကြောင်း၊ ကလေးမွေးဖွားပြီးပါက အိပ်ရာခန်းကောင်းမွန်စွာပြင်ဆင်ကာ နားနေရကြောင်း၊ မီးတွင်း၌ ထမင်းအပျော့ကိုသာ ချက်၍ ကြက်ဥ၊ ကြက်သားများကို ငရုတ်ကောင်းနှင့် ပြုတ်စားရကြောင်း၊ မီးတွင်းကာလ တစ်လနေချိန်တွင် ကလေးမွေးဖွားပြီးနောက် ၁၅ ရက်အကြာတွင်မှသာ ရေချိုးရပါကြောင်း၊ ရေချိုးရာတွင် ဆေးများနှင့် ရောစပ်ပေါင်းထားသော ရေနွေးငွေ့ပေါင်းအိုးဖြင့် ချွေးအောင်းပေးရပါကြောင်း၊ အထူးသဖြင့် အိမ်ထောင်ပြုပြီး မြောင်ဇီးအမျိုးသမီးများသည် သားသမီးမဖြစ်ထွန်းခဲ့လျှင်သော် လည်းကောင်း၊ သားယောကျ်ားလေးမမွေးဖွားလျှင်သော်လည်းကောင်း နောက်ထပ် လက်ထပ်နိုင်ခွင့်ရှိကြောင်း၊ ဇနီးသည် အမျိုးသမီးများကို အတူတကွ နေထိုင်စေလေ့ရှိကြပြီး သားယောကျ်ားလေးသည်သာလျှင် ဖခင်၏အမျိုးအနွယ်ကို ဆက်ပေးသူဖြစ်သည်ဟု မြောင်ဇီးတိုင်းရင်းသားလူမျိုးစုတို့က ရှေးအခါသမယကာလများစွာမှပင် ယုံကြည်လာခဲ့ကြကြောင်း မြောင်ဇီးလူမျိုးတို့၏ အိမ်ထောင်မှုပြုခြင်း သဘောသဘာဝနှင့် ရိုးရာဓလေ့အကြောင်းများအား ဗဟုသုတအဖြစ် လေ့လာသိရှိရသည်။

အချုပ်အားဖြင့် မုံလူမျိုး (ခေါ်) မြောင်ဇီးတိုင်းရင်းသားလူမျိုးစုတို့သည် ရှေးနှစ်ပေါင်းများစွာမှသည် ယနေ့မျက်မှောက်ခေတ်ကာလတိုင်အောင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်အတွင်းရှိ ဒေသများတွင်သာမက ကွမ်းလုံနယ်ခြားခရိုင် ဟိုပန်မြို့အနီး ဗိုလ်မှူးအောင် စံပြရွာပတ်ဝန်းကျင်ဒေသတို့တွင်လည်း မြောင်ဇီးရွာများအဖြစ် တည်ရှိလျက် အဆိုပါ မြောင်ဇီးကျေးရွာများမှ မြောင်ဇီးကလေးသူငယ်များသည် နိုင်ငံတော်အစိုးရမူလတန်းကျောင်းများ၌ စိတ်ပါဝင်စားစွာဖြင့် ပညာသင်ကြားလျက်ရှိကြပြီး မြောင်ဇီးစာပေ၊ မြောင်ဇီးစကားတို့အပြင် မြန်မာစာ၊ မြန်မာစကားတို့ကိုလည်း တတ်ကျွမ်းတိုးတက်လာခဲ့ကြသူများအဖြစ် ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်သော မုံလူမျိုး (ခေါ်) မြောင်ဇီးတိုင်းရင်းသားလူမျိုးစုများအကြောင်း တစေ့တစောင်းကို ဗဟုသုတဖြစ်စေရန်ရည်ရွယ်လျက် ရေးသားဖော်ပြလိုက်ရပါသည်။

▲▲▲



ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

အထူးကဏ္ဍ [ ယ ] မှ »»»

### ရှာလ်ဆောမ်းပွဲတော် (လောမ်းအနှံ့နှံပွဲတော်)

တောင်ယာသီးနှံများ မျိုးစေ့ချကြပြီးဆုံးချိန်ဖြစ်သော မတ်လ (သို့) ဧပြီလများတွင် ကျင်းပသောပွဲတော်ဖြစ်သည်။ ရာသီဥတုကောင်းမွန်ရန်၊ တောင်ယာသီးနှံများကောင်းစွာပေါက်ရောက်ပြီး အောင်မြင်ဖြစ်ထွန်းစေရန်နှင့် တစ်ရွာလုံး ကျန်းမာချမ်းသာ ပျော်ရွှင်စေရန် တွာလ်ယဇ် (ရွာဘုံစောင့်နတ်) ပူဇော်ပသသည့်ပွဲဖြစ်သည်။

ရွာရှိအိမ်တိုင်းတွင် ခေါင်ရည် အနည်းငယ်စီစုပြီး ရွာရှိနတ်ဆရာအဖွဲ့သည် တွာလ်၌ ရွာဘုံနတ်ကို ဝက်တစ်ကောင်ဖြင့် သွားရောက်ပူဇော်ကာ ခေါင်ရည်များကို သောက်သုံးကြသည်။ ထိုနေ့တွင် နတ်ဆရာနှင့်အဖွဲ့မှအပ မည်သူမျှ နတ်ကွင်း(တွာလ်)ကို ဖြတ်သန်းခွင့်မပြုချေ။

တွာလ်ယဇ်ပူဇော်ပြီးနောက်တစ်နေ့တွင် ဥပုသ်စောင့်ရင်း ရှာလ်ဆောမ်းပွဲပြုလုပ်သည်။ ပွဲတော်နေ့သည် ဥပုသ်စောင့်သောနေ့ဖြစ်၍ ဗုံ၊ မောင်းစသည်တို့ကို မတီးရပါ။ အကြောင်းမှာ မောင်းတီးလိုက်ပါက လေမုန်တိုင်းကျရောက်တတ်ပြီး အိမ်အဆောက်အအုံများ အပျက်အစီးများတတ်သည်ဟု ယုံကြည်ယူဆသောကြောင့်ဖြစ်သည်။ ပွဲတော်ရက်တွင် တောင်ယာသွားခြင်း၊ မြေတူးခြင်း၊ ပေါင်းပင်နုတ်ခြင်းတို့ကို ရှောင်ကြဉ်သည်။ ရွာထဲသို့ လူစိမ်းမဝင်ရန် ရွာအဝင်လမ်းဘေးတိုင်းတွင် အချက်ပြသစ်ကိုင်းသစ်ရွက်များ ချိတ်ဆွဲသည်။

ပွဲတော်၏နောက်တစ်နေ့တွင် ယောက်ျားများ တောကောင်ဖမ်းရန် တောလည်ထွက်သွားကြသည်ကို ဆောင်ဘိန်းဟု ခေါ်သည်။ ယင်းနေ့တွင် တောကောင်ဖမ်းဆီးရမိသူသည် အလွန်နာမည်ကြီးပြီး ချီးမွမ်းခြင်းခံရသည်။

ဆောင်ဘိန်းထွက်ပြီး သားကောင်ဖမ်းမိပါက ယင်းနှစ်တွင် ကံကြမ္မာကောင်းမည်၊ မကောင်းဆိုးဝါးကျရောက်မည်ကို ဤတောကောင်ဖြင့် အစားထိုးလိုက်ပြီဟု အယူအဆရှိသဖြင့် ဝမ်းသာပျော်ရွှင်ကြသည်။ ပျော်ပွဲ၊ ကပွဲများပြုလုပ်ကြသည်။

ဤပွဲတော်ကျင်းပသည့်ရက်သည် တစ်နှစ်နှင့်တစ်နှစ် မတူနိုင်ချေ။ မိုးဦးစောခြင်း၊ နောက်ကျခြင်းအပေါ်မူတည်၍ မျိုးစေ့ချကြသဖြင့် မျိုးစေ့ချပြီးချိန် တစ်နှစ်နှင့်တစ်နှစ် မတူပါ။ တောင်ယာတွင် မျိုးစေ့ချပြီးဆုံးသွားသည်နှင့် တစ်ပြိုင်နက် ရှာလ်ဆောမ်းပွဲကို ကျင်းပကြသည်။

### တွန့်ပွဲတော် (Ton Festival)

ချင်းရိုးရာဓလေ့အရ ဖူးနူန်းပွဲတော် ကျင်းပပြီးမှသာ တွန့်ပွဲတော် ကျင်းပခွင့်ရှိသည်။ လင်မယားနှစ်ဦးစလုံး အသက်ရှိစဉ်ကာလတွင်သာ ကျင်းပနိုင်သည်။ လင်မယားတစ်ဦးတစ်ယောက် ကွယ်လွန်ခဲ့သော် မည်မျှပင်ကြွယ်ဝချမ်းသာစေကာမူ တွန့်ပွဲတော်ကျင်းပပိုင်ခွင့်မရှိပေ။ အကြောင်းမှာ မေတ္တာနှင့်သစ္စာတရားရှေ့ထားပြီး နောက်နောင်ကာလနှင့် တမလွန်ဘဝကောင်းကင်ဘုံ၌ပါ သူတို့၏ဝိညာဉ် အတူပေါင်းသင်းနေထိုင်နိုင်ရန် သစ္စာတရားရှေ့ထားပြီး သစ္စာအဓိဋ္ဌာန်ပြုကြသည့်ပွဲဖြစ်သောကြောင့်ဖြစ်သည်။ ပွဲပြုလုပ်ပြီးနောက် လင်မယားတစ်ဦးတစ်ယောက် ကွယ်လွန်ခဲ့သော် ကျန်ရစ်သူသည် သစ္စာအဓိဋ္ဌာန်ပြုသည့်အတိုင်း နောက်ထပ်အိမ်ထောင်မပြုရတော့ပေ။

တွန့်ပွဲတော်သည် မိမိ၏ကြွယ်ဝချမ်းသာမှုကို ဂုဏ်ယူကျင်းပသည့် ဂုဏ်သိက္ခာမြင့်တင်ပေးသော လူမှုရေးပွဲတော်ဖြစ်သည်။ တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ်ရှိ ချင်းလူမျိုးတို့၏ ရိုးရာပွဲတော်များအနက် ဂုဏ်သိက္ခာအမြင့်ဆုံးပွဲတော်ဖြစ်သည်။ တွန့်ပွဲတော်ကျင်းပနိုင်သူများကို ဂုဏ်ကျက်သရေရှိသူအဖြစ် ကြည်ညိုလေးစားကြသည်။ တွန့်ပွဲတော်သည် လူမှုရေးရာ ဂုဏ်သိက္ခာတင်ပွဲဖြစ်ရာ ပွဲကျင်းပနိုင်သည့်သူရှိမှသာ ပြုလုပ်ရသည်။ အများအားဖြင့် ရာသီဥတုသာယာသည့် ဆောင်းရာသီကာလများတွင် ကျင်းပလေ့ရှိသည်။ တွန့်ပွဲတော်ကို ခေါင်ရည်များ၊ စားသောက်ပွဲများ၊ အတီးအမှုတ်၊ အဆိုအကများဖြင့် ခုနစ်ရက်ကြာကြီးကျယ်ခမ်းနားစွာကျင်းပသည်။ ရဲရဲတောက်နေသော မီးပုံ၊ မီးခဲပေါ်နင်း၍ ကသည့်အကမှာ ထူးခြားသည်။ တွန့်ပွဲတော်ကျင်းပရာတွင် ယဉ်ကျေးမှုဓလေ့ထုံးစံအရ ဆွေမျိုးစုအကြီးအကဲ (Tulpipa)၏ သဘောတူခွင့်ပြုချက်နှင့် ဆွေမျိုးများ၏ သဘောတူထောက်ခံမှုရှိမှသာ ပွဲတော်ကျင်းပနိုင်သည်။ ပွဲတော်တွင် ရိုးရာဓလေ့ အစဉ်အလာနှင့်အညီ ဆွေမျိုးဉာတိများကလည်း ကျရာတာဝန်ဝတ္တရားများကို ကျေပွန်အောင် တာဝန်ယူဆောင်ရွက်ပေးကြရသည်။ သို့ဖြစ်ရာ တွန့်ပွဲတော်သည် တစ်ဦးတစ်ယောက်တည်း၏ဆန္ဒဖြင့် မကျင်းပနိုင်ဘဲ တစ်ဆွေမျိုးလုံးညီညွတ်၍ သဘောတူမှသာ ကျင်းပနိုင်သောပွဲဖြစ်ရာ စည်းလုံးညီညွတ်မှုကို ထင်ဟပ်စေသော ရိုးရာပွဲတော်ဖြစ်သည်။ တွန့်ပွဲတော်ကျင်းပသည့်အိမ်ရှင်၏ အိမ်ရှေ့ကွင်းပြင်တွင် ပွဲတော်၌ အသုံးပြုသည့် နွားနောက်ကောင် အရေအတွက်အတိုင်း Songpost ခေါ် လင်မယားသစ္စာအဓိဋ္ဌာန်ပြုတိုင်များကို စိုက်ထားသည်။ တွန့်ပွဲတော်ကို နှစ်ကြိမ်ထက်ပို၍ ကျင်းပနိုင်သောသူများကို သာရှာလ်ကုပ်ဂိုး (Sialkopgo) ဟုခေါ်ပြီး ဇိုမီးတို့၏ ဂုဏ်ပကာသနယှဉ်ပြိုင်မှုတွင် အဆင့်မြင့်ဆုံး၊ အထွတ်အထိပ်သို့ရောက်ရှိခြင်း ဖြစ်သည်။

> **ချင်းတိုင်းရင်းသားများသည် နေရာဒေသကွဲပြားခြားနားစွာ နေထိုင်ကြသော်လည်း သွေးစည်းချစ်ခင်မှုများရှိကြသည်။ ရဲစွမ်းသတ္တိရှိသော လူမျိုးလည်းဖြစ်သည်။ ချင်းတိုင်းရင်းသားတို့သည် အင်္ဂလိပ်နယ်ချဲ့ကို တော်လှန်တိုက်ခိုက်ခဲ့သော လူမျိုးများဖြစ်သကဲ့သို့ ရိုးရာယဉ်ကျေးမှုကိုလည်း အသက်တမျှ မြတ်နိုးထိန်းသိမ်းလိုက်နာသော လူမျိုးများဖြစ်သည်။**

ချင်းတိုင်းရင်းသားများသည် နေရာဒေသကွဲပြားခြားနားစွာ နေထိုင်ကြသော်လည်း သွေးစည်းချစ်ခင်မှုများရှိကြသည်။ ရဲစွမ်းသတ္တိရှိသော လူမျိုးလည်းဖြစ်သည်။ ချင်းတိုင်းရင်းသားတို့သည် အင်္ဂလိပ်နယ်ချဲ့ကို တော်လှန်တိုက်ခိုက်ခဲ့သော လူမျိုးများဖြစ်သကဲ့သို့ ရိုးရာယဉ်ကျေးမှုကိုလည်း အသက်တမျှ မြတ်နိုးထိန်းသိမ်းလိုက်နာသော လူမျိုးများဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများကို မြှင့်တင်ဆောင်ရွက်ပေးနေသဖြင့် ချင်းပြည်နယ်သို့ အလည်တစ်ခေါက်ရောက်ရှိပါက ချင်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများကို လေ့လာသင့်ကြောင်း အကြံပြုလိုပါသည်။

ချင်းတိုင်းရင်းသားတို့သည် ရိုးရာပွဲတော်များတွင် ရွာလုံးကျွတ်၊ မြို့လုံးကျွတ် ပါဝင်ဆင်နွှဲလေ့ရှိကြသည့်အပြင် လူမှုရေး၊ သာရေး၊ နာရေးကိစ္စများတွင်လည်း အားတက်သရောပါဝင်ဆောင်ရွက်လေ့ရှိကြသည်။ ချစ်ခြင်းမေတ္တာတရား၊ သစ္စာတရားကို အဓိကအလေးထားကြသည်။ အောက်ချင်းငှက်သည် ချင်းတိုင်းရင်းသားတို့၏ သင်္ကေတအမှတ်အသားတစ်ခုဖြစ်သည်။ တိုင်းရင်းသားယဉ်ကျေးမှုကိုလည်း သားစဉ်မြေးဆက်များသို့ လက်ဆင့်ကမ်း ထိန်းသိမ်းသော လူမျိုးတစ်မျိုးလည်း ဖြစ်ပေသည်။

မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအသီးသီးတို့သည် ရပ်ရွာအတွင်း လူတိုင်းဝမ်းစာဖူလုံရေးအတွက်လည်းကောင်း၊ ရွာလုံးကျွတ် ဝမ်းမြောက်ပျော်ရွှင်ခြင်း၊ ရပ်ရွာအတွင်း စည်းလုံးညီညွတ်မှု တည်မြဲစေရန်အတွက်လည်းကောင်း၊ ကခုန်သီဆိုကြသော အစဉ်အလာများရှိကြပေသည်။ ချင်းတိုင်းရင်းသားတို့၏ ရိုးရာပွဲတော်များသည် ပြည်ထောင်စု၏ ရိုးရာအလှပန်းတစ်ပွင့်အဖြစ် တည်ရှိ စိတ်ဝင်စားဖွယ်ကောင်းလှသည်မှာ အမှန်ပင်ဖြစ်ပေတော့သည်။

▲▲▲






## ရွှေဖီလက်ဖက်မြို့တော် နမ့်ဆန်

ရွှေဖီလက်ဖက်မြို့တော်ဟု တင်စားခေါ်ဆိုရမည့် နမ့်ဆန်မြို့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် တည်ရှိသည်။ နမ့်ဆန်ဆိုသည်မှာ ရှမ်းဘာသာစကားဖြစ်ပြီး နမ့် (ရေ)၊ ဆန် (တုန်သည်) ရေတုန်လှုပ်သောမြို့ဟု အဓိပ္ပာယ်ရသည်။ မြို့ကိုစတင်တည်စဉ်က မြို့ပန္နက်ရိုက်ရာတွင် ရေတုန်လှုပ်သွားခြင်းကိုအကြောင်းပြု၍ နမ့်ဆန်ဟု အမည်တွင်ခဲ့ကြောင်း သိရသည်။

နမ့်ဆန်မြို့နယ်၏ အကျယ်အဝန်းမှာ ၅၅၇ ဒသမ ၅၈ စတုရန်းပေရှိပြီး ရပ်ကွက်ခြောက်ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၆ စု၊ ကျေးရွာပေါင်း ၁၂၃ ရွာဖြင့် ဖွဲ့စည်းထားသည်။ နမ့်ဆန်မြို့နယ်တွင် အိမ်ထောင်စုပေါင်း ၁၂၈၇၅ စုရှိပြီး လူဦးရေစုစုပေါင်း ၇၃၆၁၉ ဦး နေထိုင်ကြသည်။ နမ့်ဆန်ဒေသခံအများစု မှာ ပလောင်(တအာင်း) တိုင်းရင်းသားများဖြစ်ကြပြီး လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းကို အဓိကလုပ်ကိုင်လာခဲ့ကြသည်။

နမ့်ဆန်မြို့မှာ ပင်လယ်ရေမျက်နှာပြင်အထက် ၅၃၂၂ ပေ၌ တည်ရှိသည်။အမြဲအေးမြသော ရာသီဥတုရှိပြီး လှပသည့် တောင်ကုန်းတောင်တန်းများ ဝန်းရံဖြစ်တည်လျက်ရှိသည်။ အတက်အဆင်း၊ အကွေ့အကောက်များသည်။ တောင်စဉ်တောင်တန်းများပေါ်၌ လက်ဖက်ပင်များစိုက်ပျိုးထားသည်မှာ အစီအရီပင်။ ထို့ကြောင့် ရွှေဖီတောင်တန်းများဟုလည်း တင်စားသုံးစွဲခဲ့ကြသည်။ လက်ဖက်စိုက်ပျိုးထုတ်လုပ်ရေးမှာ ပလောင်တိုင်းရင်းသားတို့၏ အဓိက အသက်သွေးကြောပင်ဖြစ်သည်။ ဒေသခံ ပလောင် (တအာင်း)တိုင်းရင်းသား တိုင်းရင်းသူတိုင်း လက်ဖက်ပင်ကို မြတ်နိုးတန်ဖိုးထားတတ်ကြသည်။ ခေတ်ပညာတတ် ပလောင်အမျိုးသမီးလေးများပင်ဖြစ်စေ လက်ဖက်ခူးတတ်သည်။ သူတို့၏ လက်ဖက်ပင်၊ လက်ဖက်ခင်းများ၌ ယမ်းနံ့ကင်းစင်၍ ရွှေဖီရနံ့များကိုသာ သင်းပျံ့စေချင်ကြသည်။ အခြားပြည်ထောင်စုသားချင်းညီအစ်ကို မောင်နှမများနည်းတူ ငြိမ်းချမ်းရေးပန်းခင်းများ ရှင်သန်ခိုင်မြဲသွားစေလိုကြသည်။

ဒေသခံပြည်သူများနှင့် လူငယ်များကရင်တွင်းခံစားချက်များကိုလည်း ဖွင့်ဟလိုကြသည်။ ပွင့်လင်းမြင်သာစွာ အမြင်ချင်းဖလှယ်ချင်ကြသည်။ ထိုလိုအပ်ချက်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လူငယ်နှင့် ဘက်စုံဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk)ကို မြို့နယ်ခန်းမဆောင်၌ ကျင်းပ၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သည်။ ဒေသဦးစီးအဖွဲ့၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းများနှင့် စာပေယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသားလူငယ်များကို ဖိတ်ကြားခဲ့သည်။ ပြည်သူ့စကားဝိုင်းတွင် ဒေသဦးစီးအဖွဲ့ အလုပ်အမှုဆောင်နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တို့က ဆွေးနွေးပြောကြားခဲ့သည်။

ပညာရေးဌာနကလည်း ပညာရေးကဏ္ဍအရေးကြီးပုံနှင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ပညာရေး၊ ဉာဏ်ရည်မြင့်မားလာစေရေးကို အလေးထား၍ ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ လူငယ်နှင့် ပရဟိတလုပ်ငန်းကဏ္ဍ၊ လက်ဖက်ဈေးကွက် အခြေအနေနှင့် လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုကို နိုင်ငံတကာစံချိန်မီ ထုတ်ကုန်အဖြစ် ထုတ်လုပ်သွားနိုင်ရန် အဓိကလိုအပ်ချက်များအတွက် ဦးဆောင်၍ ဆွေးနွေးခဲ့ကြသည်။ တက်ရောက်လာကြသည့် ဒေသခံပြည်သူများနှင့် လူငယ်များကလည်း ကဏ္ဍစုံမှမေးမြန်းခဲ့ကြသည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသအတွင်း ငြိမ်းချမ်းရေး ရရှိတည်မြဲရေးတို့ကိုလည်း အဓိကထားမေးမြန်းခဲ့ကြသည်။

အချို့ကလည်း ပြည်သူကိုဗဟိုပြုသည့် ဒီမိုကရေစီခေတ်ဟု ပြောဆိုနေကြသော်လည်း ဘာကြောင့် ပြည်သူ့စကားကို နားမထောင်တာလဲဟု မိမိအမြင်ကိုပါ ပွင့်လင်းစွာမေးမြန်းခဲ့သည်။ မေးမြန်းချက်များကိုလည်း တာဝန်ရှိသူများက ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးဖြေကြားပေးခဲ့သည်။

ပြည်သူ့စကားဝိုင်းမှ ထွက်ပေါ်လာသော စကားသံများမှာ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေး၊ လူမှုရေး၊ ပညာရေးကဏ္ဍများ မြင့်မားကောင်းမွန်ရန် အပြုသဘောဆောင်နေပြီး ရွှေဖီမြေရွှေဖီတောင်တန်းတစ်ခွင်တွင် ငြိမ်းချမ်းရေးပန်းများ ဖူးပွင့်ရှင်သန်စေရေးအတွက်ပါ ဦးတည်လျက်ရှိနေသည်ဟု သုံးသပ်မိပါသည်။။

**သီပေါကိုလတ်**

# ချင်းတိုင်းရင်းသားတို့၏ ချစ်မြတ်နိုးဖွယ် ရိုးရာပွဲတော်များ

**● မင်းလပြည့်**



ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် တိုင်းရင်းသား စုဝေးနေထိုင်သော နိုင်ငံဖြစ်သည်။ တိုင်းရင်းသားများတွင် ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုများ ကိုယ်စီရှိကြသည်။ ၎င်းတို့အနက် ချင်းလူမျိုး၊ ချင်းတိုင်းရင်းသားတို့၏ ရိုးရာအကပွဲတော်များအနက် လူသိနည်းပါးသော ရိုးရာပွဲတော်များလည်း ရှိသည်။ ချင်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်မြောက်ဘက်တွင်ရှိပြီး တိုင်းရင်းသားပေါင်းစုံ စုဝေးနေထိုင်သော ပြည်နယ်တစ်ခုဖြစ်သည်။ ချင်းပြည်နယ်တွင် ပေ ၅၀၀၀ မှ ပေ ၁၀၀၀၀ ကျော်မြင့်သော တောင်တန်းများရှိပြီး ချင်းတိုင်းရင်းသား မျိုးနွယ်စုများမှာ နေရာအနှံ့အပြား၌ နေထိုင်လျက်ရှိသည်။ ချင်းတိုင်းရင်းသားလူမျိုး မျိုးနွယ်စုများမှာ ချင်း၊ မယ်တိုင်(ကသဲ)၊ ဆလိုင်း၊ ကလင်ကော(လုရှေ)၊ ခမီ၊ အောင်ခမီ၊ ခေါနိုး၊ ခေါင်စိုးခေါင်ဆိုင်ချင်း၊ နွာလ်ဆင်းမ်၊ ခွန်လီ(ဆင်မ်)၊ ဂန်တဲ၊ ဂွေးတဲ၊ ငွန်း၊ ဆိဇန်၊ ဆင်ထန်၊ ဆိုင်းဇန်၊ ဇာဟောင်၊ ဇိုတုံး၊ ဇိုဖေ၊ ဇို၊ ဇန်ညပ်၊ တပေါင်၊ တီးတိန်(တဲဒင်မ်)၊ တေဇန်၊ တိုင်ချွန်း၊ ထာ့ဒို၊ ထောရ်ဒင်မ်၊ ဒိုင်(ယင်ဒူး)၊ နာဂ၊ တန်ခူး၊ မာရင်၊ ပနမ်း၊ မကန်း၊ မတူ၊ မိရမ်(မရာ)၊ မိအဲ၊ မွင်း၊ လူရှိုင်း(လူရှည်)၊ လေးမြို့၊ လင်တဲ၊ လောက်တူ၊ လိုင်၊ လိုင်ဇို၊ ဝါကင်းမ်(မရို)၊ ဟွာလ်ငို၊ အနူး၊ အနန်၊ အူးပူ၊ လျှင်းကု၊ အရှိုချင်း(မြေပြန့်)၊ ရောင်တူ စသည့် စုစုပေါင်း ၅၃ မျိုးနွယ်ရှိကြောင်း သိရသည်။ ချင်းလူမျိုးများတွင် ကွဲပြားခြားနားသည့် ရိုးရာဓလေ့၊ ပွဲလမ်းသဘင်အမျိုးမျိုးရှိသည်။ ရာသီပွဲတော်နှင့် အခြားပွဲတော်ဟူ၍ အဓိက နှစ်မျိုးခွဲခြားနိုင်သည်။ ရာသီပွဲတော်ကို နှစ်စဉ်ရာသီပွဲတော်အချိန်ကျရောက်လျှင် ကျင်းပပြီး အခြားပွဲတော်များ (ပုဂ္ဂလိကဆိုင်ရာပွဲတော်များ)ကို ကျင်းပမည့်ပုဂ္ဂိုလ်ရှိမှသာ ကျင်းပလေ့ရှိသည်။ ချင်းလူမျိုးတို့၏ ရိုးရာပွဲတော်များအနက် ကောက်သစ်စားပွဲ၊ ဝက်စားပွဲ၊ အိမ်သစ်တက်ပွဲ၊ လုံယူပွဲ၊ ကုမ်စီပွဲ၊ ဆပ်ဆံတင်းရာပြည့်အောင်ပွဲ၊ တွန့်ပွဲတော်၊ ခွါဒိုပွဲ(ခေါ်)နှစ်သစ်ကူးပွဲ၊ ခွါနိကြွဲပွဲတော်၊ နွားစားပွဲ၊ ဟင်းသစ်စားပွဲ၊ တအိုင်စားပွဲ၊ ရှာလ်ဆောင်းမ်ပွဲ (ခေါ်) လောင်မ်းအနှံ့နခ်ပွဲ၊ ရန်သူအောင်ပွဲ၊ သားရဲတိရစ္ဆာန်ရအောင်ပွဲ၊ ဆင်အောင်ပွဲ၊ ကျားအောင်ပွဲ စသည်ဖြင့် ပွဲလမ်းသဘင်အမျိုးမျိုးဖြင့် ဆင်နွဲကျင်းပလေ့ရှိသည်။

ချင်းရိုးရာပွဲတော်များအနက် ခွါနိကြွဲပွဲတော် (Khuangcawi Festival)၊ ရှာလ်ဆောမ်းပွဲတော် (လောမ်းအနှံ့နခ်ပွဲတော်)၊ တွန့်ပွဲတော် (Ton Festival)တို့သည်လည်း စိတ်ဝင်စားဖွယ်ကောင်းသော ပွဲတော်များဖြစ်သည်။

## ခွါနိကြွဲပွဲတော် (Khuangcawi Festival)

ခွါနိကြွဲပွဲတော်ကို ဟားခါးမြို့နယ်နှင့် ထန်တလန်မြို့နယ်ရှိ ချင်းလူမျိုးတို့၏ အကြီးကျယ်ဆုံးသော ဂုဏ်တုဂုဏ်ပြိုင် ပွဲတော်ဖြစ်သည်။ ပွဲတော်မှာ ခုနစ်ရက်ခန့်ကြာပြီး ပွဲပြုလုပ်သူအိမ်ရှင်၏ တတ်နိုင်သည့် အတိုင်းအတာဖြင့် နွားနောက်ငါးကောင်မှ အကောင် ၂၀ အထိ အကုန်ကျခံကျွေးမွေးလေ့ရှိသည်။

ခွါနိကြွဲပွဲတော်ကို ရိုးရာဓလေ့များအရ နတ်ပွဲငယ်များကို အစဉ်လိုက်အားလုံးကျင်းပပြီးမှသာ နောက်ဆုံးကျင်းပသည့် အဆင့်အမြင့်ဆုံးပွဲတော်ဖြစ်သည်။ ခွါနိကြွဲပွဲကို တတ်နိုင်ပါက အကြိမ်အကန့်အသတ်မရှိ ကျင်းပနိုင်သည်။ ပွဲတော်ကျင်းပသူအိမ်ရှင်အား ဆွေမျိုးမိတ်ဆွေများကလည်း ဝိုင်းဝန်းကူညီကြသည်။

ပထမနေ့သည် ဆွေမျိုးဉာတိများ ဖိတ်သောနေ့ဖြစ်သည်။ ဒုတိယနေ့သည် နယ်မှဧည့်သည်များ ရောက်သောနေ့ဖြစ်သည်။ တတိယနေ့သည် နွားနောက်သတ်သောနေ့ ဖြစ်သည်။ လက်ရွေးစင်အကအဖွဲ့များအား ကျွေးမွေးပြီးမှ အခြားဧည့်သည်များကို ကျွေးရသည်။ လေးရက်မြောက်သောနေ့သည် နွားနောက်သားစားသောနေ့ဖြစ်သည်။ ပွဲရှင်၏ဇနီးအား ထမ်းတင်ရန် ခေါင် ခေါ် သစ်သားထမ်းစင် လှပစွာပြုလုပ်ထားသည်။ ငါးရက်မြောက်နေ့သည် ခွါနိကြွဲပွဲနေ့ဖြစ်သည်။ ပွဲရှင်၏ဇနီးသည် တံခါး၌ ထမ်းစင်ပေါ်ရပ်လျက် အကအဖွဲ့ကို ခေါင်ရည်ဖြင့် ကြိုဆိုဧည့်ခံသည်။ ပွဲရှင်၏ဇနီးကို ထမ်းစင်ပေါ်တင်ပြီး မြောက်ချည်၊ နိမ့်ချည်ပြုလုပ်ကာ သီဆိုကခုန်ကြသည်။ အနားယူလိုက်၊ မြှောက်ပင့်လိုက်အား ခုနစ်ကြိမ်ပြည့်သောအခါ ခွါနိကြွဲပွဲပြီးဆုံး၍ ရပ်နားကြလေသည်။ ခွါနိကြွဲပွဲ အဆိုအကပြီးလျှင် နပမ်းလုံးယှဉ်ပြိုင်ကြသည်။ ဆဋ္ဌမနေ့သည် နွားနောက်ခေါင်းချသောနေ့ ဖြစ်သည်။ ပွဲ၌အသုံးပြုသည့် နွားနောက်များ၏ ဦးခေါင်းခွံများကို အိမ်ရှေ့နံရံပေါ်တွင် ချိတ်ဆွဲထားသည်။ ပွဲ၏ နောက်ဆုံးနေ့ဖြစ်သော သတ္တမမြောက်နေ့သည် ငါးဖမ်းထွက်သောနေ့ ဖြစ်သည်။ ဖမ်းလာသည့်ငါးထဲမှ အကြီးဆုံးငါး နှစ်ကောင်ကို မီးကင်ပြီး ပွဲရှင်ဇနီးမောင်နှံအား တစ်ကောင်စီ ကျွေးသည်။ ဤညတွင် အပျိုလူပျိုများသာ သီဆိုကခုန်ကြပြီး ညသန်းခေါင်အချိန်တွင်ရပ်နားကာ ခွါနိကြွဲပွဲ ပြီးဆုံးသွားလေသည်။

အထူးကဏ္ဍ [ ဂ ] သို့ »»»

## မော်လမြိုင် ရှမ်းငါးပေါင်း



ရှမ်းငါးပေါင်းဟင်းကို နာမည်သာကြားဖူးနေပေမယ့် တကယ်တမ်းစားဖူးသွားတာက မော်လမြိုင်က မိတ်ဆွေတစ်ဦးအိမ်မှာပါ။ အုန်းနို့နံ့လေးသင်းနေတဲ့ ငါးဆုပ်လိုဟင်းမျိုးမို့ မေးကြည့်တော့ ငါးဖယ်ခြစ်ကို အသားလုံးပြီး အုန်းနို့၊ ဟင်းခတ်အမွှေးအကြိုင်တွေနဲ့ ချက်ထားတာလို့ပြောပါတယ်။ ငါးဖယ်အစား ငါးကြင်း၊ ငါးတန်တို့လို အသားပေါ်တဲ့ငါးတွေနဲ့လည်း ချက်လို့ရပါသတဲ့။

ငါးအသားကိုခြစ်ပြီး ဆား၊ နနွင်း၊ ချင်း၊ စပါးလင်တို့နဲ့ရောကာ အသားမာသွားအောင် ထောင်းရပါတယ်။ ထောင်းပြီးသားငါးအသားကို အပြား (သို့မဟုတ်) အလုံးလုံးပြီး ခပ်ပျော့ပျော့အနေလေး ကြော်ရတယ်လို့ ပြောပါတယ်။ အကြော်နာလို့မာသွားရင် အရသာပျက်တယ်လို့ဆိုပါတယ်။ ဟင်းလှချင်ရင်တော့ ဂုံညင်းဒိုးပြား ခပ်ကြီးကြီးအရွယ်ကြော်ကာ ထက်ခြမ်းခြမ်းပြီး ချက်ရတယ်လို့ပြောပါတယ်။

ရှမ်းငါးပေါင်းဟင်းချက်လို့အကောင်းဆုံးက ငါးဖယ်ပါတဲ့။ ငါးဖယ်ခြစ်ကိုထောင်းရင် စေးပိုင်တဲ့သတ္တိရှိလို့ ငါးအသားကကျစ်ပြီး ဝါးလိုက်ရင် တထုတ်ထုတ်နဲ့ အရသာရှိလှပါတယ်။ ဥတုဘောဇနဆေးကျမ်းမှာလည်း ငါးဖယ်ရဲ့အကျိုးဂုဏ်ကို “ငါးဖယ်သည် ချိုဆိမ့်၏။ ကြေခဲ၏။ ဆူ၏။ သုက်ကိုပွားစေတတ်၏။ အားကိုဖြစ်စေ၏”လို့ ဖော်ပြပါရှိပါတယ်။ ငရုတ်၊ ကြက်သွန်ဖြူနီထောင်းပြီးသားအရောကို ကွပ်နေအောင် ဆီသတ်၊ ကြော်ပြီးသားငါးဖယ်ပြားများကို ထည့်မွှေပြီးတာနဲ့ အုန်းနို့ရည်လောင်းပြီး ချက်ရတာပါ။

အုန်းနို့ရည်ဆူလာရင် ကြက်သွန်နီဥကြီးနှစ်ဥလောက် အကွင်းလိုက်လှီးထည့် ဆီပြန် ရေကျန်လောက်အနေမှာ ငရုတ်သီးစိမ်းတောင့်ထက်ခြမ်းခွဲနဲ့ ရှမ်းနံနံ လက်တစ်ဆစ်လောက်ဖြတ်ပြီး အုပ်၊ အပေါ့ အငန်မြည်းပြီးရင်တော့ မီးဖိုမှချလို့ စားဖို့အဆင်သင့်ဖြစ်ပါပြီ။ စပါးလင်၊ ချင်း၊ ရှမ်းနံနံနဲ့ အုန်းနို့မွှေးမွှေးရနံ့တွေ ရောထွေးနေတဲ့ ရှမ်းငါးပေါင်းဟင်းက ထိုင်းဟင်းလျာဆန်လှပါတယ်။

မေးမြန်းကြည့်တော့ ထိုင်းလူမျိုးတွေကို မွန်ပြည်နယ်က တိုင်းရင်းသားတွေက ရှမ်းတွေလို့ ခေါ်ကြပါသတဲ့။ မွန်ပြည်နယ်နဲ့ ထိုင်းနိုင်ငံက နယ်နိမိတ်ချင်းမဝေးလှတာကြောင့် ယဉ်ကျေးမှုချင်း၊ ဘာသာအယူဝါဒချင်း ကူးလူးဆက်ဆံမှုရှိကြကာ အစားအသောက်ဟင်းလျာတွေ ချက်ပြုတ်တဲ့ပုံစံတွေလည်း နီးစပ်သွားတာဖြစ်မှာလို့ စဉ်းစားမိပါတယ်။ ရှမ်းငါးပေါင်းကို တချို့က အုန်းနို့ရည်ဆမ်းပြီး အုန်းဆီဥလေးတွေတက်လာသည်အထိ ဆီပြန်အောင်ချက်ကြတာမျိုးလည်းရှိတယ်လို့ ဆိုပါတယ်။ သို့ပေမယ့် အရေစပ်စပ်နဲ့ အခုလိုဆီပြန် ရေကျန်တဲ့ပုံစံကိုအကြိုက်များကြပါသတဲ့။ **စံလွင်(ငါးဦးစီး)**



